တပေါ်စ ဇတ် မင်္ဂလ မုတ္တမံ၊ မြိုးခြီစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ၂၀၀၃ ခုနှစ်၊ ဇွန် ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၀)၊ အမှတ်(၂၅၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈/၂၀၀၃)

၁၃၆၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ရက်
(၂၀၀၃ ခုနှစ်၊ ဇွန်လ ၁၆ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၁၅၏နောက်တွင် ပုဒ်မ ၁၅–က၊ ပုဒ်မ ၁၅–ခနှင့် ပုဒ်မ ၁၅–ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၁၅–က။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် အများသုံးမြေစာပစ်ရန်နေရာကို ရတနာနယ်မြေအတွင်း သတ်မှတ်နိုင်သည်။

၁၅–ခ။ ကျောက်မျက်ရတနာလုပ်ကွက်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းကဖြစ်စေ၊ ဖော်ထုတ်လုပ်ကွက်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ ရတနာနယ်မြေတွင် မိမိလုပ်ကွက်အတွင်း သို့မဟုတ် လုပ်ကွက်ပြင်ပ၌ လုပ်ငန်းဆိုင်ရာ ယာယီအဆောက်အအုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် တဲ၊ တန်းလျားများ ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ ယာဉ်၊ စက်ယန္တရား၊ ထုတ်လုပ်ပြီး ကျောက်ရိုင်းများနှင့် ဖြုန်းများထားရှိရန်အတွက်လည်းကောင်း၊ မြေစာဆေးကြောရန်၊ ကျောက်ထုခွဲရန်နှင့် မြေစာပစ်ရန်အတွက်လည်းကောင်း လုပ်ငန်းသုံးနေရာတစ်ခုခုကို အသုံးပြုလိုပါက ပါမစ်ရရှိရန် သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မိုးထစ်ချုန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၇၀ ဖြစ်သည်။

ယနေ့ထုတ်စောင်ရေ ၂၁၁၉၈၄

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Trevor David Wilson အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဩစတြေးလျနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Mr. Trevor David Wilson အား ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

ခေတ်မီလျှပ်စစ်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆကြိုးပမ်း ကျွမ်းကျင်စက်မှုပညာရှင်များအစဉ်ပျိုးထောင်မွေးထုတ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ပဓာနကျသောအခန်းက ပါဝင်လျက်ရှိသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန်လျှော့ချပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးပွားရေး၊ ပြည်ပကုန်သွယ်ရေး ချိန်ခွင်လျှာ မျှတအကျိုးရှိစေရေး မျှော်မှန်းချက်များဖြင့် အဘက်ဘက်က အကောင်အထည်ဖော်လျက်ရှိသည်။

အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုနှင့် အခြားသော ကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီး၌ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး လုပ်ငန်းများကို နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်း အားပေးနေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဇွန်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံနှင့် အလုပ်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်-

"ရရှိထားပြီးဖြစ်သည့် စက်မှုလုပ်ငန်းအတွေ့အကြုံများကို အခြေခံ၍ ပို၍တိကျကောင်းမွန်သည့် စက်ပစ္စည်းများ၊ အရည်အသွေးမြင့်မားသည့် စက်ပစ္စည်းများ ထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများသာမက အဆင့်မြင့်လျှပ်စစ် စက်မှုလုပ်ငန်းကိုထူထောင်၍ ခေတ်မီလျှပ်စစ်ပစ္စည်းဆိုင်ရာများ တိုးချဲ့ထုတ်လုပ်ရေးအတွက်လည်း ကြံစည်စဉ်းစား လုပ်ကိုင်ကြရန်ဖြစ်ကြောင်း၊ ထို့ပြင် စက်ရုံလုပ်ငန်းအလိုက် လိုအပ်သော ကျွမ်းကျင်သည့် စက်မှုပညာရှင်များကိုလည်း အစဉ်ပျိုးထောင်မွေးထုတ်ရန် လိုအပ်ကြောင်း"

မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် မော်တော်ယာဉ်ရေတိုင်ကီများ၊ သတ္တုဘယ်ယာရင်နှင့် ဘောဘယ်ယာရင်များ၊ အင်လက်နှင့်အိတ်ဇောဘားနှင့် ကားဘီးခွေများ၊ သုံးသွားပါဝါထယ်၊ အလယ်ဆွဲထွန်ခုံနှင့် နှစ်သွားတပ်ထယ်များ တပ်ဆင်ထားသည့် ရော(၁) လက်တွန်းထွန်စက်များ၊ ထရော်လာဂျီများ၊ လေးဘီးထွန်စက်များ၊ ခွဲလယ်ထွန်စက်များ၊ မော်တော်ယာဉ်တာယာများ၊ တွင်ခုံ၊ ဖောက်ခုံနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ လျှပ်စစ်မီတာနှင့် လျှပ်စစ်ဝါယာကြိုးများ၊ ဘက်ထရီအိုးများ၊ Power Cable များ၊ ရေနံဓာတ်ငွေ့ရည်အိုးခွံများ၊ အလူမီနီယံဝါယာကြိုးများ၊ ပုံစံသစ်မာဇဒါဂျစ်မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်၏ အားပေးပျိုးထောင်မှုများကြောင့် မြန်မာ့စက်မှုလက်မှုကဏ္ဍသည် မူဝါဒများနှင့်အညီ ဦးတည်ချက်ရှိရှိ၊ အစီအမံရှိရှိ ပြောင်းလဲတိုးတက်လာခဲ့သည်။ နိုင်ငံတော်၏စက်မှုကဏ္ဍတစ်ရပ်လုံး တိုးတက်ဖွံ့ဖြိုးလာစေရန် ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ပိုင် စက်မှုကဏ္ဍနှင့် ပုဂ္ဂလိကပိုင် စက်မှုလက်မှုကဏ္ဍတို့သည်လည်း အပြန်အလှန် အဆက်အစပ်ရှိရှိ ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

စက်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပြည်ပမှကုန်ကြမ်းများအပေါ် မှီခိုအားထားနေရမှုများကို လျှော့ချပြီး ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့် အစားထိုး၍ စက်ပစ္စည်းများ ထုတ်လုပ်သွားနိုင်အောင် ဆက်လက်ကြိုးပမ်းသွားရန် လိုပေသည်။ စက်ရုံ၊ အလုပ်ရုံများက ထုတ်လုပ်သည့်ပစ္စည်းများကို သုံးစွဲသူပြည်သူများကြိုက်အောင်၊ ကောင်းအောင်၊ အသုံးတည့်အောင် ပြုပြင်ထုတ်လုပ် သွားကြရမည်ဖြစ်သည်။ စက်ပစ္စည်းများ၏ ပုံစံများနှင့် အရည်အသွေးများကို တစ်နှစ်ထက်တစ်နှစ်ကောင်းအောင်၊ ဈေးကွက်ရရှိအောင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အမြင်ကျယ်ကျယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်ရန် အရေးကြီးပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရရှိထားပြီးဖြစ်သည့် စက်မှုလုပ်ငန်းအတွေ့အကြုံများကို အခြေခံ၍ တိကျကောင်းမွန် အရည်အသွေးမြင့်မားသည့် စက်ပစ္စည်းများထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ စက်ပစ္စည်းများသာမက အဆင့်မြင့်လျှပ်စစ် စက်မှုလုပ်ငန်းကိုထူထောင်၍ ခေတ်မီလျှပ်စစ်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် တီထွင်ကြံဆကြိုးပမ်းကြရင်း စက်ရုံလုပ်ငန်းအလိုက် လိုအပ်သောကျွမ်းကျင်စက်မှုပညာရှင်များ အစဉ်ပျိုးထောင် မွေးထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တောင်ဥက္ကလာပမြို့နယ် (၁၁)ကြိမ်မြောက် နိကာယ်ငါးရပ်စာမေးပွဲကို ဥက္ကလာစေတီမဟာမုနိဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်သံဃနာယကဆရာတော်နှင့် မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဆွေ၊ မြို့နယ် သာသနာရေးမှူး ဦးစိုးမြင့်တို့က ကြီးကြပ်ပေးစဉ်။ (၁၉၂)

မန္တလေးတိုင်းအတွင်း လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၄ ရက်တွင် မန္တလေးတိုင်း မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမင်းက မြစ်ငယ်တံတား၊ ဆောင်ရွက်နေသည့်လုပ်ငန်းများကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက အောက်ခြေအုတ်မြစ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးအရေးကြီးကြောင်း၊ ဘိုးပိုင်များတူးရာတွင်လည်း လိုအပ်သည့် ခံနိုင်ဝန်အား အနက်အထိရရှိအောင် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့်တစ်ပြိုင်တည်း အုတ်မြစ်လုပ်ငန်းနှင့်အတူ အခြားကြိုတင် သွန်းလောင်းနိုင်သည့် ရက်မလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်သွား ရန်နှင့် သတ်မှတ်ချိန်အတွင်းပြီးစီးရေးအတွက် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်ဖြင့် မြစ်ငယ်-စစ်ကိုင်းလမ်းအတိုင်း မြစ်ငယ်-စစ်ကိုင်းလမ်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတံတားရတနာပုံ တည်ဆောက်ရေးစီမံကိန်း စစ်ကိုင်းဘက်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစန်းဝင်းနှင့် မန္တလေးဘက်လမ်း ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဌေးမြင့်တို့က စစ်ကိုင်းတံတား စစ်ကိုင်းဘက်ကမ်းနှင့် မန္တလေးဘက်ကမ်းတို့မှ ဆောင်ရွက်ပြီးနေသည့်လုပ်ငန်းများ၊ အုတ်မြစ် ဘိုးပိုင်တူးခြင်း လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက တံတား၏ အောက်ခြေ အုတ်မြစ်လုပ်ငန်းဖြစ်သည့်အတွက် လိုအပ်ချက်အတိုင်း စနစ်တကျ ဆောင်ရွက်သွားကြရန်နှင့် တာဝန်ရှိသူများကလည်း အနီးကပ်ကြီးကြပ်သွားရန်လိုကြောင်း၊ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို အပိုင်းခွဲပြီး ကြိုးစားဆောင်ရွက်သွားရန်နှင့် ချဉ်းကပ်လမ်းများ၏ အတက်အဆင်း အဆင်ပြေမှု အတွက် အမျိုးမျိုးပုံစံထုတ်ပြီးမှ စဉ်းစားကြရန် မှာကြားသွားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ဝါယာလက် ပလရ (၁၀၀)၊ ၅လမ်း၊ အမှတ် ၉၃နေ ဦးမင်းလှအောင်- ဒေါ်နီလာဝင်း၊ သား မင်းတလဆော မိသားစုတို့က ဆွမ်းနှင့်ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မေတ္တာမွန်ရောင်းဝယ်ရေးသမ နှစ်လည်စည်းဝေး

ရန်ကုန် ဇွန် ၁၆

လသာမြို့နယ် မေတ္တာမွန်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီခွဲက လသာမြို့နယ် အနော်ရထာလမ်းရှိ ဟောင်ကောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လသာမြို့နယ်မေတ္တာမွန်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌဦးအောင်လှက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းတင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်သန်းတို့က အမှာစကား ပြောကြားကြသည်။ ယင်းနောက်အသင်း အတွင်းရေးမှူး ဦးဇော်ဝင်းက ၂၀၀၂- ၂၀၀၃ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာနှင့်နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းနှင့် အသင်းရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသည့် အသင်းသားများက အတည်ပြုကြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးအောင်လှက နိဂုံးချုပ်စကားပြောကြားသည်။ **(အပေါ်ပုံ)** (က-ပ)

ဇွန် ၅ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းနှင့် အဖွဲ့ ပဲခူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု နိုင်သာယာကျေးရွာ ကျေးလက်အိမ်ရာ စီမံကိန်းသို့ သွားရောက်ပြီး အိမ်ရာ ဆောက်လုပ်မည့်သူများနှင့် တွေ့ဆုံကာ လုပ်ငန်းအသေးစိတ် အစီအစဉ်ကို ညှိနှိုင်းဆောင်ရွက်စဉ်။
(မြို့နယ်/စည်ပင်)

မြန်မာ့ကျောက်မျက်ရတနာဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

● နိုင်ငံတော်မှ

၁၅–ဂ။ သတ္တုတွင်းဝန်ကြီးဌာနသည်–

(က) ပုဒ်မ ၁၅–ခ အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ပါမစ် ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မ (က) အရ ပါမစ် ထုတ်ပေးသည့်အခါ ခွင့်ပြုမိန့်ရရှိသော လုပ်ကွက်ပြင်ပရှိ လုပ်ငန်း သုံးနေရာ တစ်ခုခုအတွက် ပါမစ်သက်တမ်းနှင့် မြေငှားရမ်းခတို့ကို သတ်မှတ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သတ်မှတ်ပေးသည့် ပါမစ်သက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးမြှင့် ပေးနိုင်သည်။"

၃။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

(ခ) "ရတနာနယ်မြေ သတ်မှတ်ခြင်း၊ ကျောက်မျက်ရတနာ လုပ်ကွက်နှင့် ကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊ ဖော်ထုတ်လုပ်ကွက်သတ်မှတ်ခြင်း၊ ပုဒ်မ ၁၅–က အရ အမျိုးသုံး မြေစာပစ်ရန်နေရာ သတ်မှတ်ခြင်း၊ ပုဒ်မ ၁၅–ခ ပါ လုပ်ငန်းသုံးနေရာအတွက် ပါမစ်ထုတ်ပေးခြင်း၊ မြေငှားရမ်းခ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊"

၄။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(က) တွင် ပါရှိသော–

(က) "ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်"ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်၊ လိုင်စင်သို့မဟုတ် ပါမစ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ" ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်၊ လိုင်စင်သို့မဟုတ် ပါမစ်ရရှိသူ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၃၈ တွင်ပါရှိသော–

(က) "ဤဥပဒေအရ ထုတ်ပြန်သည့် အမိန့်သို့မဟုတ် ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် သော်လည်းကောင်း"ဆိုသည့် စကားရပ်ကို "ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင် ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်" ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် ပါမစ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာ့ကျောက်မျက်ရနာ ဥပဒေပုဒ်မ ၄၃ တွင် ပါရှိသော "ပုဒ်မ ၁၆၊ ပုဒ်မခွဲ(စ)နှင့် စပ်လျဉ်းသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်" ဆိုသည့် စကားရပ်ကို "ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အကောင်းဆုံးစိုက်ပျိုးထုတ်လုပ်မှု မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုထူးချွန်ဆုများချီးမြှင့်

ရန်ကုန် ဇွန် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၂၀၀၂–၂၀၀၃ခု ဘဏ္ဍာရေးနှစ် အတွက် အကောင်းဆုံးစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု၊ စံပြထူးချွန်ဆုနှင့် ဂုဏ်ပြုဆုများချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းကိုးမိုင်ရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရုံးချုပ်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင် တက်ရောက်အမှာစကား ပြောကြားပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန အောက်ရှိ လုပ်ငန်း၊ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းများမှ ခြံ၊စိုက်ကွင်းမန်နေဂျာများ၊ မွေးမြူရေးတာဝန်ခံများ၊ စက်ရုံမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ် ညွှန့်တင်က အမှာစကားပြောကြား သည်။ထို့နောက် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်က ဌာန၏လုပ်ငန်း ရည်မှန်းချက်များ၊ နှစ်အတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ် ညွှန့်တင်က လုပ်ငန်းအလိုက် စံပြ ထူးချွန်ဆု ရရှိသူများကို ဆုများချီးမြှင့် သည်။

ဆက်လက်၍ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုများ၌ ဂုဏ်ပြုဆုရရှိသော လုပ်ငန်းဌာနတာဝန်ခံများအား ပညာ ရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ဦးဆောင် ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေး မှူးချုပ် တို့က ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားသူကြီးဒေါက်တာတင်အောင်အေး မဲခေါင်အစည်းအဝေးတက်ရန်ထွက်ခွာ

ရန်ကုန် ဇွန် ၁၆

တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၇ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် မဲခေါင်ဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုအပ်ချက်များနှင့် စီမံချက်များကို မဲခေါင်ဒေသနိုင်ငံများမှ တရားသူကြီး ချုပ်များက ဆွေးနွေးသုံးသပ်ခြင်း အစည်းအဝေး (Sub-Regional Needs-Assessment and Planning Meeting of Chief Justices of Mekong Countries) တက်ရောက်ရန်အတွက် ယနေ့နံနက် ၁၀ နာရီ ၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွှန့်၊ ညွှန်ကြားရေးမှူးများ၊ တရားရုံးချုပ်မှ တာဝန်ရှိသူများနှင့် မိသားစုများ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်အတူ အဖွဲ့ဝင် အဖြစ် ရန်ကုန်တိုင်း တရားရုံး တွဲဖက်တိုင်းတရားသူကြီး ဦးထင်ဇော်လည်း လိုက်ပါသွားသည်။ (ဝပုံ) **(သတင်းစဉ်)**

အီလက်ထရောနစ် စက်ပြုပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၆

စိတ်ပါဝင်စားသော လူငယ်များ အတွက် ဝါရင့်ကျွမ်းကျင် လက်ရွေးစင် အင်ဂျင်နီယာများ ဦးစီးသင်ကြားမည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စာတွေ့လက်တွေ့၊ လက်တွေ့အသုံးချ လျှပ်စစ်သင်တန်း၊ အီလက်ထရောနစ် သင်တန်း(ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို)၊ Programmable Logic Controls (P.L.C) ရေးဆွဲနည်းစာတွေ့လက်တွေ့သင်တန်း သစ်များကို ဇူလိုင် ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ Elite Engineering Group၊ အမှတ်၅၁၊ မြေညီထပ်၊ ၃၈လမ်း(ကမ်းနားဘလောက်)ရန်ကုန်၊ ဖုန်း–၀၁–၂၄၂၂၂၆သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။**(က–ပ)**

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

လှိုင်းဘွဲ့ ဇွန် ၁၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့အား မြို့အဂ်ါရပ်နှင့်အညီ သန့်ရှင်းသာယာ ရေး၊ ရေစီးရေလာကောင်းမွန်ရေး အတွက် မေ ၁၇ ရက် နံနက်က တပ်မတော်သားများ၊ မြို့နယ်စည်ပင် သာယာရေးဝန်ထမ်းများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ၊ ရပ်ကွက်ပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ကျော်ဖြင့် ချုံနွယ်မြက်များအား ရှင်းလင်းခြင်း၊ လမ်းဘေး ဝဲ/ယာ ချိုင့်ခွက်များ ဖို့ခင်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းတူးဖော်ရှင်းလင်းခြင်း များ ဆောင်ရွက်ကြကြောင်းသိရသည်။ **(မြို့နယ်/စည်ပင်)**

ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုးလမ်းသစ်ဖွင့် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီး ခနောင်တိုမြို့နယ်အတွင်းရှိ ကိုယ့်အား ကိုယ်ကိုးလမ်းသစ်များဖွင့်ပွဲ အခမ်း အနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ လမ်းသစ်များထိပ်ရှိ မုခ်ဦးများ၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်အားပေးပြီး လမ်းသစ်များ ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ရှေးဦးစွာ ဆိပ်ကြီးခနောင်တို မြို့နယ် ဦးထွန်းအိုရပ်ကွက် ကိုယ့်အား ကိုယ်ကိုးလမ်းသစ်များဖြစ်သည့် အရှည်ပေ ၆၀၀ ရှိ ငုဝါလမ်း၊ အရှည်ပေ ၁၄၀၀ ရှိ သဇင်လမ်းနှင့် အရှည်ပေ ၈၀၀ ရှိ စိန်ခြယ်လမ်း လမ်းသစ်များဖွင့်ပွဲအခမ်းအနားကို ငုဝါလမ်းသစ်ထိပ်ရှိ မုခ်ဦး၌ကျင်းပရာ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး လမ်းသစ် များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး လမ်းသစ်များဖြစ်သည့် ပန်းပင်ချောင် ရပ်ကွက် အရှည်ပေ၁၀၀၀ ရှိ ရပ်ကွက် ပတ်လမ်းနှင့် ဆမားဒူးဝါးရပ်ကွက် အရှည်ပေ ၄၉၀ရှိသစ္စာလမ်း လမ်းသစ် ဖွင့်ပွဲအခမ်းအနားများကို အဆိုပါလမ်း သစ်များထိပ်ရှိ မုခ်ဦးများ၌ကျင်းပရာ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး လမ်းသစ်များ အတွင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် သည် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိ မြို့နယ်ကြက် ခြေနီသူနာပြုတပ်ရင်းရုံးခန်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးငွေးမြင့် နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်က ဘာသာရေးအတွက် ငွေကျပ် ၃၅၀၀၀၀၊ အခြေခံပညာကျောင်းများ အတွက် ငွေကျပ်သုံးသိန်းနှင့် ငွေကျပ် ၂၈၇၅၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာ စာအုပ်ဒါဇင် ၃၅၀၊လမ်းများ ပြုပြင် တည်ဆောက်ရန်အတွက် ငွေကျပ် ၃၁ သိန်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံအတွက် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ် လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူ များက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**

ဒေးဗရိန်းတောင်ပေါ်ကျောင်းနှင့် ရတနာမာန်အောင်တောရကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၆

ပဲခူးတိုင်းအနောက်ခြမ်း ပြည်မြို့ ရတနာမာန်အောင်တောရကျောင်း နာယကဆရာတော် အဘိဓဇ အဂ္ဂ မဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဦးဝိဇ္ဇာ ဗလနှင့် တပည့်သံဃာအပေါင်းတို့နှင့် မွန်ပြည်နယ် သထုံမြို့နယ် ဒေးဗရိန်း ကျေးရွာ တောင်ပေါ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုဒဿန(ဓမ္မာစရိယ) စူဠဂန္ထဝါစက ပဏ္ဍိတ/ ၉၁ အမှူးရှိသော သံဃာ တော်အရှင်မြတ်တို့အား ဝါဆိုလပြည့် ကျော် ၁ရက်နေ့တွင် စုပေါင်း၍ ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းကြမည် ဖြစ်ကြောင်း သိရသည်။

(က–ပ)



အလုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၂)ကြိမ်မြောက် အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်က အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက ချီးမြှင့်သော ရန်ကုန်တိုင်း ပညာရေးလှုပ်ရှားမှု ပထမဆုနှင့် တိုင်းလှုပ်ရှားမှု ထူးချွန်တတိယဆုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းစိန်ထံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြက လွှဲပြောင်းအပ်နှံစဉ်။ (က–ပ)

အီရတ်တို့၏ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်စစ်သား ၃၅ ဦးသေဆုံးခဲ့ ပြည်သူများပူးပေါင်းမှုနှင့်ငွေကြေးထောက်ပံ့မှုရှိကြောင်း အမေရိကန်တို့ပြောဆို

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံ၌ အဓိကထိုးစစ်ဆင်တိုက်ခိုက်မှုများပြီးဆုံးသွားပြီဟု အမေရိကန်တို့က ကြေညာခဲ့ပြီးချိန်ကစပြီး နိုင်ငံအတွင်းနေရာအနှံ့အပြား၌ အီရတ်ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၅ ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။

ပူးပေါင်းတိုက်ခိုက်

မကြာသေးမီက ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများသည် ဒေသတွင်းရှိ အီရတ်ပြည်သူများ ပူးပေါင်းတိုက်ခိုက်ခြင်းနှင့် ငွေကြေးထောက်ပံ့မှုများရရှိခြင်းကြောင့် ဖြစ်ဖွယ်ရှိကြောင်း အမေရိကန်စစ်ဘက်မှ ပြောကြားခဲ့သည်ဟုသိရသည်။

သေဆုံးခဲ့

ပြီးခဲ့သောရက်များအတွင်းက ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဘာလက်မြို့၌ ကင်းလှည့်နေသော အမေရိကန်တင့်ကားကို ချုံခိုတိုက်ခိုက်ခဲ့သည့် အီရတ်သေနတ်သမားများက ဒုံးကျည်များနှင့်ပစ်ခတ်ခဲ့ရာ အမေရိကန်တို့ကလည်း ပြန်လည်ပစ်ခတ်ခြင်းကြောင့် အီရတ်လူမျိုး ၂၇ ဦးသေဆုံးခဲ့ရသည်။ ထို့အပြင် အခြားတိုက်ပွဲတစ်ခု၌လည်း အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း အီရတ်နိုင်ငံရှိ အမေရိကန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။

ဖမ်းဆီး

ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် အကြမ်းဖက်လေ့ကျင့်ရေးစခန်းတစ်ခုဟု အမေရိကန်တို့ကယူဆပြီး ဆက်ဒမ်ဟူစိန်သစ္စာခံများဟု သံသယရှိသူများကို တိုက်ခိုက်ခဲ့သည့် စစ်ဆင်မှုတစ်ရပ်၌လည်း အီရတ်တိုက်ခိုက်ရေးသမား ၇၀ သေဆုံးခဲ့ရကြောင်း၊ ထို့အပြင် ကျွန်းဆွယ်တိုက်ခိုက်စစ်ဆင်ရေးဟု အမေရိကန်တို့က နာမည်ပေးထားသောတိုက်ပွဲ၌ ဆက်ဒမ်ဟူစိန်သစ္စာခံဟု သံသယရှိသူ ၄၀၀ကျော်ကို အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီးထိန်းသိမ်းထားကြောင်းသိရသည်။

ဖျက်ဆီး

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာကွတ်မြို့အနီး၌လည်း အီရတ်တိုက်ခိုက်ရေးသမား အများအပြားကို အမေရိကန်တို့က ဖမ်းဆီးထားကြောင်း သိရှိရသည်။ ဘီဂျီမြို့အနီး၌လည်း အမည်မသိတိုက်ခိုက်သူများက ဓာတ်ငွေ့ပိုက်လိုင်းကို တိုက်ခိုက်ဖျက်ဆီးသွားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဇွန် ၁၅ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ စစ်ဆေးရေးစခန်းတစ်ခု၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက မော်တော်ကားမောင်းသူ အီရတ်တစ်ဦး၏ ခန္ဓာကိုယ်ပေါ်တွင် လက်နက်များရှာဖွေနေစဉ်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်များထံတွင်ရှိသော လက်နက်များကို အပူတပြင်းရှာဖွေလျက်ရှိပြီး အပ်နှံရန်လည်း အမိန့်ထုတ် ထားပြီးဖြစ်သည်။ သို့သော် အီရတ်များက လက်နက်များဖြင့် မကြာခဏ ခုခံတိုက်ခိုက်လျက်ရှိနေသည်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်အိမ်များအတွင်းအမေရိကန်တို့အတင်းဝင် အကြမ်းဖက်လုပ်ရပ်ဟု အီရတ်တို့ပြော

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်တို့၏နေအိမ်များအတွင်းသို့ အမေရိကန်တို့ အဓမ္မဝင်ရောက်ခဲ့ကြောင်း၊ ယင်းလုပ်ရပ်မှာ အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း အီရတ်များက ပြောကြားခဲ့ကြသည်။ အီရတ်စစ်ပွဲပြီးဆုံးပြီးနောက် နှစ်လကြာသည့်အထိ အီရတ်နိုင်ငံတွင်း အခြေအနေသည် မတည်ငြိမ်သေးဘဲ အန္တရာယ်ရှိနေဆဲဖြစ်သည်။ စစ်ပွဲပြီးဆုံးပြီးနောက် ရာပေါင်းများစွာသော အီရတ်လူမျိုးများသည် အလုပ်လက်မဲ့ ဖြစ်ကုန်ကြပြီး ၎င်းတို့ကို နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် အလုပ်ပေးရန် သို့မဟုတ် လျော်ကြေးပေးရန် တောင်းဆိုနေကြသည်။

ထိုအတောအတွင်း အမေရိကန်တပ်ဖွဲ့များကို ပြောက်ကျားချုံခိုတိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ရာ အမေရိကန် ရဟတ်ယာဉ်တစ်စင်း ပစ်ချခြင်းခံခဲ့ရသည်။ ပြောက်ကျားတပ်ဖွဲ့ဝင်များကို ရှာဖွေနေစဉ်အတွင်း ဒေသခံများအပေါ် ကြမ်းတမ်းစွာဆက်ဆံခဲ့ပြီး ပစ္စည်းဥစ္စာများလည်း ဆုံးရှုံးပျက်စီးခဲ့ကြောင်း အီရတ်လူမျိုးများက ပြောဆိုခဲ့ကြသည်။ (စီအင်န်အင်န်)

အမေရိကန်တပ်ဖွဲ့ဝင်များက ရွာငယ်လေးများမကျန် လိုက်လံရန်မူနေလျှင် အီရတ်ပြည်သူတို့၏ ကြီးမားသောအင်အားနှင့် လက်တုံ့ပြန်ခြင်းကိုခံရတော့မည်

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံကို အမေရိကန်များ မထိန်းသိမ်းနိုင်လျှင် ဆက်ဒမ်ဟူစိန်ကို ပြန်ခေါ်ကြရန်ဖြစ်ကြောင်း၊ အယ်ဟီးယားရွာကလေးလို ရွာသိမ်ရွာငယ်လေးများကအစ လိုက်လံရန်မူနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်ပြည်သူများ၏ အင်မတန်ကြီးမားသောအင်အားနှင့် လက်တုံ့ပြန်ခြင်းကို ခံရတော့မည်ဖြစ်ကြောင်း အီရတ်ပြည်သူများက ပြောဆိုလျက်ရှိကြောင်း သိရသည်။

အီရတ်နိုင်ငံ၌ ဖြစ်ပွားသည့်စစ်ပွဲပြီးဆုံးကတည်းက သွေးထွက်သံယိုမှုအများဆုံး သီတင်းတစ်ပတ်အဖြစ် တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားနေကြောင်း၊ အီရတ်လူမျိုး တိုက်ခိုက်ရေးသမားများကို ချေမှုန်းနိုင်ရန် အမေရိကန်တပ်ဖွဲ့ဝင်များက ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်လျက်ရှိကြောင်း၊ အမေရိကန်တို့၏ ယခုကဲ့သို့ တိုက်ခိုက်မှုများကြောင့် အရပ်သူအရပ်သားများ ထိခိုက်သေဆုံး ကြရကြောင်း သိရှိရသည်။

လယ်ယာ စိုက်ပျိုးရေးလုပ်ကိုင်သော အယ်ဟီးယားရွာကလေးကို အမေရိကန်တို့က ရုတ်တရက်တိုက်ခိုက်ခြင်းကြောင့် အပြစ်မဲ့အရပ်သားငါးဦး သေဆုံးသွားရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက ပြီးခဲ့သည့် သောကြာနေ့ မနက်စောစောပိုင်းက စက်သေနတ်ကြီးများဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရွာသားများက ပြောကြားခဲ့သည်။ ထိုဒေသ၌ ကင်းလှည့်နေသော အမေရိကန်တင့်ကား ချုံခိုတိုက်ခိုက်ခံခဲ့ရကြောင်း အမေရိကန် စစ်ဌာနချုပ်မှ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်တို့က ပြန်လည်ပစ်ခတ်ခဲ့သည့်အတွက် အီရတ်တိုက်ခိုက်သူများဟု ယူဆရသူ ၂၃ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။ အယ်ဟီးယားရွာသား ငါးဦး သေနတ်ထိမှန်သေဆုံးခဲ့ရခြင်း မှာ မတော်တဆဖြစ်ပွားခြင်းဟု အမေရိကန်တို့ကဝန်ခံပြောကြားသော်လည်း ရွာသားများက ခွင့်မလွှတ်နိုင်ဘဲ မကျေမနပ်ဖြစ်နေကြသည်။ **(စီအင်န်အင်န်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အိမ်ရှင်မများသည် ချက်ပြုတ်ရေးအတွက် လောင်စာဆီအခက်အခဲနှင့် ကြုံတွေ့နေကြရသည်။ ပုံမှာ ချက်ပြုတ်ရေးအတွက် လောင်စာဓာတ်ငွေ့ဖြည့်မည့် ဓာတ်ငွေ့အိုးအလွတ်များကို ဇွန် ၁၅ ရက်က အီရတ်အမျိုးသမီးကြီးများနှင့် ကလေးများက ခေါင်းပေါ်ရွက်၊ လှည်းဖြင့်တွန်းကာ ဓာတ်ငွေ့အရောင်းဆိုင်သို့ လာရောက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မျောက်ကျောက်ရောဂါ အမေရိကန်၌ ကူးစက်ဖြစ်ပွား အိမ်မွေးတိရစ္ဆာန်လေးများမှတစ်ဆင့်ရောဂါကူးစက်ဟုဆို

အင်ဒီယာနာ ဇွန် ၁၅

မျောက်ကျောက်ရောဂါခေါ် ကျောက်ရောဂါတစ်မျိုးသည် အာဖရိကဒေသမှာသာ အဖြစ်များသည်ကို တွေ့ရလေ့ရှိပြီး ကမ္ဘာ့အနောက်ခြမ်းဒေသများ၌ ဖြစ်တောင့်ဖြစ်ခဲ ရှားရှားပါးပါးဖြစ်သည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်လေးခု၌ ယခုလပိုင်းအတွင်း ပရေရီခွေးခေါ် အိမ်မွေးတိရစ္ဆာန်လေးများမှတစ်ဆင့် မျောက်ကျောက်ရောဂါ ကူးစက်ခဲ့သည်။

အင်ဒီယာနာပြည်နယ် နေ့ကလေးထိန်းကျောင်းတစ်ခု၌ ကလေးများဆော့ကစားခဲ့သည့် ပရေရီခွေးသည် ဖျားနာပြီးနောက် သေဆုံးသွားခဲ့ရာမှ အဆိုပါ ပရေရီခွေးများမှ ရောဂါကူးစက်မှုကို ခြေရာခံမိသည်။ ဝပ်စ်ကွန်ဆန်ပြည်နယ်မှာလည်း မျောက်ကျောက်ရောဂါဖြစ်ပွားမှုအတွက် သံသယများရှိနေပြီး စစ်ဆေးလျက်ရှိသည်။ မျောက်ကျောက်ရောဂါသည် အာဖရိကဒေသတွင် လူတစ်ဦးမှအခြားတစ်ဦးသို့ ကူးစက်မှုဖြစ်ပွားပြီး ရောဂါခံစားနေရသူ ဝေဒနာရှင်များ၏ ၁၀ရာခိုင်နှုန်းအထိ သေဆုံးခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးမှာ မျောက်ကျောက်ရောဂါ ဖြစ်ပွားခံစားနေရသူဟု ထင်ရသူ ၇၂ ဦးရှိပြီး ၁၃ ဦးသည် ရောဂါကူးစက်ခံရသည်မှာ သေချာကြောင်းနှင့် သေဆုံးခြင်းမရှိတော့ဟု သိရသည်။ မျောက်ကျောက်ရောဂါသည် ကျောက်ရောဂါ ကာကွယ်ဆေးအောင်ထားပါက ဖြစ်ပွားခံစားရမှု မရှိနိုင်ကြောင်း၊ မျောက်ကျောက်နှင့် ရေကျောက်ရောဂါတို့သည် နီးနီးစပ်စပ် ဆင်တူကြောင်း သိရသည်။

မျောက်ကျောက်ရောဂါသည် လူတစ်ဦးမှ အခြားတစ်ဦးသို့ကူးစက်တတ်လျှင် အဆိုပါရောဂါသည် ဆားစ်ရောဂါကဲ့သို့ ကပ်ရောဂါတစ်မျိုးသဖွယ် ကမ္ဘာတစ်လွှား ကူးစက်နိုင်မည်လားဟု မေးလာကြပါသည်။

ကျန်းမာရေးဆိုင်ရာ အရာရှိများက ထိုသို့မကူးစက်နိုင်ကြောင်း ပြောကြားခဲ့သည်။ မျောက်ကျောက်ရောဂါဖြစ်ပွားခံစားရသော လက္ခဏာများမှာ အဖျားတက်ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ အနီရောင်အဖုအပိန့်များထွက်ခြင်း၊ ပြန်ရည်ကြောဆိုင်ရာအဖုအကျိတ်များ ရောင်ရမ်းခြင်းတို့ဖြစ်ပြီး ပရေရီခွေးများနှင့် လက်ပွန်းတတီးနေမိခြင်းမရှိလျှင် မျောက်ကျောက်ရောဂါဖြစ်ပွား ခံစားရမည့်အရေးအတွက် စိုးရိမ်စရာ မလိုကြောင်း သိရသည်။

(စီအင်န်အင်န်)

ဇွန်၁၄ရက်က ဘဂ္ဂဒက်မြို့အနောက်ဘက်မိုင် ၅၀အကွာရှိ ရာမာဒီမြို့တွင် ပေါက်ကွဲမှုများဖြစ်ပွားပြီး မီးခိုးလုံးကြီးများ ထွက်လျက်ရှိစဉ်။ အခင်းဖြစ်ပွားရာ နေရာအနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ရှိနေကြသည်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များ ဒေသခံတို့၏ရွှေငွေများယူဆောင်ပြီး ပစ္စည်းများကိုဖျက်ဆီး မလိုအပ်ဘဲ တပ်ဖွဲ့ဝင် အင်အားသုံးပြီး အီရတ်တို့အပေါ် ရက်ရက်စက်စက်ပြုလုပ်နေ

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံတွင် တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် တရားမဝင် ကြောင်း သတ်မှတ်ထားသော လက်နက်များကိုအီရတ်တစ်နိုင်ငံလုံးရှိ အရပ်သား များ၏ နေအိမ်များ၌ စစ်ဆင်မှုတစ်ရပ်အနေနှင့် အတင်းဝင်ရောက် ရှာဖွေလျက်ရှိသည်။

ဖျက်ဆီး

ထို့အပြင် အမေရိကန်တပ်ဖွဲ့ဝင်များသည် သီတင်းတစ်ပတ်လုံး တစ်အိမ်တက်တစ်အိမ်ဆင်း လက်နက်ရှာဖွေကြသကဲ့သို့ ဒေသခံများ၏ ရွှေ၊ ငွေများကိုလည်း ခါးပြတိုက်ယူဆောင်သွားသည့်အပြင် ရေခဲသေတ္တာများနှင့် ရုပ်မြင်သံကြားစက်များကိုလည်း ရိုက်ခွဲဖျက်ဆီးသွားကြသည်ဟု ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

ရှာဖွေ

အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၁၃၀၀တို့သည် ဖော်လူဂျာမြို့တွင်း၌ တစ်အိမ်တက်တစ်အိမ်ဆင်း လက်နက်များကို ရှာဖွေရုံသာမက အီရတ်ပြည်သူ့ စစ်ခေါင်းဆောင်များကိုပါ ရှာဖွေခဲ့ကြသည်။ ယခုကဲ့သို့ လက်နက် ရှာဖွေရေး စစ်ဆင်မှုသည် တားမြစ်ပိတ်ပင်လိုက်သည့် လက်နက်များကို အရပ်သားများက အမေရိကန်တို့ထံ အပ်နှံရန်နောက်ဆုံးရက်အဖြစ် သတ်မှတ်ထားသည့် အချိန် ကုန်ဆုံးချိန်မှစတင်ကာ ရှာဖွေနေခြင်းဖြစ်ကြောင်း သိရသည်။

ပြစ်တင်ဝေဖန်

အမေရိကန်တို့ အဓိကစစ်ဆင်ရှာဖွေမှုပြုလုပ်ရာ ဒေသဖြစ်သည့် ဘဂ္ဂဒက်မြို့ မြောက်ဘက်မှ ဒေသခံများသည် အမေရိကန်တို့၏ အတင်းအဓမ္မ ရှာဖွေမှုကို ပြစ်တင်ဝေဖန်လျက်ရှိသည်။

ရက်စက်စွာပြုလုပ်

အမေရိကန်တပ်ဖွဲ့ဝင်များသည် မလိုအပ်ဘဲ တပ်ဖွဲ့ဝင်အင်အားသုံးပြီး ရက်ရက်စက်စက် ပြုလုပ်နေကြကြောင်း ဒေသခံများက ပြောကြားသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖခင်အသက်ရှင်လျက်ရှိကြောင်းဆက်ဒမ်၏အကြီးဆုံးသမီးရာဂက်ပြောဆို စစ်ပွဲပထမညသည်၌ ရာဂက်သည် ညီမဖြစ်သူနှင့်အတူ နေအိမ်ခြံဝင်းအတွင်းရှိနေ ဒုံးကျည် ၁၀လုံးကျရောက်ပေါက်ကွဲသော်လည်း မိုးကျင်းထဲရှိနေ၍ လွတ်မြောက်ခဲ့

ဘာလွမ်းဘာ့ဂ် ဇွန် ၁၅

ဆက်ဒမ်ဟူစိန်၏ အကြီးဆုံးသမီးဖြစ်သူက သူမ၏ဖခင်အသက်ရှင်လျက်ရှိသည်ကို သဘောပေါက်နားလည်ထားကြောင်း တယ်လီဖုန်းဖြင့် တွေ့ဆုံမေးမြန်းချက်ကို ရည်ညွှန်းလျက် ဆန်းဒေးတိုင်းမ်က ဖော်ပြလိုက်သည်။

စစ်ပွဲတွင် ဆက်ဒမ်အသက်မသေဘဲ ရှင်သည်ဆိုသည်ကို သိထားပါသည်ဟူ၍ ဆက်ဒမ်၏သမီးအကြီးဆုံး ရာဂက်(၃၆)နှစ်က လန်ဒန်အခြေစိုက် သတင်းစာသို့ ပြောကြားသည်။

"ကျွန်မ ဖေဖေနဲ့ကျွန်မ စကားနောက်ဆုံးပြောခဲ့ရသည်မှာ စစ်မဖြစ်မီငါးရက်အလိုကဖြစ်ကြောင်း၊ စစ်ပွဲမြန်မြန်ထက်ထက်ပြီးဆုံးသွားသည်နှင့် မိသားစုများအားလုံး ကိုယ့်လမ်းကိုယ်သွားခဲ့ကြရကြောင်း၊ မည်သူတစ်ဦးနှင့်မျှ မိမိ အဆက်အသွယ်မရကြောင်း၊ သို့ရာတွင် သူတို့အားလုံးအသက်ရှင်ဆဲရှိမည်ဟု မိမိ ယုံကြည်ကြောင်း" ရာဂက်က ပြောဆိုသည်။

ရာဂက်က ဗြိတိန်နိုင်ငံ၌ ခိုလှုံခွင့်တောင်းရန် စဉ်းစားခဲ့သည်ဆိုခြင်းမှာ မဟုတ်ကြောင်း ငြင်းဆိုသည်ဟု ဆန်းဒေးတိုင်းမ်က ဖော်ပြသည်။ ထို့ပြင် ရာဂက်က သူမနှင့်အတူ သူမ၏ညီမတစ်ဦးနှင့်သူတို့၏ ကလေးများ အီရတ်ကို အမေရိကန်ဦးဆောင်တိုက်သည့် ပထမညတွင် အမေရိကန်တို့က ၎င်းတို့ မိသားစုပိုင် ခြံမြေဝင်းတစ်ခုအပေါ် ဗုံးကြဲတိုက်ခိုက်စဉ် မည်သို့မည်ပုံ လွတ်မြောက်ခဲ့ရသည်ကို ရှင်းလင်းပြောဆိုခဲ့သည်။

အမေရိကန်ဦးဆောင်ပြီးတိုက်သော သုံးပတ်ကြာ စစ်ပွဲအတွင်း ဆက်ဒမ်ဟူစိန်အစိုးရကို ဖယ်ရှားပစ်ခဲ့ပြီးနောက် အမေရိကန်ဦးဆောင်တပ်များသည် အီရတ်ခေါင်းဆောင်များကို နှစ်လကြာလိုက်လံရှာဖွေခဲ့ကြသည်။

စစ်ပွဲအတွင်း ဘဂ္ဂဒက်ကို လေကြောင်းမှ နှစ်ကြိမ်တိုက်ခိုက်မှုအတွင်း ဆက်ဒမ်ဟူစိန်သည် ပစ်မှတ်ဖြစ်ခဲ့ရပြီးနောက် သူ၏ ကံကြမ္မာနှင့်ပတ်သက်၍ မသိရဘဲ ရှိနေသည်။

ဟူစိန်ထံမှရေးသားပေးပို့သည်ဆိုသော စာများ၌ အမေရိကန်နှင့် ဗြိတိန်တပ်များကို အီရတ်တို့ခုခံတိုက်ခိုက်ရန် တိုက်တွန်းထားပြီး သတင်းစာများသို့ ထိုစာများကို ပေးပို့ခဲ့သည်။

စစ်ပွဲဖြစ်သည့်ပထမညတွင် မိမိသည် ဘဂ္ဂဒက်ရှိ မိမိတို့၏ ခြံမြေဝင်းအတွင်း၌ မိမိ၏ညီမ၊ မိမိတို့၏ ကလေးများနှင့်အတူရှိနေခဲ့ကြောင်း၊ မိမိတို့ ဝန်းကျင် ပတ်ပတ်လည်၌ ဒုံးကျည် ၁၀လုံးကျရောက်ခဲ့ကြောင်း ရာဂက်က ဆန်းဒေးတိုင်းမ်သို့ ပြောကြားသည်။

မိမိတို့သည် မိုးကျင်းထဲ၌ ရှိနေကြရာ တစ်စုံတစ်ရာ ထိခိုက်မှုမရှိသော်လည်း မိမိတို့အလွန်ကြောက်လန့်ခဲ့ရကြောင်း ရာဂက်က ပြောဆိုသည်။ သူမက သူမ၏ ကလေးလေးယောက်၊ သူမ၏ညီမ ရာနာ (၃၄)နှစ်နှင့် ၎င်း၏ ကလေးသုံးယောက်တို့နှင့်အတူအီရတ်၌ ယခုသီတင်းပတ်ကုန်အတွင်း ရှိနေဆဲဖြစ်သည်ဟု ပြောဆိုသည်။

မိသားစုသည် ဘဂ္ဂဒက်ကျဆုံးသည့် ဧပြီ ၉ရက်ထိတိုင်အောင် ဘဂ္ဂဒက်၌ ရှိနေခဲ့ကြသည်ဟု သတင်းစာက ရေးသားသည်။ **(ဆန်းဒေးတိုင်းမ်)**

အီရတ်မြောက်ပိုင်း၌ရေနံပိုက်လိုင်းပေါက်ကွဲမှုဖြစ်

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နှင့်တူရကီနိုင်ငံတို့ကို ဆက်သွယ်ထားသော ရေနံပိုက်လိုင်းသည် ပြည်ပသို့ ရေနံတင်ပို့ရာ အဓိကပိုက်လိုင်းဖြစ်သည်။ ထိုရေနံပိုက်လိုင်းသည် အီရတ်–အမေရိကန်စစ်ပွဲကြောင့် ရပ်ဆိုင်းသွားခဲ့ရပြီး ဓာတ်ငွေ့များ ယိုစိမ့်ထွက်နေမှုကြောင့် မီးလောင်ပေါက်ကွဲမှုနှင့် ကြုံရကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားသည်။

ထိုပေါက်ကွဲမှုသည် အီရတ်နိုင်ငံမြောက်ပိုင်း ဘေဂျီဒေသ ကာကွတ်မြို့အနီး၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စသည် အဖျက်လုပ်ရပ်ကြောင့် ဟုတ်၊ မဟုတ်ဆိုသည်ကို စုံစမ်းလျက်ရှိကြောင်း တူရကီအာဏာပိုင်များကဆိုသည်။

ပထမပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာနေရာနှင့် မိုင် ၃၀ ခန့်ကွာဝေးသော နေရာ၌ အခြားပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သေးကြောင်း တူရကီနိုင်ငံ အနာတိုလီယန် သတင်းဌာန သတင်းများအရ သိရသည်။

ပေါက်ကွဲရသည့်အကြောင်းရင်းသည် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့်လော၊ သို့မဟုတ် အဖျက်လုပ်ရပ်ကြောင့်လောဆိုသည်ကို သဲကွဲစွာ မသိရသေးဟု တူရကီ အင်ကာရာ သတင်းရပ်ကွက်က ဆိုသည်။

ထိုပိုက်လိုင်းသည် မိုင် ၆၀၀ရှည်ပြီး ကာကွတ်ရေနံမြေမှ တူရကီမြေထဲပင်လယ်ဆိပ်ကမ်း စီဟန်မြို့အရောက် သွယ်တန်းထားသော ပြည်ပသို့ ရေနံတင်ပို့ရာ ပိုက်လိုင်းဖြစ်သည်။ စစ်မဖြစ်မီက တစ်ရက်လျှင် ရေနံစည် ၁ ဒသမ ၁ သန်း ပို့လွှတ်နိုင်သည်ဟုဆိုသည်။ ယခုအခါ အီရတ်သည် ရေနံပြည်ပသို့ပြန်လည်တင်ပို့ရန် ကြိုးစားရာ၌ ထိုပိုက်လိုင်းသည် အရေးပါသော ပိုက်လိုင်းဖြစ်သည်။

၎င်းပိုက်လိုင်းရှိရာ အီရတ်မြောက်ပိုင်းဒေသအနီးတွင် တူရကီတပ်များသည် ကန့်ကွက်မှုများရှိနေသည့်ကြားမှ ၎င်း၏တပ်များအား လုံခြုံရေးအတွက်ဟု အကြောင်းပြပြီး တပ်စွဲထားသည်ဟု ဆိုသည်။

(အင်တာနက်)

အင်ဒိုနီးရှားတွင် ဆယ်လူလာဖုန်းသုံးစွဲသူများလာ

ဂျကာတာ ဇွန် ၁၅

အင်ဒိုနီးရှားနိုင်ငံတွင် ဆယ်လူလာဖုန်းကိုင်ဆောင်သူအရေအတွက်သည် တိုးမြင့်တိုးလာပြီး ၂၀၀၃ ခုနှစ်နှစ်ကုန်ဆုံးချိန်တွင် ဆယ်လူလာဖုန်းကိုင်ဆောင်သူ ၁၆ဒသမ ၄သန်းအထိ ၄၃ ရာခိုင်နှုန်း တိုးမြင့်လာမည်ဟု မျှော်မှန်းထားကြောင်း စက်မှုဆိုင်ရာအဖွဲ့အစည်းတစ်ခုက ဂျကာတာမြို့တွင် ခန့်မှန်းပြောဆိုသည်။

အင်ဒိုနီးရှားဆယ်လူလာဖုန်းကြီးကြပ်ရေးအသင်း (အေတီအက်စ်အိုင်)ဥက္ကဋ္ဌ ရူဒီအင်တာရာက ပြောကြားရာ၌ စုစုပေါင်းဆယ်လူလာဖုန်း ဈေးကွက်အနက် ၅၂ရာခိုင်နှုန်းကို တီလီကွန်ဆယ်က ပိုင်ဆိုင်ရာ အိတ်ဆယ်ကိုမင်ဒိုက ၁၆ရာခိုင်နှုန်းနှင့် ဆတီလင်ဒိုနှင့် အင်ဒိုဆက်တို့က ၃၁ရာခိုင်နှုန်း ပိုင်ဆိုင်ကြောင်း ပြောကြားသည်ကို ဂျကာတာပို့စ် သတင်းစာ၌ စနေနေ့က ဖော်ပြထားသည်။

လာမည့် သုံးနှစ်တွင် အင်ဒိုနီးရှားဈေးကွက်၌ ဆယ်လူလာဖုန်းကိုင်ဆောင်သူသည် တစ်နှစ်လျှင် လေးသန်းမှ ငါးသန်းအထိ တိုးတက်လာမည်ဟု အဆိုပါအသင်းက မျှော်မှန်းထားကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်၏၂၀၀၄ခုနှစ် ဂျီဒီပီတိုးတက်မှု ၇ ဒသမ ၅ရာခိုင်နှုန်း သတ်မှတ်လျာထား

ဟနွိုင်း ဇွန် ၁၃

ဗီယက်နမ်နိုင်ငံ၏ ၂၀၀၄ခုနှစ် ပြည်တွင်းစုစုပေါင်း ထုတ်ကုန် (ဂျီဒီပီ) တိုးတက်မှုကို အနည်းဆုံး ၇ဒသမ၅ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း ဗီယက်နမ် သတင်းဌာနက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ် ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က ပြောကြားရာတွင် နိုင်ငံ၏ စက်မှုဆိုင်ရာနှင့် ဆောက်လုပ်ရေးကဏ္ဍများက ၁၀ မှ ၁၀ဒသမ ၅ရာခိုင်နှုန်းတိုးတက်မည်။ ဝန်ဆောင်မှုလုပ်ငန်းများက ၇ဒသမ၂မှ ၇ဒသမ ၅ရာခိုင်နှုန်း တိုးတက်မည်။ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်လုပ်ငန်းများက ၃ဒသမ၈မှ ၄ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သောကြာနေ့ နံနက်ပိုင်းက ဘာလက်မြို့အနီးရှိ အယ်–ခါဇရက်ရှ်ကျေးရွာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် မီဇာအလီမှာ ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့စဉ်။ အခင်းဖြစ်ပွားမှုတွင် ၎င်း၏ဖခင် အလီဂျက်ဆန်နှင့် ညီအစ်ကိုသုံးဦးမှာ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြရသည်။

(ဓာတ်ပုံ–အင်တာနက်)

ကြိုးကြိုးချောတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ဘဂ္ဂဒက်မြို့ အနောက်ဘက်မိုင် ၅၀အကွာရှိ ဖော်လူဂျာမြို့ စစ်ဆေးရေးစခန်းတစ်ခုတွင် သံသယရှိသူ အီရတ်ပြည်သူများကို အမေရိကန် တပ်ဖွဲ့က ဖမ်းဆီးပြီး သေနတ်ဖြင့်ချိန်ကာ နေပူကျဲကျဲတွင် လက်မြှောက်ပြီး ရပ်ခိုင်းထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေလတစ်လတည်း အမေရိကန်များ (၈၅)ကြိမ်အတိုက်ခံခဲ့ရ ဧပြီလကထက်အီရတ်တို့ခုခံတိုက်ခိုက်မှု သုံးဆနီးပါးပိုများလာ

ဘဂ္ဂဒက် ဇွန် ၁၅

ဘာ့သ်ပါတီသစ္စာခံများအား ချေမှုန်းသည့် စစ်ဆင်ရေးများကို အမေရိကန်စစ်လေယာဉ်များသည် အီရတ်နိုင်ငံတစ်ဝန်း၌ ဆောင်ရွက်လျက်ရှိသည်။ အမေရိကန်စစ်လေယာဉ်များသည် ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် ကီလိုမီတာ ၁၅၀အကွာရှိ အီရတ်လေ့ကျင့်ရေးစခန်းတစ်ခုကို တိုက်ခိုက်ခဲ့ပြီးနောက် မြေပြင်တိုက်ပွဲများပါ ဆက်လက်ဖြစ်ပွားရာ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့မှ စစ်သားတစ်ဦး ဒဏ်ရာရရှိသွားသည်။

ယခုတိုက်ခိုက်မှုသည် အီရတ်စစ်ပွဲကြီးအပြီး ပြုလုပ်သော စစ်ဆင်ရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ထိုစစ်ဆင်ရေးတွင် တပ်ဖွဲ့ဝင်ထောင်နှင့်ချီ၍ပါဝင်ပြီး မြေပြင်စစ်သည်များ၊ လေကြောင်းတိုက်ခိုက်ရေးအဖွဲ့များ၊ မြစ်ကြောင်း ကင်းလှည့်ရေယာဉ်များနှင့် ပုလိပ်အဖွဲ့များလည်း ပါဝင်သည်။

ယခုအချိန်အထိ မသင်္ကာဖွယ်ရာ လူ၄၀၀ခန့်ကို ဝိုင်းမိထားပြီဖြစ်သည်ဟု ဆိုသည်။ အမေရိကန်ထောက်လှမ်းရေး သတင်းများအရ ဘဂ္ဂဒက်မှ ကီလိုမီတာ ၇၀ အကွာရှိ ဘာလက်မြို့၏ အရှေ့မြောက်အရပ် တိုက်ဂရစ်မြစ်၏ ကမ်းမြောင်ဒေသတွင် သေနတ်သမားများ ခိုအောင်းနေသည်ဟု သိရသည်။ ထိုနေရာကို ပိတ်ဆို့ပြီး ရှာဖွေမှုများ ပြုလုပ်နေသည်။

ဖြစ်ပွား

မေလတစ်လတည်းတွင် အမေရိကန်များကို တိုက်ခိုက်မှု (၈၅)ကြိမ်ဖြစ်ပွားခဲ့သည်။

ပိုများလာ

ဧပြီလကထက် တိုက်ခိုက်မှု အရေအတွက် သုံးဆနီးပါး ပိုမိုများပြားလာသည်။

ဒဏ်ရာရရှိ

ဇွန် ၁၀ ရက် အင်္ဂါနေ့က တိုက်ခိုက်မှုတွင် အမေရိကန် လေထီးစစ်သားတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

(အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ဆက်ဒမ်သစ္စာခံများကိုရှာဖွေစဉ် အရပ်သားငါးဦးကို အမေရိကန်တို့ပစ်သတ်ခဲ့ အမေရိကန်တို့ရှို့သောမီးကို ဝိုင်းဝန်းငြှိမ်းနေစဉ် ပစ်သတ်ခြင်းဖြစ်ဟု မြို့လူထုပြောဆို

ဘာလက်ဒ် ဇွန် ၁၅

ဆက်ဒမ်ဟူစိန်၏သစ္စာခံများကို အမေရိကန်တပ်များရှာဖွေစဉ် ယခု သီတင်းပတ်အတွင်း၌ အမေရိကန်တပ်များသည် အရပ်သားငါးဦးကို သတ်ဖြတ်ခဲ့သည်ဟု အီရတ်ကျေးရွာသားများက စွပ်စွဲခဲ့ကြသည်။ စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး ယင်းထိုးစစ်သည် အကြီးမားဆုံးဖြစ်သည်ဟု ဆိုသည်။

စစ်သွေးကြွများ လွတ်မြောက်အောင် လုပ်ပေးသည်ဟုစွပ်စွဲပြီး အမေရိကန်စစ်သားများက အသက်(၇၀)အရွယ် မိမိ၏ ဆွေမျိုးတစ်ဦးအပြင် အခြား ဆွေမျိုးတော်စပ်သူ ယောက်ျားလေးဦးကို ပစ်သတ်ခဲ့ကြသည်ဟု လယ်သမားကြီး ဂျာဖာအိုဘိဒ်က အေပီသတင်းဌာနအား ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၃၀ ရှိကျေးလက်ဒေသဖြစ်သော ဘာလက်မြို့၏ မြို့စွန်တွင် ကြာသပတေးနေ့ ညပိုင်းက စတင်ခဲ့သော ယင်းဖြစ်ရပ်၌ အရပ်သားများ သေဆုံးသည်ဆိုသော သတင်းကို ဝေဖန်ရန် အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂရက်ဂျူလီယင်က ငြင်းဆိုသည်။

ထိုသူတို့သည် အရပ်သားကဲ့သို့ ဝတ်ဆင်ထားပြီး ပစ်ခတ်ရေးသေနတ်၊ လက်နက်များ ရှိနေသည်ဆိုလျှင် အရပ်သားများအဖြစ် မသတ်မှတ်ကြောင်း ဂျူလီယင်က စနေနေ့၌ ပြောကြားသည်။

သို့ရာတွင် မြို့လူထုက အမေရိကန်တို့ ရှို့ခဲ့သောမီးကို ထိုအရပ်သားငါးဦးသည် ဂျုံကွင်းများအတွင်း၌ ငြှိမ်းသတ်နေကြချိန်တွင် အမေရိကန်စစ်သားများက ယင်းသို့ ပစ်ခတ်ခဲ့ကြခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

(အင်တာနက်)

အီရတ်၌ လက်နက်များအပ်ရန် နောက်ဆုံးအချိန်ကျော်လွန်

ဘဂ္ဂဒက် ဇွန် ၁၅

ခွင့်ပြုမိန့်မရသော တရားမဝင်လက်နက်များပြန်အပ်ရေး အီရတ်တို့ကိုပေးထားသော နောက်ဆုံးအချိန်သည် စနေနေ့ည သန်းခေါင်(အီးဒီတီ ည ၄ နာရီ)ကို ကျော်လွန်သွားပြီဖြစ်ရာ ကင်းလွတ်ခွင့်နှစ်ပတ် အဆုံးသတ်သွားပြီဖြစ်သည်။ထိုကင်းလွတ်ခွင့်နှစ်ပတ်အတွင်း လက်နက်ကိုင်ဆောင်ထားကြသော အရပ်သားများ ရာဇဝတ်မှုစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ရမည်ဟု ဆိုသည်။

အမေရိကန်ဦးဆောင်တပ်များ၏ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အကြီးအကဲ ပေါလ်ဘရီမာသည် အီရတ်နိုင်ငံရှိ လက်နက်များကို လျှော့ချရန်နှင့် လုံခြုံရေးတိုးတက်စေရန်အတွက် မေလကုန်ပိုင်းတွင် လက်နက်ဆိုင်ရာအမိန့်ကို ထုတ်ပြန်ခဲ့သည်။

ယင်းသို့ အမိန့်ထုတ်ရာ၌ တရားမဝင်လက်နက်များမှာ အော်တိုမက်တစ်သေနတ်များ၊စက်သေနတ်များ၊တင့်ကားပစ်၊ လေယာဉ်ပစ်လက်နက်များ၊ သံချပ်ကာကားများနှင့် ပေါက်ကွဲစေသော လက်နက်များဖြစ်သည်ဟု အဓိပ္ပာယ်ဖော်ညွှန်းထားသည်။ အေကေ-၄၇ ရိုင်ဖယ်အပါအဝင် လက်နက်ငယ်များကို အီရတ်တို့သည် အိမ်များနှင့်ဈေးဆိုင်များ၌ ထားရှိကိုင်ဆောင်ခွင့်ရှိသည်။ မေ ၁၉ ရက်ကစပြီး အီရတ်ကို တိုက်ခိုက်သောစစ်ပွဲအတွင်း အမေရိကန်စစ်သား၁၈၅ ဦးနှင့် ဗြိတိသျှစစ်သား ၃၇ ဦး သေဆုံးခဲ့သည်။

(အင်တာနက်)

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏လုပ်ရပ်ကို မကျေနပ်၍ဘဂ္ဂဒက်တွင်ဆန္ဒပြ

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်လူမျိုး ၂၀၀ ခန့်သည် ဘဂ္ဂဒက်မြို့ရှိပါလက်စတိုင်းဟိုတယ်ရှေ့တွင် အစ္စလာမ်ဘာသာရေးကြွေးကြော်သံများ ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့သည် အမေရိကန်စစ်သားများက ဟောဖာဖာဗလီဝတ်ကျောင်းအတွင်း ခွင့်မတောင်းဘဲ ဝင်ရောက်ခဲ့ကြပြီး ဘုရားဝတ်ပြုနေသူများကို မဖွယ်မရာ ဆက်ဆံခြင်း၊ အဆောက်အအုံအတွင်း အတင်းဝင်ရောက်ရှာဖွေခြင်း၊ စစ်ဆေးမေးမြန်းခြင်းနှင့် ဒိုင်နာငွေ ၁၀၀၀၀၀ ယူသွားကြသည်ကို မကျေနပ်သဖြင့် ဆန္ဒပြခြင်းဖြစ်သည်ဟု ဆိုသည်။

၎င်းတို့ဆန္ဒပြသော ပါလက်စတိုင်းဟိုတယ်တွင် အမေရိကန် စစ်ဘက်ဆိုင်ရာများနှင့်သတင်းသမားများ တည်းခိုလျက်ရှိကြသည်။ တမ်ဖာရှိ အမေရိကန်ကွပ်ကဲမှုဗဟိုဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူက အီရတ်များ၏စွပ်စွဲချက်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ သတင်းရရှိခြင်း မရှိကြောင်း ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာတစ်ဝန်းSARSရောဂါဖြစ်ပွားမှု ပပျောက်လုနီးပါးရှိ

မနီလာ ဇွန် ၁၄

ကမ္ဘာတစ်ဝန်း၌ ကူးစက်မြန်ပြင်းထန်နမိုးနီးယား (အဆုတ်ရောင်)SARS ရောဂါ ဖြစ်ပွားမှု ၈၄၃၅မှုခန့်ရှိပြီးနောက် ယခုအခါ ယင်းရောဂါသည် ပြီးဆုံးပပျောက်လုနီးပါးရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)က ကြာသပတေးနေ့တွင် ကြေညာလိုက်သည်။

ကမ္ဘာတစ်ဝန်းလူ ၇၈၉ဦးသေဆုံးခဲ့ရသော ယင်း SARSရောဂါဖြစ်ပွားရာ အခြေခံဖြစ်သော တရုတ်နိုင်ငံတွင် ဆားစ်ရောဂါသည် ဆုတ်ယုတ်အားပျော့သွားခဲ့ပြီဖြစ်သည်ဟု ဒဗလျူအိပ်ချ်အို ကူးစက်ရောဂါထောက်လှမ်းတုံ့ပြန်ရေးဆိုင်ရာ ဒေသအကြံပေးပုဂ္ဂိုလ် ဟီတိုရှိအိုရှိတာနီက ပြောကြားသည်။

ဖြစ်ပွားမှုအရေအတွက်အရဆိုလျှင် ယင်းSARSရောဂါဖြစ်ပွားမှု နိဂုံးချုပ်တော့မည်ကို မိမိတွေ့နေရသည်ဟု မနီလာ၌ အိုရှိတာနီက သတင်းထောက်များအား ပြောကြားသည်။

တရုတ်၌ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပြီဟု မိမိတို့ယုံကြည်ကြောင်း၊ တရုတ်(တိုင်ပေ)၌ ပြည့်ပြည့်ဝဝမထိန်းချုပ်နိုင်သေးကြောင်း ၎င်းကပြောဆိုသည်။

SARSဖြစ်ပွားမှု ခုနစ်မှုကို ဗုဒ္ဓဟူးနေ့က သတင်းရရှိခဲ့ရာ တရုတ်၌တစ်မှု၊ ကနေဒါ၌ တစ်မှု၊ တရုတ်(တိုင်ပေ)၌တစ်မှု၊ အမေရိကန်၌ လေးမှုတို့ဖြစ်ကြောင်း အိုရှိတာနီက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုန်ပြည်နယ်တွင် SARS ရောဂါတိုက်ဖျက်ရေး ပညာပေးဓာတ်ပုံပြပွဲကို ဇွန် ၁၄ ရက်က ပြုလုပ်ရာ တရုတ်ဧနီးမောင်နှံနှစ်ဦး ပြပွဲခန်းမအတွင်း စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေစဉ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း SARS ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ခံအတည်ပြုထားသည်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ရှာတွေ့သောနောက်တွဲယာဉ်နှစ်စီးသည်ရွေ့ပြောင်းပိုးမွှားလက်နက်ထုတ်ယာဉ်မဟုတ် စစ်ဘက်သုံးဘောလုံးများ ဟိုက်ဒရိုဂျင်ဖြည့်သွင်းရန်ထုတ်ပေးသောယာဉ်များသာဖြစ်

လန်ဒန် ဇွန် ၁၅

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့ရသော နောက်တွဲယာဉ်နှစ်စီးသည် တိုနီဘလဲနှင့် သမ္မတဂျော့ချ်ဒဗလျူဘုရှ်တို့ ပြောဆိုသကဲ့သို့ ရွေ့ပြောင်းပိုးမွှားလက်နက် ဓာတ်ခွဲခန်းများမဟုတ်ကြောင်း ယင်းနောက်တွဲယာဉ်နှစ်စီးနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေသော ဗြိတိသျှအရာရှိတစ်ဦးက ကောက်ချက်ချ ပြောဆိုလိုက်သည်။

သို့ရာတွင် ယင်းနောက်တွဲယာဉ်နှစ်စီးသည် စစ်ဘက်သုံးဘောလုံးများကို ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ ဖြည့်သွင်းပေးသည့် ယာဉ်များဖြစ်ကြသည်ဟု ၎င်းကပြောဆိုသည်။

ဗြိတိသျှအစိုးရ၏ ဇီဝလက်နက်ကျွမ်းကျင်သူများ၏ ကောက်ချက်သည် ဝန်ကြီးချုပ်အတွက် စိတ်အနှောင့်အယှက်ဖြစ်စေသည်။ အဘယ်ကြောင့်ဆိုသော်ရှာတွေ့သောနောက်တွဲယာဉ်နှစ်စီးသည် အီရတ်နိုင်ငံက လူအများကို သေစေသော လက်နက်များကို သိမ်းဆည်းထားသည်ဟု သက်သေပြကြောင်းနှင့် ဆက်ဒမ်ဟူစိန်ကို ဆန့်ကျင်သည့်စစ်ပွဲသည် တရားမျှတမှုရှိကြောင်းကို ထုတ်ဖော်သက်သေထူကြောင်း ဝန်ကြီးချုပ်က ပြောထားခဲ့ခြင်းကြောင့် ဖြစ်သည်။

သို့ရာတွင် ဗြိတိသျှသိပ္ပံပညာရှင်နှင့် ဇီဝလက်နက် ကျွမ်းကျင်သူတစ်ဦးက ယင်းယာဉ်နှစ်စီးသည် ရွေ့ပြောင်းပိုးမွှားလက်နက် ဓာတ်ခွဲခန်းများမဟုတ်ကြောင်း၊ ဇီဝလက်နက်များထုတ်ရန် အဆိုပါ ယာဉ်နှစ်စီးကို မသုံးနိုင်ကြောင်း၊ ယင်းယာဉ်နှစ်စီးသည် ဘောလုံးများကို ဟိုက်ဒရိုဂျင် ဖြည့်ပေးရန် ထုတ်လုပ်သည့် ယာဉ်များသာဖြစ်ကြောင်း ပြောဆိုခဲ့သည်။

(အင်တာနက်)

အီရတ်စစ်ပွဲပြီးဆုံးပြီဟုကြေညာခဲ့သော်လည်း နိုင်ငံအနှံ့ ခုခံရေးတိုက်ပွဲများဖြစ်ပွားနေဆဲ

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံကို စိုးမိုးထားသော အမေရိကန်များသည် အီရတ်လူမျိုးများအား လက်ဝယ်ရှိသော လက်နက်များကို အပ်နှံကြရန် နောက်ဆုံးသတ်မှတ်ထားသောအချိန်သည် ပြီးခဲ့သောစနေနေ့က ကုန်ဆုံးသွားပြီဖြစ်သည်။

လက်နက်အပ်နှံရန်အမိန့်ကို အီရတ်၏ ယာယီအုပ်ချုပ်ရေးအာဏာပိုင် ပေါလ်ဘရီမာက အီရတ်နိုင်ငံ၏လုံခြုံရေးအခြေအနေ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

မတ်လ ၁၉ ရက်နေ့မှ စခဲ့သည့် အီရတ်စစ်ပွဲအတွင်းတွင် အမေရိကန်စစ်သား ၁၈၅ ဦးနှင့် ဗြိတိန်စစ်သား ၃၇ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။

ပြီးခဲ့သောသောကြာနေ့ ဇွန် ၁၃ ရက်နေ့က ဖြစ်ပွားသော တင့်ကားယာဉ်တန်းအား ချုံခိုတိုက်ခိုက်မှုတွင် အီရတ် ၂၇ ဦး သေဆုံးခဲ့ရသည်။ တင့်ကားများ၊ ဘရက်ဒလေတိုက်ခိုက်ရေးယာဉ်များနှင့် အပါချီရဟတ်ယာဉ်များက ထွက်ပြေးသွားသူများနောက်သို့ လိုက်လံတိုက်ခိုက်ရာ နောက်ထပ်အီရတ် ၂၃ ဦး သေဆုံးသွားကြောင်း အမေရိကန် ဗဟိုကွပ်ကဲမှုဌာနကဆိုသည်။

ဘာလက်တွင်ဖြစ်ပွားသောတိုက်ပွဲတွင် အမေရိကန်စစ်သားများက အရမ်းမဲ့ပစ်ခတ်သဖြင့် ခါဇရပ်ရွာမှ လယ်သမားအဘိုးအိုတစ်ဦး၊ ၎င်း၏သားသုံးဦးနှင့် မြေးတစ်ဦးတို့ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ဘာလက်တိုက်ပွဲသည် အမေရိကန်တို့က ကျွန်းဆွယ်စစ်ဆင်ရေးဟုခေါ်သော စစ်ဆင်ရေးဖြစ်သည်။ ထိုစစ်ဆင်ရေးတွင် ဆက်ဒမ်အစိုးရကို သစ္စာခံသည်ဟု မသင်္ကာရသူ ၄၀၀ ခန့်ကို ဖမ်းဆီးခဲ့သည်။

ဘဂ္ဂဒက်မြို့အနောက်ဘက်၌လည်း အခြားစစ်ဆင်ရေးတစ်ခုကိုဆင်နွှဲပြီး ၎င်းတို့အခေါ် အကြမ်းဖက်စခန်းတစ်ခုကို စီးနင်းခဲ့ကြသည်။ ထိုစခန်းမှာ နိုင်ငံခြားသားများက တိုင်းပြည်မငြိမ်မသက်ဖြစ်စေရန် အသုံးပြုခဲ့သော စခန်းဖြစ်သည်ဟု စွပ်စွဲထားသည်။ ကြည်းတပ်နှင့် လေတပ်ကို ပူးပေါင်းဆင်နွှဲသော ထိုစစ်ဆင်ရေးကို ဗုဒ္ဓဟူးနေ့က စတင်ဆင်နွှဲရာ အမှတ်(၁၀၁) လေကြောင်းချီတပ်မမှ စစ်သည်များပါဝင်ခဲ့ကြသည်။

မေလ ၁ ရက်နေ့တွင် သမ္မတဘုရှ်က အီရတ်စစ်ပွဲမှာ ပြီးဆုံးသွားပြီဟု ကြေညာခဲ့သည်။ ထိုနောက်ပိုင်းတွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် အမေရိကန်စစ်သား ၃၅ ဦး သေဆုံးခဲ့ရသေးသည်။ အထက်ပါ အခြေအနေများကြောင့် အီရတ်၌ ကျန်ရှိနေသေးသော ခုခံသူများကို နှိမ်နင်းရန် စစ်ဆင်ရေး ပြုလုပ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ကာကွတ်မြို့အနီး၌လည်း အမှတ် (၁၇၃) လေကြောင်းချီ တပ်ရင်းကြီးက အယ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ကို လိုလားသူများဟု မသင်္ကာသူ ၇၄ ဦးကို ဖမ်းဆီးခဲ့သည်။

(အင်တာနက်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အီရတ်နိုင်ငံဘဂ္ဂဒက်၏အနောက်မြောက်ဘက်ရာဝါမြို့၌ အမေရိကန်တပ်များက အကြောင်းမဲ့ပစ်ခတ်၍ အရပ်သား၁၀၀ကျော်သေဆုံး

ရာဝါ (အီရတ်) ဇွန် ၁၄

အမေရိကန်တပ်ဖွဲ့များသည် တစ်ရာကျော်မကရှိသော အီရတ်အရပ်သားများကို ဇွန် ၁၃ ရက် နံနက်လင်းအားကြီးချိန်တွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည်ဟု အစ္စလာမ်မစ် အွန်လိုင်းအင်တာနက်သို့ မျက်မြင်သက်သေများက သတင်းပေးကြသည်။

အမေရိကန်များက တင့်ကားများ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များပေါ်မှ ရာဝါမြို့ကလေးရှိ အရပ်သားနေအိမ်များအတွင်းသို့ တမင်သက်သက် တရစပ်ပစ်ခတ်ခဲ့ကြသည်။ ထိုမြို့ငယ်သည် ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် ကီလိုမီတာ ၄၀၀ အကွာတွင် တည်ရှိသည်။

အတိုက်ခံရသော ရွာသားများသည် အိမ်များအတွင်းမှ လက်နက်ငယ်များကိုကိုင်ပြီး အိမ်အပြင်သို့ထွက်လာကြကာ ကျူးကျော်သူများကို ပြန်လည်ခုခံကြသဖြင့် အရေအတွက်မသိရသော အမေရိကန်များလည်း ထိခိုက်ကျဆုံးသွားသည်ဟု မျက်မြင်သက်သေများကဆိုသည်။

လူမျိုးစုခေါင်းဆောင် အဘူဆန္ဒဝန်က လူငယ်ကလေး ၁၂ ယောက်ကို ကြိုးတုပ်ပြီး ဦးခေါင်းနောက်မှာ သေနတ်ဒဏ်ရာကိုယ်စီဖြင့် သေနေတာကို တွေ့ရတယ်ဟု ပြောပြသည်။

ကျွန်တော်တို့ အလောင်း ၈၀ ကျော်ကို မြေမြှုပ်ခဲ့ရတယ်။ ကျွန်တော်တို့မြို့ကလေးဟာ ဘဂ္ဂဒက်နဲ့ ဝေးပါတယ်။ အတိုက်အခိုက်လဲ ဒီအနီးအနားမှာ မဖြစ်ပါဘူး။ ဘာကြောင့်များ ကျွန်တော်တို့နေရာကို အမေရိကန်တွေလာပြီး လူသတ်ပွဲကြီး ဆင်နွှဲခဲ့သလဲ ဆိုတာ မစဉ်းစားတတ်အောင်ပါပဲဗျာဟု ၎င်းကဆိုသည်။

အမေရိကန်သံချပ်ကာယာဉ်များနှင့် တင့်ကားများကို ဘဂ္ဂဒက်-ရာဝါ သွားရာ လမ်းပေါ်တွင် ထူထပ်စွာ ချထားသည်။ အမေရိကန်များကို ထိုကိစ္စနှင့်ပတ်သက်၍ အစ္စလာမ်မစ် အွန်လိုင်းအင်တာနက်က သတင်းယူသောအခါ ဆက်ဒမ်၏သစ္စာခံများကို ဖမ်းဆီးရန် ပြုလုပ်ခြင်းဖြစ်သည်ဟုသာ အကြောင်းပြန်သည်။ **(အင်တာနက်)**

ဇွန် ၁၅ ရက်က အမေရိကန်စစ်ယာဉ်တန်း ဘဂ္ဂဒက်မြို့မှ ဘာလက်မြို့သို့သွားစဉ် အီရတ်တို့က ချုံခိုတိုက်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆင်ရေးပြုလုပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူရေနီယံသုံးကျည်များအသုံးပြုမှု နယူးယောက်ကွန်ဖရင့်တားမြစ်

နယူးယောက် ဇွန် ၁၅

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပလျက်ရှိသော ကွန်ဖရင့်က စစ်ရေးဆိုင်ရာ လက်နက်များတွင် ရေဒီယိုသတ္တိကြွစေနိုင်သော စွန့်ပစ်ယူရေနီယံများ အသုံးပြုခြင်းကို လုံးဝတားမြစ်ရန် တောင်းဆိုလိုက်သည်။ ဆေးဘက်နှင့် နျူကလီးယားဆိုင်ရာ သုတေသီများက ရေဒီယိုသတ္တိကြွပစ္စည်းများအား စနစ်တကျသိမ်းဆည်းခြင်းဆိုင်ရာ စနစ်တစ်ရပ်ကို ထူထောင်ရန် တောင်းဆိုလိုက်ခြင်းဖြစ်သည်။ ဂုဏ်သတ္တိလျော့ယူရေနီယံခေါ် စွန့်ပစ်ယူရေနီယံများသည် ရေဒီယိုသတ္တိကြွစေနိုင်သော အစွမ်းသတ္တိရှိပြီး အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့များက အမြောက်ဆန်၊ ကျည်ဆန်ခွံများနှင့် တင့်ဖျက်ဒုံးကျည်များတွင် အဆိုပါ ယူရေနီယံများ သုတ်လိမ်းအသုံးပြုလျက်ရှိသည်မှာ ၁၀ နှစ်ရှိပြီဖြစ်သည်။ **(စီအင်န်အင်န်)**

ဇွန် ၁၆ ရက်က ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၄၀ အကွာ ဘာလက်တွင် အီရတ်တို့နှင့် အမေရိကန် ဦးဆောင်တပ်များအကြား တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်စစ်ယာဉ်တစ်စီး ပျက်စီးနေစဉ်။ ဇွန် ၁၅ ရက်တွင် အီရတ်တို့က ချုံခိုတိုက်ခိုက်ခြင်းကြောင့် အမေရိကန်စစ်သား အများအပြား ဒဏ်ရာရရှိသွားသည်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဦးဆောင်တပ်များ အီရတ်စစ်ပွဲတွင် ယူရေနီယံကျည်များသုံးခဲ့မှုကြောင့် အီရတ်ပြည်သူများ၏ကျန်းမာရေးကို အန္တရာယ်ပြုနိုင်ဟု သုတေသီများပြောကြား

နယူးယောက် ဇွန် ၁၅

အမေရိကန်နှင့်ဗြိတိန်တပ်ဖွဲ့များက အီရတ်စစ်ပွဲတွင် အဆင့်နိမ့်ယူရေနီယံကျည်များကို ကျယ်ပြန့်စွာ အသုံးပြုခဲ့သဖြင့် အသုံးပြုသူစစ်သားများနှင့် အသုံးပြုရာဒေသရှိ ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း နျူကလီးယားနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက သတိပေးကြသည်။

အဏုမြူဓာတ်ကြွပစ္စည်းအသုံးပြုခြင်းသည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့်အပြင် ကျောက်ကပ်ကိုလည်း ဆိုးရွားစွာထိခိုက်စေနိုင်သည်ဟု ဒေါက်တာဟမ်လင်ကယ်ဒီကောဒ်က ပြောကြားသည်။ ၎င်းသည် အဏုမြူဆန့်ကျင်ရေးသုတေသနအဖွဲ့တစ်ဖွဲ့ဖြစ်သော နျူကလီးယားမူဝါဒ သုတေသနဌာန၏ ဥက္ကဋ္ဌဖြစ်သည်။

အဏုမြူဓာတ်ကြွ အဆင့်နိမ့်ယူရေနီယံကျည်များသည် မြို့များကို ပျက်သွားအောင် မဖောက်စေနိုင်ပါ၊ သို့သော် အသုံးပြုခဲ့သောဒေသများကို ထာဝရ ညစ်ညမ်းသွားစေပါသည်။ အမေရိကန်နှင့် ဗြိတိန်တွေဟာ ဒီဓာတ်ကြွပစ္စည်းတွေကို လုံးဝသုံးစွဲခွင့်မရှိပါဟု ကယ်ဒီကောဒ်က ပြောကြားခဲ့သည်။

အဏုမြူဓာတ်ပေါင်းဖိုတွင် အသုံးပြုရန် အဆင့်မြင့်ယူရေနီယံလောင်စာချက်လုပ်ရာမှ ကြွင်းကျန်ရစ်သော ဘေးထွက်ပစ္စည်းသည် ယခုတင်ပြနေသော အဆင့်နိမ့်ယူရေနီယံသတ္တုပင်ဖြစ်သည်။ ထိုသတ္တု၏ခိုင်မာမှုနှင့် သိပ်သည်းမှုသည်သမားရိုးကျသံချပ်ကာဖောက်ကျည်များထက်သာလွန်သော သတ္တိထူးကို ပေးနိုင်သည်။

အဆင့်နိမ့် ယူရေနီယံသတ္တုကို သံချပ်ကာဖေါက်ကျည်၏ ထိပ်ဖူး၌ အပ်ဖျားသဖွယ် တပ်ဆင်အသုံးပြုပါက ထိုကျည်သည် ရိုးရိုးသံချပ်ကာဖောက်ကျည်များ မဖောက်နိုင်သော အကာအကွယ်ကို ဖောက်ထွင်းနိုင်သည်။ ထိုကျည်သည် ၃၁၅ ဒီဂရီဆဲလ်ဆီးရပ်အပူချိန်တွင် ထိမှန်လျှင် ပေါက်ကွဲစေသည့် သဘာဝရှိသည်။

အမေရိကန်ကာကွယ်ရေးဌာနဆိုင်ရာများက အဆင့်နိမ့်ယူရေနီယံကျည်သည် ရေဒီယိုဓာတ်ကြွမှု နည်းပါးခြင်းကြောင့် အသုံးပြုသူစစ်သည်နှင့် အသုံးပြုခဲ့ရာ ဒေသရှိ ပြည်သူများကို မထိခိုက်နိုင်ဟုဆိုကြသည်။ သဘာဝဝန်းကျင် ကာကွယ်ရေးကောင်စီမှ သောမတ်ကိုခရမ်ဆိုသူက အဆင့်နိမ့်ယူရေနီယံသည် ဓာတ်ရောင် ခြည်ကြွမှု နည်းပါးသည်မှန်သော်လည်း အသုံးပြုရာဒေသ၌ ရောင်ခြည်သင့်မှု နည်းပါးစေရန် ရှင်းလင်းသန့်စင်ပေးရန် လိုအပ်သည်ဟုဆိုသည်။ အီရတ်နိုင်ငံတွင် အဆင့်နိမ့် ယူရေနီယံကျည် တန်ချိန် ၁၀၀၀ မှ ၁၉၉၅ တန်အထိ အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့များက သုံးစွဲခဲ့ကြသည်ဟု အမေရိကန်နှင့် ကုလသမဂ္ဂ ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ **(အင်တာနက်)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းဖွင့် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၆

သမဝါယမဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်သမဝါယမဒီဂရီကောလိပ် ဒီပလိုမာသင်တန်းခွဲနှင့် ဂျပန်ပင်လယ်ရပ်ခြားနည်းပညာအကူအညီပေးရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ဒုတိယအကြိမ် ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ သမဝါယမကုန်သန်းရောင်းဝယ်ရေးဗဟိုဌာန (ဆရာစံပလာဇာ) တတိယထပ်၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ တက်ရောက် အမှာစကား ပြောကြားသည်။

ဝန်ကြီးက အမှာစကား ပြောကြားရာ၌ ယခုသင်တန်းသည် ပင်လယ်ရပ်ခြား နည်းပညာ အကူအညီပေးရေး အဖွဲ့(ဂျေအိုင်ဒီစီ)နှင့် ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်တို့ပူးပေါင်းဖွင့်လှစ်သည့် ဒုတိယအကြိမ် ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းဖြစ်ကြောင်း၊ ယခု တက်ရောက်သည့် သင်တန်းသားများသည် ပထမအကြိမ် သင်တန်းကို တက်ရောက်ခဲ့ပြီးသူများဖြစ်၍ အဆင့်မြင့်ပညာ သင်ကြားရမှာ ဖြစ်ကြောင်း၊ သင်တန်း၏ အစီအစဉ်များအရ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ အရင်းအနှီး စုစည်းမှုများ၊ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ၊လှည့်ပတ်ရင်းနှီးငွေစီမံခန့်ခွဲခြင်းများ၊ ဘဏ္ဍာရေး စီမံကိန်းရေးဆွဲခြင်း၊ ဘဏ္ဍာရေး သရုပ်ခွဲခြင်းနှင့် အပြည်ပြည်ဆိုင်ရာ စာရင်းကိုင် နည်းစနစ်များကို ခြုံငုံသိရှိနားလည်နိုင်အောင် အဆင့်မြင့် သင်ကြားပေးရန် စီစဉ်ထားကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ ရရှိသော အဆင့်မြင့် နည်းပညာနှင့် အတတ်ပညာများဖြင့် သမဝါယမ လုပ်ငန်းများ ပိုမိုတိုးတက်ရှင်သန် ဖွံ့ဖြိုးလာအောင် နည်းပေးလမ်းပြ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား နည်းပညာအကူအညီပေးရေး အဖွဲ့ (ဂျေအိုင်ဒီစီ)မှ အကြီးတန်းမန်နေဂျာ Mr. M. Adachi နှင့် ဘဏ္ဍာရေးကျွမ်းကျင်သူ Mr. K. Takeuchi တို့က အမှာစကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။အဆိုပါ သင်တန်းဖွင့်ပွဲသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။သင်တန်းကို ဇွန် ၁၆ ရက်မှ ဇူလိုင် ၁၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်ကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော သမဝါယမ ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးတင်ငွေက အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ဆွေးနွေးပွဲ သို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သမဝါယမပို့ကုန်သွင်းကုန် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဆွေးနွေးပွဲ ကိုယ်စားလှယ်များ တက်ရောက် ကြပြီး ဆွေးနွေးပွဲကို ဇွန် ၁၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)ဘွဲ့ တံဆိပ်ရဆရာတော်များပူဇော်မည်

ရန်ကုန် ဇွန် ၁၆

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဒေးဒရဲနွယ်ဖွား ဆရာတော်ကြီး သီရိဘဒ္ဒန္တဂုဏောသနနှင့် ဒေးဒရဲမြို့နယ် တော်ကမယ်ကျေးရွာ ပုပ္ဖါရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ [သာသနဓဇဓမ္မာစရိယ B.D.T(DIP)] ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ဘဒ္ဒန္တကုသလအရှင်မြတ်တို့အား ချီးကျူးပူဇော်ပွဲနှင့် ဒေးဒရဲနွယ်ဖွား ရန်ကုန်မြို့နေ ကျောင်းထိုင်ဆရာတော်ကြီးများအား ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲတွင် ၅၇၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ဒေးဒရဲအသင်း(ရန်ကုန်) ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ ဒေးဒရဲမြို့နယ်သူ မြို့နယ်သားများ၊ ဆွေမျိုးမိတ်သင်္ဂဟများကြွရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)နှင့် ဦးဇော်လွင် ဖုန်း-၀၉-၈၀-၃၁၇၄၈၊ ဦးစိုးသိန်း ဖုန်း-၂၄၅၆၂၃၊ ဒေါ်ခင်စောလှ ဖုန်း-၇၀၅၇၀၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖောင်တော်ဦးဓမ္မရိပ်သာ ဓမ္မာရုံတော်ကြီး ရေစက်ချမည်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြို့ လသာမြို့နယ် ဗိုလ်ရွှေလမ်း အမှတ်(၇)နေ (ကျောင်းဒါယကာ ဦးခင်လတ်) - ကျောင်းဒါယိကာမ ဒေါ်နီ သားသမီး မြေးမြစ် တစ်စုတို့က အင်းစိန်မြို့နယ် မြို့သစ်(က-ခ)ရပ်ကွက် က-၃ လမ်း ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ပရဝဏ်အတွင်း၌ ဖောင်တော်ဦး ဓမ္မရိပ်သာ ဓမ္မာရုံတော်ကြီးကို ဆောက်လုပ်ပြီး သာမဏေကျော် ဓမ္မာစရိယ ဓမ္မကထိက ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဆရာတော် ဘဒ္ဒန္တအာစာရာလင်္ကာရ အား သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျောင်းအပ်တင်လှူ ရေစက်ချပွဲကို ဇွန် ၁၉ ရက် နံနက် ၈ နာရီမှစ၍ ယင်းဖောင်တော်ဦး ဓမ္မရိပ်သာကျောင်းတွင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင်ချုပ် မကွေးဆရာတော် ကိုယ်တော်တိုင် ရေစက်ချတရား ချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အနိုင်ရမြန်မာလူငယ်အသင်းအား ဆုကြေးငွေချီးမြှင့်

ရန်ကုန် ဇွန် ၁၆

၂၀၀၃ ခုနှစ် ပထမအကြိမ် အာဆီယံ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပထမအကြိုဗိုလ်လုပွဲအဖြစ် မြန်မာလူငယ်အသင်းနှင့် ဗီယက်နမ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မြန်မာလူငယ် ဘောလုံးအသင်းအား ကမ္ဘောဇဘဏ်လီမိတက်မှ ဆုငွေကျပ်သိန်း ၅၀၊ စကိုင်းလင့်ကွန်မနီဂေးရှင်းက ဆုငွေ ကျပ်သိန်း ၆၀ နှင့် မြန်မာမေဖလားဝါးဘဏ်က ဆုငွေကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၁၃၀ ချီးမြှင့်ရာ ၎င်းဆုငွေများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာလူငယ်ဘောလုံးအသင်းအား ပေးအပ်လိုက်သည်။ **(သတင်းစဉ်)**

အဝတ်ဘီရိုဖမ်းဆီးရမိ ဥပဒေအရအရေးယူထား

ရန်ကုန် ဇွန် ၁၆

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနား မူးယစ်အထူးအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဖားကန့်မြို့နယ် မော်ဝမ်းအုပ်စု ရေအေးချောင်းရပ်ကွက်ရှိ ဦးရှိယာအောင်၏ နေအိမ်ကို ရှာဖွေရာနေအိမ်ခြံဝင်းအတွင်း ဝါးရုံပင်ခြေရင်း၌ ဝှက်ထားသော အဝတ်ဘီရို ၃ ဒသမ ၇၀၅ ကီလို ဖမ်းဆီးရမိပြီး နေအိမ်၌ ရောက်ရှိနေသူ ဘရန်လီနှင့် အတူ ပိုင်ဆိုင်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဦးရှိယာလ၏သား ဦးရှိယာအောင်နှင့် ဦးခွဲယိန်းယော်၏သား ဘရန်လီတို့ နှစ်ဦးအပေါ် ဖားကန့်ရဲစခန်းကမူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ်၂၇/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁အရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်တန်းတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၁၆

ထိုင်းနိုင်ငံ Mekong Institute Khon Kaen University ၌ ဇွန် ၁၆ မှ ၂၇ ရက်အထိ ကျင်းပမည့် Attracting Foreign Investment to the GMS သင်တန်းသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒေါ်ဖြူဖြူသန်း (ငွေစာရင်းအရာရှိ)၊ ဦးထွန်းရွှေ (လက်ထောက်အုပ်ချုပ်ရေးအရာရှိ)၊ ဒေါ်သီသီဝင်း (အကြီးတန်းစာရေး)တို့သည် ယမန်နေ့ နံနက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။ **(က-ပ)**

စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ပြန်ကြားရေးနှင့်သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီညှိနှိုင်း

ရန်ကုန် ဇွန် ၁၆

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီအတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေးနှင့် ပတ်သက်၍ လုပ်ငန်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များက စတုတ္ထအကြိမ် ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးနှင့် ပတ်သက်ပြီး သတင်းမှတ်တမ်းထုတ်ပြန်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ကြောင့်ဖြစ်သော သဘောတရားများ စာစဉ်အမှတ်(၃) ဓမ္မဒါနလှူဒါန်း

မန္တလေး ဇွန် ၁၆

မန္တလေး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ ရေပန်းကျောင်းတိုက် ကံ့ကော်ပင်ကျောင်းမှ အရှင်တေဇနိယ (အုတ်ဖို) ရေးသားသော စိတ်ကြောင့်ဖြစ်သော သဘောတရားများ စာစဉ်အမှတ်(၃)ကို သက်ဆိုင်ရာ မြို့နယ်ကျောင်းတိုက်နာယက စာချဆရာတော်များနှင့် မြို့နယ် ဌာနဆိုင်ရာများ၊ ဓမ္မာရုံ ဝတ်အသင်းများသို့ ဓမ္မဒါနအဖြစ် လှူဒါန်းပေးပို့ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေး ကဏ္ဍအလိုက်အမြန်ပြီးစီးအောင်ဆောင်ရွက်ကြရန် တိုင်းမှူးမှာကြား

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော်အကြီးအကဲ၏ ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပပြီး ခေတ်မီဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ရေး လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ရန်ကုန်မြို့တော်ကြီးကို အဆင့်မြင့်တင်မှု တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ လမ်းမကြီးများ တိုးချဲ့ခြင်းလုပ်ငန်းများ၊ လူသွားစင်္ကြံများ၌ (Inter Lock) အလှဆင်ကျောက်ပြားများခင်းရေးလုပ်ငန်းများ၊ မော်တော်ယာဉ်ရပ်နားရာနေရာများ စနစ်တကျတည်ဆောက်ရေး လုပ်ငန်းများ၊ ရန်ကုန်ဆိပ်ကမ်းတစ်လျှောက်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် ဗိုလ်တထောင်ဆိပ်ကမ်း၌ ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် အမြင်တင့်တယ်စေရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရန်ကုန်မြို့တော်ကြီးရှိ အဆောက်အအုံများ၊ တံတားကြီးများ၊ လမ်းမကြီးများဘေးဝဲယာ အမြင်တင့်တယ်စေရေးလုပ်ငန်းများ၊ မီး ရထားလမ်းကူးများ၌ ခုံးကျော်တံတားများ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေဆိုးသန့်စင်ရေးစက်ရုံ ဆောက်လုပ်ရေး လုပ်ငန်းများကို လုပ်ငန်းကော်မတီဝင်များက မိမိတို့တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍအလိုက် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကိုလေးက ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများအခြေအနေ၊ မြို့တော်တစ်ခုလုံး ဥယျာဉ်ကြီးကဲ့သို့ စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးနေမှု အခြေအနေများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများအမြင် တင့်တယ်စေရန် သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးရမည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် သန့်ရှင်း သာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း ကော်မတီများက အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက ကမ်းနားလမ်းမကြီးကို ခြောက်လမ်းသွားလမ်းမကြီး တိုးချဲ့ပြီးစီးမှုနှင့် လမ်းမကြီးပေါ်၌ ယာဉ်များရပ်မထားစေရန် Car Parkingများ စနစ်တကျ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများ ဟန်ချက်ညီစွာအမြန်ပြီးစီးရေးအတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းကာ တာဝန်ရှိသူများက အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးအားဂျပန်သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yuji Miyamoto သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ် ဦးမောင်မောင်အေးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်း သင်တန်းသားများကွင်းဆင်း

ရန်ကုန် ဇွန် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၀၃ ခုနှစ် လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးအတွက် ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာနမှူး ဦးနိုင်ဝင်း၏ စီစဉ်ကြီးကြပ်မှုအရ ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးမြမောင်ဦးဆောင်ကာ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၃၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာ၌ ကွင်းဆင်းကောက်ယူကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားရေးဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ကြရန်နှိုးဆော်

ရန်ကုန် ဇွန် ၁၆

အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၃ ခုနှစ်အတွက် (၁၄)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ "ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု" ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀ × ၁၂လက်မထက် မငယ်သော အရွယ်အစားဖြင့် Print ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့်အကြောင်းအရာ (Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများကို ပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။ ပြိုင်ပွဲဝင်ရာတွင် Digital Camera ဖြင့် ရိုက်ကူးထားသောပုံများကို လက်ခံမည်မဟုတ်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသောဓာတ်ပုံပညာရှင်များ၏အမည်ကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၇-၆-၂၀၀၃
(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀	၁။	အဘိဓမ္မာအဋ္ဌမဟာ သဒ္ဓမ္မဇောတိကတောင်ထန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတွက်စားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၅	၆။	နှောင်းခေတ်တေးပဒေသာ
၈:၁၅	၇။	ဆွာချောင်းရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar Made Easy

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (မြန်မာစာ)
၁၇:၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၂၅	၇။	အတီးပြိုင်ပွဲ
၁၇:၄၀	၈။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၅၀	၉။	ဆိုကြမယ်ပျော်ကြမယ်
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	**အစ်ကျူစုံ**
၁၉:၁၅	၁၃။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၁၉:၃၀	၁၄။	ကိုးကန့်တိုင်းရင်းသားတို့ရဲ့ ဂျင်ပေါက်ပွဲ
၁၉:၄၀	၁၅။	တေးဂီတအစီအစဉ်
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ပထမအကြိမ် အာဆီယံ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် **(ဒုတိယအကြိမ် ဗိုလ်လုပွဲ) (မလေးရှားနှင့် စင်ကာပူ)**
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"လျှပ်တစ်ပြက်မေတ္တာ"** (အပိုင်း-၂၄)

ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန တောင်စွန်း ကျောက်ထုတ်အလုပ်စခန်းရှိ ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၈ ရက်က အစည်းအဝေးခန်းမ၌ ကျင်းပရာ စခန်းတာဝန်ခံက တောင်စွန်း ကျောက်ထုတ်အလုပ်စခန်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌထံ ကျောင်းသားကျောင်းသူ ၁၂၄ ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေကျပ် ၅၆၂၀၀၀ ကို ပေးအပ်ကြောင်း သိရသည်။

(က-ပ)

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်ဝင်းနှင့် သီလဝိသောဓနိသိမ်တော်ကြီးပတ်ဝန်းကျင် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းတူးဖော်ခြင်း၊ အမှိုက်ကန်များမှ အမှိုက်များသယ်ယူစွန့်ပစ်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊(၄)၊(၈)ရပ်ကွက်များမှ ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြစဉ်။

(က-ပ)

စီးပွားရေးစီမံခန့်ခွဲမှုအကြိုသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၆

စီးပွားရေးစီမံခန့်ခွဲမှုပညာ သင်ယူလိုသူများအတွက် မြန်မာနိုင်ငံတွင် တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် သင်ကြားခွင့်ရရှိထားသော မြန်မာ့ လူ့စွမ်းအားအရင်းအမြစ်ကုမ္ပဏီ (MHR) က တက္ကသိုလ်ဝင်တန်းဖြေဆို၊ အောင်မြင်ထားသူများအတွက် စီးပွားရေးစီမံခန့်ခွဲမှုပညာဆိုင်ရာ B. B. A, B. Bus, Business Studiesဘွဲ့များပို့ချသည့် သင်တန်းကာလ ခြောက်လကြာမြင့်မည့် နိုင်ငံတကာတက္ကသိုလ်များ၏ ပထမနှစ်တက်ရောက်ခွင့်အကြိုသင်တန်းကို ဇွန်လနောက်ဆုံးအပတ်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ စာမေးပွဲဖြေဆို အောင်မြင်လျှင် (A.B.E, UK) မှ ချီးမြှင့်သော နိုင်ငံတကာအသိအမှတ်ပြု Certificate in Business Administration အောင်လက်မှတ်ရရှိမည်ဖြစ်ရာ MHR အခန်းအမှတ် ၉၀၅၊ ကိုးလွှာ၊ အဆင့်မြင့်သံဈေးကွန်ဒို၊ လမ်းမတော်လမ်း၊ ဖုန်း-၇၀၇၈၂၂ သို့ စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရှိရသည်။

(က-ပ)

နေခြည်ဈေးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

မြန်အောင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများသည် မြို့တွင်းလမ်းဘေးဝဲယာ စီမံလန်းစိုပြည်သာယာလှပရေးအတွက် ဇွန် ၂ ရက်မှစ၍ အရိပ်ရပင်နှင့်ပန်းအလှပင်များ စတင်စိုက်ပျိုးခဲ့ပြီး၊ ဇွန် ၃ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် နေခြည်ဈေးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့လက်ထောက်အင်ဂျင်နီယာ ဦးတင်ကိုကိုဦးဆောင်၍ အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

ငြိမ်းချမ်းရေးနှင့်ထပ်တူ ဖွံ့ဖြိုးတိုးတက်လာသည့် ဆယ့်လေးနှစ်တာ

မြင့်ခိုး(နတလ)

တစ်နေရာတည်းကနေ ခြေစုံရပ်ပြီး ကြည့်တာချင်းတူပေမယ့် ပြောင်းလဲသွားတဲ့ အချိန်ကာလအတွင်း မြင်ရတဲ့မြင်ကွင်းနှစ်ခုဟာ ဆန့်ကျင်ဘက်ဖြစ်နေသလို ကျွန်တော်ရဲ့ ကြိုတင်မှန်းဆချက်တွေကလဲ အလွဲလွဲအချော်ချော်ဖြစ်နေမှန်း သိလိုက်ရပါတယ်။

ပထမအကြိမ် ကြည့်မိတဲ့ကာလက ၁၉၈၃ခုနှစ် ကျွန်တော်တို့တပ်ရင်းတစ်ရင်းလုံး တန့်ယန်း၊ မိုင်းကောင်ဒေသထဲကိုဝင်ပြီး သံလွင်မြစ်အနောက်ခြမ်းနယ်မြေစိုးမိုးရေး တာဝန်ထမ်းဆောင်နေရချိန်၊ တပ်ရင်းမှူးနဲ့ စစ်ကြောင်း(၁)ရုံးက လွယ်အင်စခန်းကုန်းမှာ၊ လွယ်အင်စခန်းကုန်းအပါအဝင် နောင်မိန်း၊ တုံဟုံးရွာတွေလောက်ထိ လွှမ်းပြီးစိုးမိုးထားနိုင်တဲ့ လွယ်အင်တောင်မကြီး စခန်းကုန်းမှာတော့ ကျွန်တော်၏ တပ်စုရှိနေပါတယ်။

တောင်မကြီးစခန်းကုန်းကနေ သံလွင်မြစ်အရှေ့ဘက် တောင်ကြောတွေရှိရာကို လှမ်းကြည့်လိုက်ရင် တိုက်လေယာဉ်အုပ်စုက ဝဲလိုက်၊ပျံလိုက်စိုက်ဆင်းပြီး ဗုံးမိုး၊ ဒုံးမိုးတွေရွာလိုက်၊ ၂၅ပေါင်ဒါ၊ ၇၆ မီလီမီတာ အမြောက်သံတွေ၊ ၁၂၀ မီလီမီတာ စိန်ပြောင်းသံတွေ၊ ဒသမ ၅ စက်သေနတ်ကြီးသံတွေကလဲ သောသောကိုညံပြီး ကမ္ဘာမြေတုန်ဟည်းမတတ်ပါဘဲ။ ပထမဆုံး လွယ်အင်ကိုရောက်တဲ့နေ့က ဗကပစခန်းရှိရာ လှမ်းပစ်လိုက်တဲ့ အမြောက်သံကြောင့် လန့်ပြီး ထမင်းပန်းကန်လွတ်ကျသွားတဲ့ တပည့်တစ်ယောက်ကို အမှတ်ရမိသေးတော့။

မြင်ကွင်းရဲ့ ဘယ်ဘက်ခြမ်းမှာ တစ်ချိန်က ဗကပတွေ အောင်ပွဲခံသွားခဲ့ဖူးတဲ့ မန်ခူး၊ မန်ခါးတောင်ကြော၊ တိုက်ပွဲတွေဖြစ်နေတဲ့ လွယ်ပန်လုံတောင်ကြောရှိရာကို ငုံ့စောင်းကြည့်နေသယောင်ယောင်။ အဆုံးအဖြတ်တိုက်ပွဲတွေ ဆင်နွှဲနေတာကြောင့် စစ်ရေးတာဝန်အရသွားကြတာကလွဲရင် သံလွင်အရှေ့နဲ့အနောက် အသွားအလာ မရှိသလောက်ပါဘဲ။ တောင်ကြောတစ်ခုလုံး ယမ်းခိုးတွေဝေလို့။ မြင်မြင်သမျှ နေရာအားလုံးဟာ နောင်အနာဂတ်မှာလဲ စစ်မြေပြင်တွေအဖြစ်နဲ့ တွေ့နေရဦးမယ်။ ဗကပရှိနေသမျှ ကိုးကန့်ရယ်၊ 'ဝ'ရယ်၊ ရှမ်းရယ် မခွဲသာဘဲ တိုက်နေ ခိုက်နေကြရဦးမယ်။ ဒါ-ကျွန်တော့်မှန်းဆချက်ပါ။

သံလွင်ရေသောက်မိလို့ နှစ်ကြိမ်ပြန် ရောက်သလားတော့မသိ။ ၁၉၈၈ ခုနှစ်မှာ တန့်ယန်းပြန်ရောက်ပြီး နမ့်ပေါင်စခန်းထိုင်တာဝန်နဲ့ သံလွင်ကူးတို့ဆိပ်တွေကို စိုးမိုးထားခဲ့ရပါတယ်။ ဆက်သွယ်ရေးစက်နဲ့ ရေဒီယိုကက်ဆက်လေးတစ်လုံးကို အဖော်ပြုပြီး အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်နေရတဲ့အချိန်ပါ။ ရေဒီယိုက မကြာမကြာထုတ်လွှင့်ပေးနေတဲ့ တေးသံရှင်ရီရီခင်ရဲ့ သားကောင်းရတနာ သီချင်းဟာလဲ ကျွန်တော်တို့အတွက် အကောင်းဆုံး အဖော်မွန်ဖြစ်ခဲ့ပါတယ်။

မျက်စိဖွင့်၊ နားစွင့်ပြီး နေလာရင်း လာရင်းနဲ့ တစ်နေ့မှာ မမျှော်လင့်တဲ့ သတင်းတစ်ပုဒ်ကို ကြားလိုက်ရပါတယ်။ ဦးဖုန်ကြားရှင် ခေါင်းဆောင်တဲ့ ကိုးကန့်တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များဟာ ဗကပလက်အောက်ခံဘဝက ခွဲထွက်ပြီး ၁၉၈၉ခုနှစ် မတ်လ၃၁ ရက်နေ့မှာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ သတင်းပါပဲ။ သည့်မတိုင်ခင် ကျွန်တော့်စိတ်ထဲမှာ ပူပန်မိတာက နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းမှုရအောင် အဘက်ဘက်က ကြိုးပမ်းအားထုတ်တည်ဆောက်နေရချိန်။ ဒီလိုအချိန်မှာ သကောင့်သား ဗကပများ ကြိုဟ်ကြွလာရင် ခက်ချေပြီ တစ်မှောင့်ပေါ့။ ဟော-ဗကပ ပြိုကွဲခြင်းရဲ့အစ ကိုးကန့် တိုင်းရင်းသားတွေဝင်လာပြီလဲဆိုရော ဘယ်ပြောကောင်းမလဲ ဝမ်းသာဂုဏ်ပြုတဲ့အနေနဲ့ သံလွင်မြစ်ပေါ်ကျော်ပြီး ရှိရှိသမျှလက်နက်တွေ ထုနက်ပစ်ခတ်ပစ်လိုက်တာ နမ့်ပေါင်တစ်ရွာလုံးလန့်လို့။ နောက်မှ တောင်းပန်ယူရတယ်။

အဲဒီနောက် ကိုးကန့်နဲ့'ဝ'တိုင်းရင်းသားတွေဟာ ဗကပ ဗဟိုနဲ့ ဗဟိုခွဲတို့ကို ပြန်လည်တိုက်ခိုက်ပြီး 'ဝ'တိုင်းရင်းသားများက ၁၉၈၉ ခုနှစ် မေလ ၉ ရက်နေ့မှာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြန်ပါတယ်။ သည်လိုနဲ့ ငြိမ်းချမ်းရေးကို အစပြုတည်ဆောက်နိုင်သလို နိုင်ငံတော်အစိုးရအနေနဲ့လဲ ဆယ်စုနှစ်ပေါင်းများစွာ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ရတဲ့ နယ်စပ်ဒေသနဲ့ သွေးချင်းညီအစ်ကိုများအတွက် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးဖို့ အခွင့်အလမ်းကောင်းများ ရရှိခဲ့ပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေဖို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းထားတဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၁၉၈၉ခုနှစ် မေလ ၂၅ရက်နေ့မှာ အဖွဲ့ဝင်ငါးဦးနဲ့စတင်ဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းထားတဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ၁၉၈၉ခုနှစ် မေလ ၃၁ရက်မှာ အဖွဲ့ဝင် ၁၇ ဦးနဲ့ စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။

တစ်ခါ ၁၉၈၉ ခုနှစ်ထဲမှာပဲ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသမှာ ဦးစိုင်းလင်းခေါင်းဆောင်တဲ့ အခါတိုင်းရင်းသားတွေ၊ ကျွန်တော်တို့ရဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေထဲက SSA ရှမ်းတိုင်းရင်းသားတွေ၊ ကချင်ပြည်နယ်အတွင်း ယခင် ဗကပရဲ့(၁၀၁)စစ်ဒေသက ဦးစခုန်တိန့်ယိမ်းခေါင်းဆောင်တဲ့ ကချင်တိုင်းရင်းသားတွေဟာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြန်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာတပ်ခွဲရုံးနဲ့အတူ လွယ်အင်တောင်မကြီး စခန်းပေါ်ကို ပြန်ရောက်နေပါပြီ။ လွန်ခဲ့တဲ့ခြောက်နှစ်လောက်က ခြေစုံရပ်ပြီး ကြည့်ခဲ့၊ တွေးခဲ့ဖူးတဲ့နေရာလေးကနေသံလွင်အရှေ့ခြမ်းတစ်ခွင်ကို လှမ်းမျှော်ကြည့်မိတဲ့အခါ စိမ်းမြမြမန်ခူး၊ မန်ခါးတောင်ကြောကနေ ညိုဝင်းမြင့်ကုန်း၊ ပွိုင့်ကုန်းအပါအဝင် ကျူတန်ဆေး (၁)၊ (၂)၊ လွယ်ပန်လုံ၊ ပွိုင့် (၄၆၉၅)စတဲ့ တောင်စဉ်တောင်တန်းအသွယ်သွယ်က ပြန်လည်ရိုက်ခတ်လာတဲ့ လေပြည်ထဲမှာ ရနံ့တစ်ခု ရလိုက်ပါပြီ၊ ငြိမ်းချမ်းရေးရနံ့။

၄၅မိနစ်လောက် ကွေ့ကောက်ပြီးဆင်းသွားတဲ့ ကားလမ်းအတိုင်းလိုက်ရင် သံလွင်ကမ်းခြေက တာကော်အက်ကူးတို့ဆိပ်ကို ရောက်ပါပြီ။ တံတားကြီး မရှိသေးချိန်မို့ ပွန်တွန်းကူးတို့လှေနဲ့ကူးနေကြသူတွေကအပြည့်။ ပျားပန်းခပ်နေတဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ကြားမှာ စပြီးတွေ့မြင်လာရတာက ပန်ဖိန်း၊ ဝိန်းကောင်ဒေသတွေမှာ တာဝန်ထမ်းဆောင်ကြမယ့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ဝန်ထမ်းတွေ။ ပွန်တွန်းလှေစီးခရီးသွားတွေထဲမှာ ထူးခြားတဲ့ဧည့်သည်တွေလဲ ပါလာတတ်ပါတယ်။ တစ်ချိန်တုန်းက ပန်ဆန်းကိုရောက်နေကြတဲ့ ငြိမ်းချမ်းရေးအဖွဲ့ဝင်များရဲ့ ဇနီး၊ သားသမီး မိသားစုတွေပါ။

မြန်မာစကားမပြောဖြစ်တာ ကြာပြီထင်ပါရဲ့။ မပီကလာ ပီကလာနဲ့ အတိုးချပြောလိုက်ကြတာ ကျွက်ကျွက်ကိုညံလို့။ ဆွေမျိုးသားချင်းတွေ ဝမ်းမြောက်ဝမ်းသာ ပြန်ဆုံကြတဲ့ ကူးတို့ဆိပ်ကလေးဟာ အမှတ်ရစရာပါပဲ။

ဆက်လက်ပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဗျူဟာ(၁)မှာ တာဝန်ထမ်းဆောင်ရတော့ ငြိမ်းချမ်းရေးနဲ့ နယ်စပ်ဖွံ့ဖြိုးရေးဆိုတဲ့ ဝေါဟာရနှစ်ခုဟာ ကျွန်တော်နဲ့ ပိုပြီးနီးကပ်လာပါတယ်။ SSA၊ 'ဝ'၊ KDA၊ PSLA စတဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ ရင်းနီးကျွမ်းဝင်ခဲ့ရသလို သံလွင်အရှေ့ခြမ်း နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလဲ တတ်နိုင်သမျှ ပါဝင်ကူညီခွင့်ရခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ အတိုင်းအတာနဲ့ကြည့်ရင်တော့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ ၁၉၈၉ခုနှစ်မှာကတည်းက အရှိန်အဟုန်ပြင်းစွာ တာထွက်ကောင်းခဲ့ပါတယ်။ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီဖွဲ့ပြီး ၁၉၈၉ခုနှစ်ထဲမှာတင် စတင်ဖွင့်လှစ်တဲ့ အမကကျောင်းတွေကတော့ ကိုးကန့်ဒေသထဲက လောက်ကိုင်၊ ဆီအော၊ ချင်းရွှေဟော်၊ ပါစင်ကျော်၊ တာရွှေထန်၊ နမ့်ထော်၊ မော်ဖဒေသမှာ ဝမ်စလောင်းနဲ့ ကောင်းလန်၊ ကျိုင်းတုံအရှေ့ဒေသမှာ မိုင်းယု၊ မိုင်းမ၊ မိုင်းလား၊ ဆန်တောက်၊ ဆီလူး၊ မိုင်းဝ၊ မိုင်းဟဲကျောင်းတွေပါ။ ကျန်းမာရေးအတွက်ဆိုရင်လဲ ကိုးကန့်ဒေသမှာ လောက်ကိုင်နဲ့ ချင်းရွှေဟော်ဆေးရုံ၊ ဆီအော၊ ပါစင်ကျော်၊ တာရွှေထန်ဆေးခန်းတွေ၊ 'ဝ'ဒေသမှာ မိုင်းမောဆေးရုံနဲ့ နမ့်တစ်ဆေးခန်း၊ ကျိုင်းတုံအရှေ့မှာ မိုင်းလားနဲ့ မိုင်းယုဆေးရုံ၊ မိုင်းခ၊ ဆီလူး၊ မိုင်းမ၊ ကျိုင်းခမ်း (မိုင်းဝ)၊ မိုင်းဟဲ ဆေးခန်းတွေ။

၁၉၈၉ခုနှစ်အတွင်းစခဲ့တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေထဲမှာ လမ်းတံတားလုပ်ငန်းတွေလဲပါဝင်ပါတယ်။ နမ့်ဟူး-ချင်းရွှေဟော်လမ်း၊ ချင်းရွှေဟော်-လောက်ကိုင်လမ်း၊ လောက်ကိုင်-ကုန်ကြမ်းလမ်း၊ လောက်ကိုင်-ရန်လုံကျိုင်းလမ်း၊ ဟိုပန်-ချင်းရွှေဟော်လမ်း၊ ဟိုပန်-မိုင်းလားလမ်း၊ဟိုပန်-နမ့်တစ်လမ်း၊ မိုင်းယန်း-ဆီလူးလမ်း၊ မိုင်းယောင်း-မိုင်းယုလမ်း၊ ကြက်ဥတောင်- မိုင်းပေါက်လမ်း၊ ဝမ်တာပင်း-ပန်ဟိုမုန်းလမ်း၊ ပန်ဟိုမုန်း-မိုင်းယန်းလမ်း၊ မိုင်းယု-ဝမ်ဖြတ်လမ်း၊ ဝမ်ဖြတ်-မိုင်းဟဲလမ်း၊ ဝမ်ဖြတ်-၂၄၀ကျောက်တိုင်လမ်း စတာတွေနဲ့အတူ အစောဆုံးတည်ဆောက်ပေးခဲ့တဲ့ တံတားတွေက နမ့်တိန်ချောင်းကူးသံဘောလီတံတားနဲ့ ဝမ်တာပင်း ဘောလီတံတားများ ဖြစ်ပါတယ်။

ချင်းရွှေဟော်မြို့သစ်မှာ 4KVA မီးစက်နှစ်လုံးနဲ့ ၁၇-၇-၈၉ရက်နေ့ စတင်မီးလင်းစေခဲ့သလို ၁၉၈၉ခုနှစ် အတွင်း လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့တဲ့ မြို့ရွာများကတော့ မိုင်းယန်း၊ ဆီလူး၊ မိုင်းခတ်၊ မိုင်းလား၊ မိုင်းဆတ်၊ မိုင်းပန်၊ ရှာင်၊ မဘိန်းတို့ဖြစ်ပြီး ကိုးကန့်ဒေသ ပါ ကျက်ဟော်ရေအားလျှပ်စစ်စက်ရုံကို စတင်တည်ဆောက်ခဲ့ပါတယ်။

၁၉၈၉ခုနှစ် အစောဆုံးစတင်ခဲ့တဲ့ နယ်စပ်ဒေသ ဆက်သွယ်ရေးလုပ်ငန်းကတော့၃၀-၇-၈၉ရက်နေ့မှာလားရှိုးနဲ့ကွမ်းလုံ ရေဒီယို၊ တယ်လီဖုန်း ဆက်သွယ်ခြင်းပါ။ မိုင်းခတ်အဆင့် (၅)စာတိုက်နဲ့ ရေဒီယိုကြေးနန်းရုံး ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။စိုက်ပျိုးရေးလုပ်ငန်းမှာတော့ လားရှိုးနဲ့ကွမ်းလုံမှာ ထွန်စက်စခန်းတွေ စဖွင့်တယ်။ လောက်ကိုင်ဒေသမှာ နားလီနဲ့ရှီဖန်ဆည်တွေ စဆောက်တယ်။ ဆီလူး၊ မိုင်းယု၊မိုင်းဝဒေသတွေကို မြေဩဇာ၊ ပိုးသတ်ဆေး၊ ကော်ဖီမျိုး၊ အစေ့ထုတ်ပြောင်းမျိုးတွေ ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းတွေကိုတော့ ၁၉၉၄ခုနှစ်မှာမှ စတင်နိုင်ခဲ့ပါတယ်။၁၀၀၀ဝပ်လွှင့်အားရှိတဲ့ 'ဝ'ဒေသပန်ဆန်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကနေ ၃-၁-၉၄ရက်နေ့ကစပြီး မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တွေကို ထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။ ၁၉၉၄ခုနှစ်မှာ တည်ဆောက်ပေးနိုင်ခဲ့တဲ့ ရုပ်/သံလွှင့်စက်ရုံများကတော့ မိုင်းမော၊လောက်ကိုင်၊ မိုင်းယန်း၊ မိုင်းခတ်၊ ဆီလူး၊ မိုင်းလား၊ နမ့်ဖက်ကာ၊ မိုင်းဆတ်၊ ဘုတ်ပြင်း၊ ကလိန်အောင်၊ တနိုင်နဲ့ဖာပွန် ဒေသများပဲဖြစ်ပါတယ်။ သည်ကနေ့ အချိန်အခါမှာတော့ နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေး အဖွဲ့အစည်း ၁၇ ဖွဲ့ရှိခဲ့ပါပြီ။ ဖြတ်သန်းလာတဲ့ နိုင်ငံတော်ရဲ့ အတိတ်သမိုင်းကြောင်းနဲ့ ယှဉ်ကြည့်ရင် ဘယ်ခေတ်ဘယ်အခါမှ မရရှိဖူးသေးတဲ့ ငြိမ်းချမ်းရေးရလဒ်ပါပဲ။ ငြိမ်းချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုး တက်ခြင်းဟာ အချိုးညီပါတယ်။ငြိမ်းချမ်းခြင်းကို ငတ်မွတ်ဖူးသူတိုင်း မြတ်နိုးစွာ တန်ဖိုးထားတတ်ကြပါတယ်။

သွေးချင်းညီအစ်ကိုများအတွက် အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် ထမ်းဆောင်ခဲ့တဲ့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ ၂၀၀၃ခုနှစ် မေလထဲမှာ ၁၄နှစ်တင်းတင်း သက်တမ်းပြည့်ခဲ့ပါပြီ။နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှာ အဖွဲ့ဝင် ၁၆ဦး၊ လုပ်ငန်းကော်မတီမှာ အဖွဲ့ဝင်၅၃ဦးပါဝင်ပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ၁၁ခု၊ ဆပ်ကော်မတီ ၁၈ ခုနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနတို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေပါတယ်။

၁၉၈၉ခုနှစ်ကနေ ယနေ့အထိ နယ်စပ်ဒေသအသီးသီးမှာ မြေလမ်း၂၇၄၈မိုင် ၂ဖာလုံ၊ကျောက်ခင်းလမ်း ၁၅၇၈မိုင် ၂ဖာလုံ၊ကတ္တရာလမ်း ၂၉၇မိုင် ၅ ဖာလုံ၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၂၇၄၃မိုင် ၇ဖာလုံ၊တံတားကြီး ၄၂စင်း၊ တံတားငယ် အစင်း၆၄၀၊ ကြိုးတံတား၁၆ခု၊ ဆေးရုံ၅၂ရုံ၊ဆေးပေးခန်း ၈၂ခု၊ ကျေးလက်ကျန်းမာရေးဌာန၂၈ခု၊ကျေးလက်ကျန်းမာရေးဌာနခွဲ၄၁ခု၊ အမက ၆၂၇ ကျောင်း၊အလက ၆၁ ကျောင်း၊အထက ၆၂ ကျောင်း၊ စိုက်ပျိုးရေးရုံး ၃၁ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၅ခု၊ ထွန်စက်စခန်း ၁၁ခု၊လျှပ်စစ်မီးလင်းသည့် မြို့ရွာပေါင်း ၁၈၄ခု၊ ရေအားလျှပ်စစ်စက်ရုံ ရှစ်ရုံ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၉၇ရုံ၊ စာတိုက် ၄၇ခု၊ တယ်လီဖုန်းလုပ်ငန်း ၈၀ခု၊ ကြေးနန်းရုံး ၃၅ရုံး၊ မွေးမြူရေးခြံ ၁၉ခြံ၊ တိ/မွေးကုရုံး ၄၁ရုံး တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ငွေကျပ်သန်းပေါင်း ၄၃၀၂၅ ဒသမ ၆၃သန်း သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

နယ်စပ်ဒေသ ပညာရေးလုပ်ငန်း နှစ် ၃၀စီမံကိန်း မျှော်မှန်းချက်နဲ့အညီ ကျောင်းများတိုးချဲ့ဖွင့်လှစ်ခြင်း၊အဆင့်မြှင့်ခြင်းများ ဆောင်ရွက်ပေးသလို နွေရာသီ 'အ'သုံးလုံးသင်တန်းတွေ ဖွင့်လှစ်ပြီး စာမတတ်သူပပျောက်ရေး လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ကျန်းမာရေးကဏ္ဍမှာ ပန်ဆန်း၊မိုင်းလား၊ လောက်ကိုင်ဆေးရုံများကို ခုတင်(၅၀) ဆေးရုံအဖြစ် အဆင့်မြှင့်ပေးပြီးဖြစ်ပါတယ်။ နယ်စပ်ဒေသများမှာ လူမှုစီးပွားအခြေခံအဆောက်အအုံတွေ တည်ဆောက်ပေးနိုင်ခဲ့ပါပြီ။ မိုင်းလား၊ ပန်ဆန်း၊ နမ့်တစ်၊လောက်ကိုင်၊ ကောင်းခါး၊ ပန်ဝါ စတဲ့ ရွာငယ်လေးတွေဟာ မြို့ကြီးများအသွင် ပြောင်းလဲသွားပါပြီ။

နိုင်ငံတော်အစိုးရဟာ ပြည်ထောင်စုကြီးအတွင်း နေရာဒေသအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေး အထူးဒေသကြီးများ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။ဒါ့ကြောင့်နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို နောင်ကာလတစ်ခုမှာ သည့်ထက်ပိုပြီး တင်ပြနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ။

မြဝတီရုပ်မြင်သံကြား

၁၇-၆-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူသီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ်(ဥပဒေပညာ)
(ခ)ပထမနှစ်(ဘောဂဗေဒ)
၅း၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့ -ပြည်တွင်းထွက် လက်တွန်းထွန်စက်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အဖြူရောင်လွင်ပြင်"** အပိုင်း(၈)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဂူတန်းသိုင်းဆိုတာဒီလို"** အပိုင်း(၃၈)

နိဗ္ဗာန်

ဦးကျော်နိုင်
(ပထမကျော်၊ အဂ္ဂမဟာအကျော်၊ ဝဋံသကာ)

(ယမန်နေ့ကအဆက်)

ပြည်မြို့ ဇေတဝိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဇေတဝိကာရုံဆရာတော်ကြီးအနေဖြင့် နိဗ္ဗာနဇေတဝိကကျမ်းကို ပြုစုခဲ့သည်။ ကျမ်းစာအုပ်အနေဖြင့် သေးငယ်သောကျမ်းဖြစ်သော်လည်း နိဗ္ဗာန်နှင့် ပတ်သက်၍ ရှင်းလင်းသည်။ ဆရာတော်ကြီးအနေဖြင့် သစ္စယမိုက်ကို ကိုးကား၍ ရှင်းလင်းခဲ့သည်။ သစ္စယမိုက်တွင် **နိရောဓော နိရောဓသစ္စန္တိ နိရောဓသစ္စံ ထပေတွာ အဝသေသော နိရောဓော၊ န နိရောဓသစ္စံ၊ နိရောဓသစ္စံ နိရောဓောစေဝ၊ နိရောဓသစ္စဉ္စ** ဟု ဘုရားရှင် ဟောတော်မူခဲ့သည်။ အဓိပ္ပာယ်မှာ နိရောဓ မည်လျှင် နိရောဓသစ္စာမည်ပါသလောဟုမေးလျှင် သစ္စနိရောဓ(ဝါ) နိရောဓ သစ္စာကို ချန်ထား၍ ကျန်နိရောဓဟူသမျှသည် နိရောဓတော့မည်သည်၊ သို့သော် နိရောဓသစ္စာတော့မမည်ပါ။ သစ္စနိရောဓ(ဝါ) နိရောဓသစ္စာကတော့ နိရောဓလည်း မည်ပါသည်၊ နိရောဓသစ္စာလည်းမည်ပါသည် ဟူ၍ ဖြစ်သည်။

ဤ၌ 'အဝသေသောနိရောဓော' အရကိုလည်း အဋ္ဌကထာဆရာက "အဝသေသောနိရောဓောတိ တဒင်္ဂဝိက္ခမ္ဘန သမုစ္ဆေဒ ပဋိပဿဒ္ဓိ နိရောဓောစေဝ ခဏဘင်္ဂနိရောဓောစ ဟူ၍ ဖွင့်ဆိုပါသည်။ အဓိပ္ပာယ်မှာ ကြွင်းသော နိရောဓ ဆိုသည်မှာ တဒင်္ဂ နိရောဓ၊ ဝိက္ခမ္ဘန နိရောဓ၊ သမုစ္ဆေဒ နိရောဓ၊ ပဋိပဿဒ္ဓိ နိရောဓနှင့် ခဏဘင်္ဂ နိရောဓတို့ပင် ဖြစ်သည်။ ဤတွင် ခဏဘင်္ဂ နိရောဓ သည်လည်း ဥပ္ပါဒခဏဘင်္ဂနိရောဓနှင့် အနုပ္ပာဒခဏ ဘင်္ဂနိရောဓဟူ၍ နှစ်မျိုးကွဲပြန်သည်။ ထို့အပြင် သစ္စဝိဘင်း မူလဋီကာ၌ သင်္ခါရနိရောဓောစ၊ နိရောဓ သမာပတ္တိစ၊ နိရောဓော န အရိယသစ္စံဟူ၍ မိန့်ဆိုသည်။ အဓိပ္ပာယ်မှာ သင်္ခါရတို့ ချုပ်ငြိမ်းခြင်းသည် လည်းကောင်း၊ နိရောဓသမာပတ်သည် လည်းကောင်း နိရောဓကားမည်၏၊ အရိယသစ္စာကားမမည်"ဟူ၍ဖြစ်သည်။

ဤတွင် သစ္စယမိုက်နှင့် အဖွင့်အဋ္ဌကထာ ဋီကာတို့အရ နိရောဓသည် ရှစ်မျိုးရှိသည်။

၎င်းတို့မှာ-

(၁) **တဒင်္ဂနိရောဓ။** ။ကာမကုသိုလ်စိတ်တို့ ဖြစ်နေသည့် အခိုက် အကုသိုလ်တရားတို့မဖြစ်ဘဲ ချုပ်ငြိမ်း၍နေခြင်းဖြစ်သည်။

(၂) **ဝိက္ခမ္ဘန နိရောဓ။** ။ဈာန်ရပုဂ္ဂိုလ်များ၌ ဈာန်မှ မလျှောမကျမချင်း နီဝရဏ တရားတို့မဖြစ်ဘဲ ခွာရဲ၍ ချုပ်ငြိမ်းနေခြင်း ဖြစ်သည်။

(၃) **သမုစ္ဆေဒနိရောဓ။** ။မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်များ၌ မဂ်စိတ်ဖြစ်ခိုက် သက်ဆိုင်ရာ မဂ်စိတ်၏ အစွမ်းသတ္တိကြောင့် သက်ဆိုင်ရာ အနုသယတို့၏ နောက်တစ်ဖန် မဖြစ်ဘဲ ကင်းပြတ်ချုပ်ငြိမ်းခြင်း ဖြစ်သည်။

(၄) **ပဋိပဿဒ္ဓိနိရောဓ။** ။ဖလဋ္ဌာန်ပုဂ္ဂိုလ်များ၌ ဖိုလ်စိတ်၏ အရှိန်အဝါ အာနုဘော်ကြောင့် ကိလေသာ၏ အခိုးငွေ့များ ထပ်မံချုပ်ငြိမ်းခြင်း ဖြစ်သည်။

(၅) **ဥပ္ပာဒခဏဘင်္ဂနိရောဓ။** ။ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏ စုတိ စိတ်တော်မှ တစ်ပါးသော အလုံးစုံသောစိတ်တို့၏ ဘင်ခဏ၌ နောက်နောက် သော စိတ်တို့ဖြစ်ပေါ်လာရန် အနန္တရစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက် ချုပ်ငြိမ်းခြင်း ဖြစ်သည်။

(၆) **အနုပ္ပါဒခဏဘင်္ဂနိရောဓ။** ။ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏ စုတိစိတ်၏ ဘင်ခဏ၌နောက်နောက်သောစိတ်များ ဖြစ်ပေါ်လာစေရန် အနန္တရ စသောပစ္စယသတ္တိဖြင့် ကျေးဇူးမပြုဘဲ မိမိ၏အကြောင်းကုန်၍သာ ချုပ်ငြိမ်း ခြင်းဖြစ်သည်။

(၇) **နိရောဓသမာပတ္တိ(ဝါ)သညာဝေဒယိတနိရောဓ။** ။သမာပတ်ရစ်ပါး ရပြီးသော ကာမရူပအနာဂါမ်ရဟန္တာပုဂ္ဂိုလ်များ၌ နိရောဓသမာပတ်သို့ ရောက်ရန် ဈာန်ဝင်စားနည်း အမျိုးမျိုးတို့ဝင်စားခြင်းကြောင့် ကာမဘုံ၌ခုနစ်ရက်၊ ရူပဘုံ၌ အလိုရှိသမျှ စိတ်စေတသိက် စိတ္တဇရုပ်တို့မဖြစ်ဘဲ ချုပ်ငြိမ်းနေခြင်း ဖြစ်သည်။

(၈) **သစ္စနိရောဓ။** ။သစ္စာထိုက်သောနိရောဓပင်ဖြစ်သည်။ သစ္စနိရောဓသည် သင်္ခါရတို့နှင့်မရောမယှက် သက်သက်အသီးအခြားဖြစ်သော ပရမတ်လေးပါး တို့တွင် တစ်ပါးအပါအဝင်ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ဖြစ်သည်။

ဆရာတော်အနေဖြင့် ရှေ့နိရောဓ ခုနစ်ပါးကို နိရုဠှနိရောဓော၊ **နိရုဠှနံ-** ချုပ်ခြင်း၊ **နိရောဓော**-ချုပ်ခြင်းဟူ၍ ဘာဝသာဓန ဝိဂြိုဟ်ပြု၍ နောက်ဆုံး သစ္စနိရောဓကိုမူ-နိရုဠှန္တိ အနုသယာဧတ္ထာတိနိရောဓော၊ နိရုဠှန္တိ(ဝါ)အနုသယာ ဧတေနာတိ နိရောဓော ဝိဂြိုဟ်ပြု၍ အနုသယတို့၏ချုပ်ရာ သို့မဟုတ် ချုပ်ကြောင်း ဖြစ်သောကြောင့် နိရောဓမည်သည်ဟု ဖွင့်ဆိုခဲ့သည်။ ထို့အတူ နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်နှင့်ပတ်သက်၍လည်း ချုပ်ငြိမ်းခြင်းသည် ပရိနိဗ္ဗာန်ဖြစ်၍ ချုပ်ငြိမ်းခြင်းအကြောင်းသည် နိဗ္ဗာန်မည်ကြောင်း ခွဲခြားခဲ့သည်။ ပရိနိဗ္ဗာန် သည် အကျိုးတရားဖြစ်၍ နိဗ္ဗာန်သည် အကြောင်းတရား ဖြစ်သည်။

နိဗ္ဗာန်၏ သဘောသဘာဝနှင့် ပတ်သက်၍ နိဗ္ဗာန်သည် ဥပါဒ် ဌီ ဘင်မရှိခြင်းကြောင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်မဟုတ် ကာလဝိမုတ်သာ ဖြစ်သည်။ သတ္တဝါတို့၏ သန္တာန်မှအပ၌ဖြစ်ခြင်းကြောင့် ဗဟိဒ္ဓ၊ သာသနာတွင်း သာသနာပ မည်သည့် ကာလ၌မဆို တည်ရှိသောကြောင့် နိစ္စဓုဝသဿတ ဖြစ်ကြောင်း ရေးသားခဲ့သည်။

နိဗ္ဗာန်ရောက်သည်ဆိုရာ၌ နိဗ္ဗာန်သို့ ယာဉ်အမျိုးမျိုးနှင့်လည်း မရောက်နိုင်၊ ခြေကျင်ဖြင့်လည်း မရောက်နိုင်၊ နိဗ္ဗာန်သို့ သွား၍လာ၍လည်း မရောက်နိုင်၊ ပဋိသန္ဓေအားဖြင့်လည်း မရောက်နိုင်။ အမှန်စင်စစ်အားဖြင့် နိဗ္ဗာန်သည် သွားအပ်သော ဂန္တဗ္ဗတရားမဟုတ်သကဲ့သို့ ရောက်အပ်သော ပတ္တဗ္ဗတရားလည်း မဟုတ်ပေ။ နိဗ္ဗာန်သည် မျက်မှောက်ပြုအပ်သော သစ္ဆိကာတဗ္ဗတရားသာဖြစ်၍ မျက်မှောက်အာရုံပြုအပ်သော တရားသာဖြစ်သည်။ နိဗ္ဗာန်ကို မျက်မှောက် အာရုံပြုရာ၌လည်း အရိယာတို့ အသက်ထင်ရှားရှိနေစဉ် ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ နိဗ္ဗာန်ကို အောက်မေ့သော ပုဗ္ဗေနိဝါသာ အနုဿတိအဘိညာဉ်၊ ဝင်စားအပ်သော ဖိုလ်စိတ်များဖြစ်ရာကာလ၌သာ မျက်မှောက်အာရုံပြုနိုင်ကြောင်း၊ ထိုမှရှေ့၌ ၎င်းထိုမှနောက်ဖြစ်သော ပရိနိဗ္ဗာန်စံရာအခါ၌လည်းကောင်း၊ ပရိနိဗ္ဗာန် စံပြီးသည့် နောက်၌ ၎င်းနိဗ္ဗာန်ကို မျက်မှောက်ပြုသည်၊ ရောက်သည်ဟူ၍ မရှိတော့ကြောင်း ရေးသားခဲ့သည်။

မိုးကုတ် ဆရာတော်ကြီးသည်လည်း သာသနာတွင် နေလိုလလို ထင်ရှားသော ဆရာတော်ကြီးတစ်ပါးဖြစ်သည်။ ဆရာတော်ကြီးအနေဖြင့် နိဗ္ဗာန်နှင့်ပတ်သက်၍ ယောဂီပရိသတ်များကို ဟောကြားထားသော၊ ဟောကြား ရာ၌လည်း အမေးအဖြေသဘော ဟောကြားထားသော စာအုပ်စာတမ်းများကို တွေ့ရှိရသည်။ စာရေးသူအနေဖြင့် ကောက်ချက်ချရန် ဉာဏ်မမီသဖြင့် မဖော်ပြတော့ပါ။ မဟာစည်ဆရာတော်ကြီး၏ နိဗ္ဗာန်အယူအဆနှင့် ပတ်သက်၍လည်း ဤစာရေးသူ၌ စာအုပ်စာတမ်းမှတ်တမ်းမရှိသဖြင့် မဖော်ပြ တော့ပါ။ အခွင့်သာက ဖော်ပြသွားပါမည်။

နိဂုံးချုပ်အနေဖြင့် အထက်၌ ဖော်ပြခဲ့သော ဆရာတော်ကြီးများ၏ နိဗ္ဗာန်နှင့် ပတ်သက်သော အယူအဆကို သုံးစုခွဲနိုင်မည်ဟု ထင်သည်။ ပထမအုပ်စုတွင် အုတ်ဖိုဆရာတော်ကြီးနှင့် ရွှေကျင်သာသနာပိုင် ဆရာတော် ကြီးတို့၏ အယူအဆအုပ်စုဖြစ်သည်။ ဆရာတော်ကြီးများအနေဖြင့် နိဗ္ဗာန်သည် ရုပ်ဝိသေသ၊ နာမ်ဝိသေသ၊ ရုပ်ထူး နာမ်ထူးဟု ယူဆခဲ့သည်။ ဒုတိယအုပ်စုတွင် လယ်တီဆရာတော်ကြီး၊ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ကြီးတို့ ပါဝင်သည်။ ဆရာတော်ကြီးများက နိဗ္ဗာန်ဟူသည် အစဉ်ဖြစ်ပေါ်နေသော စိတ်စေတသိက် ရုပ်တရားတို့၏အဖြစ် ငြိမ်းမှုဟူ၍ ယူဆကြသည်။ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ကိုယ့်နိဗ္ဗာန်နှင့် ကိုယ်ရှိသည်ဟူသော အယူအဆသည် လယ်တီဆရာတော်၏ နိဗ္ဗာန်အယူအဆကို ဆက်၍ တွေးခေါ်ယူဆမှုဖြစ်သည်ဟု ထင်သည်။ လယ်တီ ဆရာတော်ကြီး၏ အယူအဆကို လက်ခံမှသာ ကိုယ့်နိဗ္ဗာန်နှင့် ကိုယ်ရှိနိုင်မည် ဖြစ်သည်။ တတိယအုပ်စုမှာမူ မြို့ပြင်ကြီးဆရာတော်နှင့် ပြည်ဇေတဝိကာရုံ ဆရာတော်ကြီး တို့၏ အယူအဆ ဖြစ်သည်။ ဆရာတော်ကြီးများအနေဖြင့် နိဗ္ဗာန်သည် ရုပ်ဝိသေသ၊ နာမ်ဝိသေသလည်း မဟုတ်၊ ရဟန္တာတို့၏ စိတ်စေတသိက်ရုပ်တို့ အဖြစ် ချုပ်ငြိမ်းသွားခြင်းမျှလည်း မဟုတ်၊ နိဗ္ဗာန်သည် အသင်္ခတဓာတ် ပရမတ်အစစ်ဖြစ်၍ ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ အမြဲတည်ရှိသော တရားဟူ၍ ယူဆကြသည်။

ထိုအယူအဆသုံးမျိုးတွင် ပထမအုပ်စု အယူအဆဖြစ်သည့် နိဗ္ဗာန်သည် ရုပ်ဝိသေသ၊ နာမ်ဝိသေသ(ဝါ)ရုပ်ထူး၊ နာမ်ထူးသာဖြစ်သည်ဟူသော အယူအဆကို နောက်ပိုင်းဆရာတော်များ အဆက်ဆက်က လက်မခံကြတော့ သည်ကို တွေ့ရသည်။ သို့သော် ရွှေဘိုဆရာတော် (ဘွဲ့အမည်မမှတ်မိ ဦးပဏ္ဍိတဟု ထင်ပါသည်)ကမူ "မင်း သံသေဓာတ်လုံးဟုခေါ်သော အမြုတေ ဓာတ်လုံးကို တွေ့ဖူးလား၊ သံဟာမီးတိုက်လျှင် လျော့ခြင်း၊ အရည်ပျော်ခြင်း ရှိရမည်။ သို့သော် လျော့နည်းသွားခြင်း၊ အရည်ပျော်သွားခြင်းမရှိ၊ ၎င်းကို အမတ၊ အမြုတေဓာတ်လုံးခေါ်ကြောင်း ၎င်းနှင့်နှိုင်းယှဉ်၍ နိဗ္ဗာန်ခေါ် အမတ ဓာတ်ကိုလည်း စဉ်းစားသင့်ကြောင်း"ပြောသည်။

ဒုတိယအုပ်စုကမူ "နိဗ္ဗာန်ဟူသည် အစဉ်ဖြစ်ပေါ်နေသော စိတ်စေတသိက် ရုပ်တရားတို့၏ အဖြစ်ချုပ်ငြိမ်းမှုဆို၍ တတိယအုပ်စုကမူ သစ္စယမိုက်ကို ထောက်၍ ထိုအဖြစ်ချုပ်ငြိမ်းမှုသည် နိဗ္ဗာန်အစစ်မဟုတ်၊ ထိုအဖြစ်ချုပ်ငြိမ်းခြင်းကို အာရမ္မဏ အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက်ရှိသည့် သင်္ခါရ တရားတို့နှင့် မရောမယှက် သက်သက် အသီးအခြားဖြစ်သော၊ ပရမတ် လေးပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော အသင်္ခတဓာတ်သည်သာ နိရောဓ သစ္စာထိုက်သည့် နိဗ္ဗာန်အစစ်ဖြစ်ကြောင်း၊ နိဗ္ဗာန်သည် ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ အမြဲတည်ရှိနေသည့် တရားဖြစ်ကြောင်း " မိန့်ဆိုသည်။

ထိုအယူအဆ အုပ်စု နှစ်ခုတွင် စာရေးသူ၏ အယူအဆကို တင်ပြရလျှင် နောက်ဆုံး တတိယအုပ်စု အယူအဆကို သဘောကျနှစ်ခြိုက်သည်။ အဘယ် ကြောင့်ဆိုသော် ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန်တွင် နိဗ္ဗာန်သည် ပစ္စည်း အကြောင်း တရားဘက်တွင်သာရှိ၍ အကျိုးပစ္စယုပ္ပန်ဘက်တွင် မပါဝင်ပါ။ နိဗ္ဗာန်သည် အကြောင်းတရားသာ ဖြစ်သည်။ သစ္စယမိုက်အဆိုနှင့်လည်း ဒုတိယ အုပ်စုအယူအဆသည် မကိုက်ညီဟု ထင်မြင်သည်။ နိဗ္ဗာန်သည် ပရိနိဗ္ဗုတ္တ ရဟန္တာ ကွယ်လွန်သည့်အခါ စိတ်စေတသိက် ရုပ်တရားတို့ အငြိမ်းသတ်အဖြစ်ငြိမ်းမှု ဟုယူဆလျှင် မဂ္ဂဝီထိတွင် ဂေါတြဘု၊ မဂ်နှင့် ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုရသည်။ မဂ္ဂဝီထိဆိုရာမှာလည်း သောတာပတ္တိ မဂ္ဂဝီထိ စသည်ဖြင့် လေးပါးရှိမည် ဖြစ်သည်။ ထိုဂေါတြဘုနှင့် မဂ်စိတ်၊ ဖိုလ်စိတ်တို့သည် မည်သည့်နိဗ္ဗာန်ကို အာရုံပြုရမည်နည်း၊ စဉ်းစားလျှင်လည်း နိဗ္ဗာန်သည် အမြဲ ရှိနေသည်ယူမှ သင့်မည်ထင်သည်။ သို့မဟုတ်ပါက သောတာပန်စသူတို့သည် ပရိနိဗ္ဗုတ္တ ရဟန္တာပုဂ္ဂိုလ်တို့၏ ခန္ဓာဝန်အဖြစ် ချုပ်ငြိမ်းခြင်းကို မှန်း၍ အာရုံပြု ရပေမည်။ သို့မဟုတ် မိမိကိုယ်တိုင် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုခြင်းကို ရည်မှန်းအာရုံပြုရပေလိမ့်မည် ဖြစ်သည်။

နောက်ဆုံး အလေးအနက်တင်ပြလိုသည်မှာ မြတ်ဗုဒ္ဓအနေဖြင့် မိမိ၏ တရားဓမ္မသည် အတက္ကာဝစရ စဉ်းစားကြံစည် တွေးခေါ်ရှင်တို့၏ ကျက်စားရာ မဟုတ်၊ လက်တွေ့ကျင့်ကြံ ကြိုးကုတ်အားထုတ်သူတို့၏ ကျက်စားရာသာ ဖြစ်ကြောင်း ဟောကြားခဲ့သည်။ စာရေးသူအနေဖြင့် စာပေအရသာ အသိတရား ရှိသင့်သလောက်ရှိ၍ လက်တွေ့မှာမူ ဘာမျှမရှိကြောင်း ဝန်ခံရမည်ဖြစ်သည်။ ထို့ကြောင့် ဤတင်ပြချက်များသည် ဆရာတော်ကြီးများ၏ အယူအဆကို လေ့လာသုံးသပ်နိုင်ရန်သာ တင်ပြ၍ တစ်ပိုင်းတစ်ကဏ္ဍ အနေဖြင့် မိမိ၏ထင်မြင် ချက်မျှကိုသာ ရေးသားတင်ပြလိုက်ခြင်းသာ ဖြစ်သည်။ ။

ဇွန် ၁၅ရက်က ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်အတွက် ဝန်ထမ်းမိသားစုပညာသင် ထောက်ပံ့ကြေး ပေးအပ်စဉ်။ (ပို့ဆောင်ရေး)

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်

ရန်ကုန် ဇွန် ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ၂၀၀၃ခုနှစ်ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများကို "သန်း ၁၀၀၀ ငယ်ရွယ်ကျန်းမာဖို့ ပညာပေးစောင့်ရှောက်စို့ "ခေါင်းစဉ်ဖြင့် ပြည်နယ်နှင့်တိုင်းမြို့ကြီးများရှိ အထက်တန်းကျောင်းများ၌ ယမန်နေ့နံနက် ၉နာရီမှ ၁၁နာရီအထိ တစ်ပြိုင်တည်း ကျင်းပကြသည်။

စာစီစာကုံးပြိုင်ပွဲကို အထက်တန်းအဆင့်(၈၊၉၊၁၀) တန်းနှင့် အလယ်တန်းအဆင့်(၅၊၆၊၇)တန်းနှစ်ဆင့် ခွဲ၍ ကျင်းပရာ သက်ဆိုင်ရာအတန်းအလိုက် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရန်ကုန်တိုင်းအတွင်းမြို့နယ်များရှိ စာစီစာကုံးပြိုင်ပွဲ ကျင်းပကြသည့် ကျောင်းများအနက် တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၄)အခြေခံ ပညာအထက်တန်းကျောင်းများသို့ ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့အင်အား ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ရီနှင့် ကော်မတီဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် ပညာရေးလေ့ကျင့်ရေးနှင့် စီမံကိန်း ဦးစီးဌာနတို့မှ တာဝန်ရှိသူတို့က လိုက်လံကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

မေ ၃၁ရက်က ကော့ကရိတ်မြို့နယ် ဘုရင့်နောင်ခန်းမ၌ ပြုလုပ်သော ၂၀၀၃-၂၀၀၄ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဝင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်လှအား စီမံကိန်းတာဝန်ပေးအပ်စဉ်။

(ခရိုင်ပြန်/ ဆက်)

တိုင်းရင်းဆေးကုဌာန အဆောက်အအုံပန္နက်တိုင်စိုက်ထူ

ရန်ကုန် ဇွန် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် တိုင်းရင်းဆေးကုဌာန၏ ဆေးခန်း အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တိုင် စိုက်ထူပွဲအခမ်းအနားကို မေ ၂၂ရက်နံနက်က သီပေါမြို့ ဇာတ်စု ရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းစိန်လင်းနှင့် ဆေးခန်းဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ ဒုတိယ တိုင်းရင်းဆေးခန်းမှူး ဒေါ်စန်းစန်းဝေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ သီပေါမြို့နယ် တိုင်းရင်းဆေးကုခန်းကို ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ဒေသခံစေတနာရှင်များ ပူးပေါင်းကျခံ၍ ကျပ်သိန်း ၄၀ တန် အဆောက်အအုံသစ်အဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့နေပြည်သူများ၏ အသားငါးလိုအပ်ချက် ကူညီဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ် ကြက်သားတိုးချဲ့ထုတ်လုပ်၊ အခွန်လွတ်ဈေးများတွင် ပိုမိုရောင်းချနိုင်ရန်စီမံဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်က ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးစခန်းများသို့ သွားရောက်၍ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက်၇နာရီခွဲတွင် မင်္ဂလာဒုံ မြို့နယ်ရှိ ပင်မငါးမွေးမြူရေးစခန်းသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ ပင်မငါး မွေးမြူရေး စခန်းတာဝန်ခံ အရာရှိ ဗိုလ်မှူးသက်လှိုင်က ပင်မငါးမွေးမြူရေးစခန်း၌ ငါးများမွေးမြူထုတ်လုပ်နေမှုအခြေအနေ၊ ဝက်မွေးမြူထားရှိမှု အခြေအနေ၊ ဝက်နှင့်ဥစားကြက်တို့၏ မွေးမြူနိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် တွံတေးမြို့နယ် ရွှေမယင်း ဒေသ၌ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးဦးစီး ကော်မတီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးသိန်းဆင့်က ရန်ကုန်တိုင်း စစ်ဌာနချုပ်က ဆောင်ရွက်လျက်ရှိသည့် အသားစားကြက်၊ ဥစားကြက်၊ ငါးမွေးမြူရေးနှင့် ဝက်မွေးမြူရေး လုပ်ငန်းအခြေအနေများ၊ ကြက်ဥ၊ ကြက်သား၊ ငါးနှင့် ဝက်သားများ ထုတ်လုပ်နေမှုနှင့် ဆက်လက်ထုတ် လုပ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့နေ ပြည်သူများ၏ အသား၊ ငါးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ကူညီဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်း စစ်ဌာနချုပ်က မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများက ရည်ရွယ်ချက်နှင့်အညီ တိုးချဲ့ဆောင် ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် မင်္ဂလာဒုံ ပင်မငါးမွေးမြူရေး စခန်းရှိ ငါးမွေးမြူရေးကန်များပေါ်၌ ဝက်မွေး မြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ငါး ကန်များ၌ ငါးများ အောင်မြင်ဖြစ် ထွန်းစွာ မွေးမြူထားရှိမှု အခြေအနေ များကို လည်းကောင်း၊ ဥစားကြက် တိုးချဲ့မွေးမြူနိုင်ရေးအတွက် ကြက်ခြံ ဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ သည် အင်းစိန်မြို့နယ် စော်ဘွားကြီး ကုန်း၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်က ဆောင်ရွက်လျက်ရှိသည့် အမှတ်(၁) မွေးမြူရေးစခန်းသို့ ရောက်ရှိလာရာ ခြံတာဝန်ခံအရာရှိ ဗိုလ်ကြီး ဝင်းဇင် မောင်က အမှတ်(၁) မွေးမြူရေးခြံ အတွင်း အသားစားကြက်များမွေးမြူ ထားရှိမှု အခြေအနေများ၊ ငါးခူမွေးမြူ ထားရှိမှုအခြေအနေများနှင့်ကြက်သား ထုတ်လုပ်နိုင်မှုအခြေအနေများကို ရှင်း လင်းတင်ပြသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ကြက်သားတိုးချဲ့ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ကြ ရန်၊ ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ် သူများ၏ အခွန်လွတ်ဈေးများတွင် ပိုမိုရောင်းချနိုင်ရေး စီမံရန်နှင့် အခြား ဈေးများ၌လည်း ရောင်းချနိုင်ရေး မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့်အဖွဲ့သည် အမှတ်(၁) မွေးမြူရေးစခန်းအတွင်း ကြက်ဥ ဖောက်စက်များ အခြေအနေနှင့် ဝက် ခြံများ အခြေအနေကို လည်းကောင်း၊ အသားစားကြက် မွေးမြူထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲဆုရသူများ

ရန်ကုန် ဇွန် ၁၆

၂၀၀၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ/ပိုစတာ ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများ၊ တေးသီချင်းများ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီ/ ပိုစတာ များကို ဖိတ်ခေါ်၍ ရွေးချယ်ရေး အကဲဖြတ်အဖွဲ့ဝင်များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများစာရင်းကို ဇွန် ၁၄ရက်က ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတို

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးစိုးမြင့် (ချစ်လွမ်းပို-မြန်မာ့အသံ)၏ "ထိချက်မှန်သော မြားတစ်စင်း"က ပထမဆု၊ မသန်းသန်းစိုး၏ "အမှောင်ခွင်းသောနေ့"က ဒုတိယဆု၊ ဒေါ်ဝင်းဝင်းမြင့် (မကျည်းတန်း - လှိုင်ကော်)၏ "တောင်စွယ်မယွန်းမိန္ဒတ်ခွန်းချိ၍"က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ရဲအုပ်မှူးသဏ်း(သဏ်း-သတ္တဗေဒ)၏ "ပန်းတိုင်သစ်အတွက် ဓားသွေးကျောက်တစ်လက်"၊ ရဲအုပ်မောင်သန်း(မောင်သက်နှင်း မ/ဥ)၏ "ဆင်ကြီးခတ်ပုံ"၊ မြမြဝင်း(မြမြဝင်းထွန်း)၏ "မဟူရာညာ၏အလင်းတန်း"၊ ဒေါက်တာ မောင်မောင်လွင်၏ "မေမိုး မှတ်တမ်း"နှင့် ရဲအုပ်ရဲညွန့် (ရဲရဲထွန်း-ဟသ်ာတ)၏ "ပါချန်မြစ်ကိုဆန်၍ မာရမ်းမှအပြန်"တို့က အသီးသီးရရှိကြသည်။

ဆောင်းပါး

ဆောင်းပါးပြိုင်ပွဲတွင် ဒေါ်တင်ရီ (ဖြူမာသန့်)၏ "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်"က ပထမဆု၊ မစော ဣန္ဒာသက်မောင်၏ "မူးယစ်ဆန့်ကျင် တို့ပြည်တစ်ခွင် အောင်ပွဲဆင်"က ဒုတိယဆု၊ ကိုသက်ဦး(သက်ဦးမောင်) ၏ "စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်"က တတိယဆုများရရှိကြပြီးအထူးဆုများအဖြစ် ဒေါက်တာသန့်ဇင်ထွန်း (နတ်တလင်း)၏ "မူးယစ်ကိုပစ် ပန်းတိုင်သစ်သို့ သမိုင်းပေးတာဝန် ထမ်းကျေပွန်စို့"၊ ဒေါ်မြမြသိန်း၏ "မူးယစ်ကိုပစ် နိုင်ငံချစ်မည် ပန်းတိုင်ချီတက် အောင်ပွဲဆက်"၊ ရဲအုပ်မောင်သန်း (မောင်သက်နှင်း မ/ဥ)၏ "မူးယစ်ကိုပစ် ပန်းတိုင်သစ်"၊ ဒေါ်တင်သိန်း၏ "ပန်းတိုင်သစ်များအတွက် ရှေ့ဆက်မည်"နှင့် ခိုင်ငြိမ်းထွန်း၏ "မူးယစ်ကိုပစ် ပန်းတိုင်သစ်"တို့က အသီးသီးရရှိကြသည်။

ကဗျာ

ကဗျာပြိုင်ပွဲတွင် အရာခံဗိုလ်မိုးအောင်(မောင်မောင်မိုးအောင်)၏ "အမျိုးသားရေးအသွင် တူယှဉ်တိုက်ဖျက် လက်ချင်းယှက်"က ပထမဆု၊ ဦးစိုးမြင့်(ချစ်လွမ်းပို-မြန်မာ့အသံ)၏ "တို့များတစ်ခေတ် ပန်းတိုင်သစ်"က ဒုတိယဆု၊ ရဲအုပ်မောင်သန်း(မောင်သက်နှင်း မ/ဥ)၏ "အဆိပ်ပန်းမျိုး မူးယစ်ဆိုးရိုက်ချိုးချေပစ်ပန်းတိုင်သစ်"က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးထွန်းအောင်ကျော်(စွမ်းဝေ-ဓနိကုန်း)၏ "သစ္စာလက်ရုံး ချစ်နှောင်ထုံးဖြင့် ချေမှုန်းညီတူ မျိုးဖျက် ဘုံရန်သူ"၊ ဒေါ်ဝင်းဝင်းမြင့် (မကျည်းတန်း-လှိုင်ကော်)၏ "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်"၊ ဦးစိုးမြင့်(ရေနံချောင်း စိုးမြင့်)၏ "ဆေးယစ်ပင်အရိပ် မလွှမ်းအောင် တစ်စိတ်တစ်ဝမ်းတည်း တို့ကာကွယ်"၊ ဦးဇော်ဝင်းမြင့်(မောင်ရင်ငြိမ်း-မအူပင်)၏ "တိမ်ညို ရှင်း၍ လမင်းသာစေ မြန်မာပြည်"နှင့် မစောဣန္ဒာသက်မောင်၏ "မူးယစ်ကင်းစင် မော်ကွန်းတင် ဂုဏ်အင်လမ်းသစ် ဖွေပြည်ခေတ်"တို့က အသီးသီးရရှိကြသည်။

တေးသီချင်း

တေးသီချင်းပြိုင်ပွဲတွင် သိန်းစိုးမိုး၏ "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်" တေးသီချင်းက ပထမဆု၊ တင်မောင်လှိုင်၏ "မူးယစ်ဆန့်ကျင်အောင်ပွဲဆင်" တေးသီချင်းက ဒုတိယဆု၊ တင့်လွင်ဦး၏ "အမှောင်ကမ္ဘာက သင်ခန်းစာ" တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် စိုးထွဋ်ခိုင်၏ "မူးယစ်ဟူသမျှ ရှောင်ကြဉ်ကြ"၊ ကိုသန်းဆွေ၏ "မူးယစ်အန္တရာယ် ဝိုင်းဝန်းတို့ကာကွယ်"၊ ထွန်းထွန်းမင်း၏ "ကာကွယ်ရှင်းလင်း ကင်းစင်ခြင်းသို့"၊ အေးလွင် (မြဝတီ)၏ "မူးယစ်ကင်းစင် မြန်မာ့အလှကိုဆင်"နှင့် ကြိုင်ဝင်းသစ်၏ "မူးယစ်ကင်းစင် မြန်မာ့အားအင်"တို့က အသီးသီးရရှိကြသည်။

ပန်းချီ

အသက် (၁၀)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မမေသက်ဇင် အထက(၁) လမ်းမတော်က ပထမဆု၊ မောင်ထက်နိုင်လင်း အထက(၁)ဒဂုံက ဒုတိယဆု၊ မစုမြတ်နိုးနွယ် အလက(၁)ဒဂုံက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်စည်သူအောင် အမက(၃၂)တာမွေ၊ မဆုမြတ်နိုးနွယ် အထက(၂)ဒဂုံ၊ မောင်ရဲရင့်နိုင်ဦး ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ မမေထူးမြတ်မွန် မြို့မ အလက ကျောက်တန်းနှင့် မောင်ကောင်းထက်ကျော် အမက(၁၈) တာမွေတို့က အသီးသီးရရှိကြသည်။

အသက် (၁၀-၁၅)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မောင်ကောင်းမြတ်မင်းစိုး ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ပထမဆု၊ မောင်သီဟတင် အထက(၁)ဒဂုံက ဒုတိယဆု၊ မခိုင်မြတ်မျိုးထွန်းလင်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းထက် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ မသင်ဇာလွင် အထက(၂) လသာ၊ မသက်ငုံဖူးဝေ အထက(၂) သဃ်န်းကျွန်း၊ မောင်ကောင်းမြတ်ဦး အထက(၂) တာမွေနှင့် မဆုမြတ်နိုး ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းတို့က အသီးသီးရရှိကြသည်။

အသက် (၁၅-၂၀) နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မောင်စည်သူအောင် ဒုတိယနှစ် (စီးပွားရေး)က ပထမဆု၊ မောင်နန္ဒအောင် ပထမနှစ်(ရူပဗေဒ)က ဒုတိယဆု၊ မောင်ရဲကိုကိုအောင် အထက(၁)တာမွေက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်မင်းဇော်ထူး အထက(၂) လှိုင်သာယာ၊ မောင်စိုင်းလောဝ်ခမ်း အထက(၆)တောင်ကြီး၊ မောင်သန်းထိုက်အောင် အထက(၂) လှိုင်သာယာ၊ မအေးအိစိုးစံ ပထမနှစ် (စီးပွားရေး)အရှေ့ပိုင်းတက္ကသိုလ်နှင့် မဇင်မာငြိမ်း အထက(၂)လသာတို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ပန်းချီပြိုင်ပွဲတွင် ဦးအောင်မိုး (ရှမ်းလေးပန်းချီ)က ပထမဆု၊ မသက်ဖြူဝင်း (ယဉ်ကျေးမှုတက္ကသိုလ်)က ဒုတိယဆု၊ မသဇင်စိုးမြင့် (ယဉ်ကျေးမှု တက္ကသိုလ်)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမြမြဝင်းထွန်း(ရန်ကုန်)၊ ဦးချစ်ဟန် (မော်လမြိုင်)၊ ဦးရဲအောင်မြတ် (သဃ်န်းကျွန်း)၊ ဦးမောင်မောင်(ကျောက်တန်း)နှင့် ကိုမောင်မောင်ဝင်း (ပုသိမ်)တို့က အသီးသီးရရှိကြသည်။

ကာတွန်း

အသက်(၁၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မဆုယမင်း အထက(၁)ဒဂုံက ပထမဆု၊ မောင်ရဲဇာနည်အောင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ဒုတိယဆု၊ မောင်သုတဇော် အလက(၄) မော်လမြိုင်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မနီလာရွှန်းလက် အထက(၁)ဒဂုံ၊ မောင်သက်ပိုင်အေး အလက(၁)မြိတ်၊ မောင်ကျော်ဇင်ထွန်း ချမ်းအေးသာစံ မန္တလေး၊ မမေမြတ်နိုးနွယ် ဒေါ်ရင်ဝိုင်းမူကြို မရမ်းကုန်းနှင့် မမေသက်ဇင် အထက(၁) လမ်းမတော်တို့က အသီးသီးရရှိကြသည်။

အသက်(၁၀-၁၅)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မောင်ဝေယံမြင့် အထက (၃)မြစ်ကြီးနားက ပထမဆု၊ မယမင်းနိုင်ဝေ အထက(၁)ဒဂုံက ဒုတိယဆု၊ မမေသင်းနွယ် အထက(၁) ကမာရွတ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ရဲလင်းထွန်း အထက(၂)စစ်တွေ၊ မောင်ရဲတင့်ဘော် အထက (၄) မရမ်းကုန်း၊ မောင်ပြည့်ဖြိုးကျော်ရန်ကုန်၊ မသင်ဇာလွင် အထက(၂) လသာနှင့် မခိုင်ဇာသွင် အလက(၁) သာကေတတို့က အသီးသီးရရှိကြသည်။

(၁၅-၂၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် ရဲတပ်သားသူရ မရမ်းကုန်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ပထမဆု၊ မောင်ရဲကိုကိုအောင် အထက(၁)တာမွေက ဒုတိယဆု၊ မမေသိမ့်ထွန်းနီ ဒုတိယနှစ်(ပန်းချီ)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်စည်သူအောင် ဒုတိယနှစ်(စီးပွားရေး)၊ မောင်မြတ်မင်း အထက(၁) ဝါးခယ်မ၊ မပြည့်ချစ် အထက(ညောင်ရွှေ)၊ မောင်နန္ဒအောင် ပထမနှစ် (ရူပဗေဒ)နှင့် မအေးအိစိုးစံ ပထမနှစ်(စီးပွားရေး) တို့က အသီးသီး ရရှိကြသည်။

အသက်(၂၀)နှစ်အထက် ကာတွန်းပြိုင်ပွဲတွင် ဦးချစ်ဟန် (မော်လမြိုင်)က ပထမဆု၊ ရဲအောင်မြတ်(ကျောက်စိမ်း-YAM)က ဒုတိယဆု၊ ဦးအောင်မိုး (ရှမ်းလေးပန်းချီ)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးညွန့်ဦး (စိုးမင်း)အိမ်မဲမြို့၊ မောင်သက်နောင် (သက်နောင်ပန်းချီ)၊ မောင်နိုင်ထွန်း (ကိုကြီး)၊ မထွေးထွေးလှိုင် ဒုတိယနှစ် (ပန်းချီ)နှင့် ဦးသိန်းထွန်း (ကာတွန်း သိန်းထွန်း)တို့က အသီးသီးရရှိကြသည်။

ပိုစတာ

အသက်(၁၀)နှစ်အောက် ပိုစတာ ပြိုင်ပွဲတွင် မောင်ခန့်ပီဟန် အမက(၁) ဗဟန်းက ပထမဆု၊ မမေသက်ဇင် အထက(၁)လမ်းမတော်က ဒုတိယဆု၊ မောင်သက်ပိုင်စိုး အမက(၂၄)ပုသိမ်က တတိယဆုများရရှိကြပြီး အထူးဆုများ အဖြစ် မဆုထက်ထက်နိုင်(မူကြို)၊ မဆုလဲ့လဲ့ဖြိုး အမက လွှန်(၁၁) မန္တလေး၊ မောင်လမင်းပြည့် အလက (၁)ဒဂုံ၊ မောင်နိုင်လင်းဇော် အထက (၁၄)မန္တလေးနှင့် မေသန္တာအောင် အမကလွှန်(၁၁) မန္တလေးတို့က အသီးသီးရရှိကြသည်။

အသက်(၁၀-၁၅)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မအိကေသွယ်ထွန်း အထက(၁၇)မန္တလေးက ပထမဆု၊ မဇထက်ထက်အောင် အထက(၂) လသာက ဒုတိယဆု၊ မနန္ဒာလင်း ပန်တျာကျောင်းဝင်း မန္တလေးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်အာကာမျိုး အထက(၁)မန္တလေး၊ မောင်သီဟမောင် ရွှေရောင်ဘုန်း အထက(၁၇) မန္တလေး၊ မကြည်သာစင် နန်းရှေ့ပန်တျာကျောင်းဝင်း၊ မမိုးမြတ်သူ အထက (၂)လသာ၊ မခင်ချမ်းမြေ့သူ ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်းတို့က အသီးသီးရရှိကြသည်။

အသက်(၁၅-၂၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မအေးအေးဖြူ ဒုတိယနှစ် (ရက္ခဗေဒ)က ပထမဆု၊ မအေးအိစိုးစံ ပထမနှစ်(စီးပွားရေး)က ဒုတိယဆု၊ မဟေမာန်သော်တာငြိမ်း အထက(၅)ပြည်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်စည်သူအောင် ဒုတိယနှစ်(စီးပွားရေး)၊ မဖြူမာအောင် နိုင်ငံခြားဘာသာတက္ကသိုလ်၊ မပြည့်ပြည့်သန့် ဒုတိယနှစ် (စီးပွားရေး)၊ မပို့ပို့ကြည် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မောင်အောင်သူရ အထက(၄) ပြည် ရွှေတောင်တို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ပိုစတာပြိုင်ပွဲတွင် မောင်ဇာနည်ထွန်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)က ပထမဆု၊ ကိုလေးအောင် ဘိုကလေးမြို့နယ်က ဒုတိယဆု၊ ဒေါ်ခင်မျိုးမြင့်ရွှေ နန်းရှေ့မန္တလေးက တတိယဆုများရရှိကြပြီး အထူးဆုများ အဖြစ် ကိုဇော်ဝင်း (ဇော်ဝင်း-ငှက်ပျောသီး)၊ ဦးရဲထွဋ် အောင်(ရဲထွဋ်အောင် လောကနတ် ပန်းချီ)၊ မသဇင်စိုးမြင့်(ယဉ်ကျေးမှုတက္ကသိုလ်)၊ ဦးမောင်မောင် ကျောက်တန်းမြို့နယ်နှင့် မဥသဉ္ဇာကျော် နည်းပညာတက္ကသိုလ် မော်ဘီတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီ

ကွန်ပျူတာပန်းချီ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် မရွှေရည်ဝင်း အထက (၈)မော်လမြိုင်က ပထမဆု၊ မောင်ပိုင်စိုးသူ အထက(၂)စစ်တွေက ဒုတိယဆု၊ မမေအိန္ဒြာကျော် အထက(၂)လသာက တတိယဆုများ ရရှိကြပြီး အထူးဆုများ အဖြစ် မောင်ဝေလင်းထွန်း အထက(၆)ပုသိမ်၊ မောင်မင်းသန့်ကျော် အထက(၄) တောင်ကြီး၊ မအေးသီရိစိုး အထက(၁၆)မန္တလေး၊ မောင်ဝင်းဝဏ္ဏလင်း အလက(၁) ညောင်ရွှေနှင့် မောင်မျိုးဇေဦး အထက(၃)မြစ်ကြီးနားတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီ အထက်တန်းအဆင့် ပြိုင်ပွဲတွင် မသရဖူအောင် အထက(၁) လမ်းမတော်က ပထမဆု၊ မောင်ကောင်းပြည့်ဝင်း အထက(၂) ပုသိမ်က ဒုတိယဆု၊ မောင်အောင်ခန့်ဇော် အထက(၁) မြိတ်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်မြတ်ဇော်ဟိန်း အထက(၂) စစ်တွေ၊ မောင်ရဲကိုကိုအောင် အထက(၁)တာမွေ၊ မောင်ချမ်းမြေ့စိုး အထက(၁)ဘားအံ၊ မောင်ကောင်းမြတ်မောင်မောင်မြင့် အထက(၃)ပဲခူးနှင့် မောင်ရဲဝင်းထိုက် အထက(၂)လားရှိုးတို့က အသီးသီးရရှိကြသည်။

ဒစ်ဂျစ်တယ်ပိုစတာ

ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲတွင် အလွတ်တန်းတစ်မျိုးတည်းသာ သတ်မှတ်ထားရာ မောင်စိုင်းခမ်းထွန်းဦး လားရှိုးက ပထမဆု၊ မောင်စိန်လင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးက ဒုတိယဆု၊ မောင်စိုင်းရစ်ချက် ဂူဘရိုင်း ပထမနှစ်(ရက္ခဗေဒ)ပုသိမ်ကောလိပ်က တတိယဆုများရရှိကြပြီး အထူးဆုများ အဖြစ် မောင်ကြည်စိုးလင်း ဟသ်ာတ ကွန်ပျူတာကောလိပ်၊ မအေးမြတ်သူ ဒုတိယနှစ် ဟသ်ာတ ကွန်ပျူတာကောလိပ်၊ မချောရွှေရည်ထိုက် အထက ရေတာရှည် ပဲခူးတိုင်း၊ မနွယ်ရည်ထွန်း လားရှိုး၊ မောင်သန်းစိုးအောင် အထက ကညွတ်ကွင်း ပဲခူးတိုင်းတို့က အသီးသီးရရှိကြသည်။

ပြိုင်ပွဲများတွင် ပထမ၊ဒုတိယ၊တတိယဆု ရရှိသူများကိုသာ ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ဆုချီးမြှင့်ပြီး ကျန်အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များက ဆုချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများသည် ဇွန် ၂၄ ရက်တွင် စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့် ဗဟန်းမြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မူးယစ်ဗဟိုရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၄၉၂၂၅ သို့ ဖြစ်စေ သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီယက်နမ်လူငယ်အသင်းကို အနိုင်ရရှိသွားသော မြန်မာလူငယ်အသင်းအားပွဲအပြီးတွင်ကမ္ဘောဇဘဏ်လီမိတက်က ဂုဏ်ပြုဆုငွေ ကျပ်သိန်း၅၀ချီးမြှင့်ရာ အသင်းခေါင်းဆောင် ထွန်းထွန်းဝင်း လက်ခံရယူစဉ်။ (မြန်မာ့အလင်း)

မလေးရှားကစင်ကာပူကိုနိုင်ပြီး ဗိုလ်လုပွဲတက်

ရန်ကုန် ဇွန် ၁၆

ပထမအကြိမ် အာဆီယံအသက် (၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲ ဒုတိယအကြို ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ညနေ ၆ နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ မလေးရှားလူငယ်အသင်းနှင့် စင်ကာပူလူငယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ မလေးရှားလူငယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မလေးရှားလူငယ်အသင်းအတွက် ပထမဂိုးကို မိနစ် ၄၀ တွင် ကျောနံပါတ်(၁၇) Mohd Hafiz Syobri Omar က သွင်းယူသည်။ ပထမပိုင်းအပြီးတွင် မလေးရှားလူငယ်က တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် မလေးရှားလူငယ်အသင်းက ဆက်လက်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ ၆၅မိနစ်တွင် ပထမဂိုးသွင်းခဲ့သူ ကျောနံပါတ်(၁၇) Mohd Hafiz Syobri Omar က ကွင်းလယ်မှတစ်ဦးတည်း ဆွဲယူသွားပြီး ဂိုးသမားနှင့် အနီးကပ်သွင်းယူသဖြင့် ဒုတိယဂိုးရရှိသည်။

မလေးရှားအသင်းက အားကစားသမားသုံးဦး၊ စင်ကာပူအသင်းက နှစ်ဦး လူစားလဲကစားသည်။ မလေးရှားအသင်းက ခြေအသာစီးမှကစားသွားနိုင်ခဲ့ပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ စင်ကာပူအသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် သေချာပေါက် ဂိုးသွင်းခွင့်များရရှိသော်လည်း ပိုင်နိုင်စွာ အသုံးမချနိုင်ခဲ့ပေ။ ပွဲအပြီးတွင် မလေးရှားလူငယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ **(မြန်မာ့အလင်း)**

● *မြန်မာလူငယ်မှ*

မြန်မာလူငယ်နှင့် မုတ်သုံမိုးသည် မိတ်ဖက်များဟု ဆိုရလောက်အောင် မြန်မာလူငယ်နှင့် ဗီယက်နမ်လူငယ်တို့ ပွဲမစမီ မွန်းလွဲ ၁ နာရီခွဲတွင် မိုးသည်းသည်းမဲမဲ ရွာသွန်းနေရာ သုဝဏ္ဏ ဘောလုံးကွင်းတစ်ခုလုံး ရေတဖွေးဖွေး ဖြစ်သွားသည်။ မြန်မာလူငယ်များကို အားပေးမည့် ပရိသတ်များသည် နံနက် ၁၀နာရီမှစ၍ တဖွဲဖွဲလာရောက်ခဲ့ကြရာ မွန်းလွဲ ၁ နာရီမှာပင် ပွဲကြည့်စင်များ ပြည့်လုနီးပါးဖြစ်နေသည်။

မိုးသည်းကြီးမဲကြီးရွာသွန်းနေသော်လည်း ဇွဲနပဲကြီးလှသော မြန်မာပရိသတ်ကြီးသည် မိုးရွာသွန်းမှုကိုအမှုမထားဘဲ မိုးထဲရေထဲတွင် မြန်မာနိုင်ငံတော်အလံများ ဝေ့ယမ်းကာ သံပြိုင်ဟစ်ကြွေးနေကြသည်။ မြန်မာဟူသော အင်္ဂလိပ်စာတန်းပါ နဖူးစည်းများကပ်၍လည်းကောင်း၊ မြန်မာနိုင်ငံတော်အလံပုံတူစတစ်ကာများကို ပါးတွင်ကပ်၍လည်းကောင်း၊ မြန်မာအမည်စာတန်းပါ အနီရောင်အကျႌများကို ဝတ်ဆင်၍ လည်းကောင်း မြန်မာလူငယ်များကို အားပေးခဲ့ကြရာမြန်မာ့ဘောလုံးသမိုင်းတွင် မကြုံစဖူးထူးကဲလှသည့်မြင်ကွင်းတစ်ရပ်ပင်ဖြစ်သည်။

အနီရောင်ပင်လယ်

မြန်မာလူငယ်အသင်းသည် အနီရောင်အကျႌ၊ အနီရောင်ဘောင်းဘီနှင့် အနီရောင် ခြေအိတ်တို့ကို ဝတ်ဆင်ကစားသကဲ့သို့ ပရိသတ်များကလည်း အနီရောင် အကျႌများဖြင့် မြန်မာနိုင်ငံတော်အလံများကို ဝေ့ယမ်း၍ တစ်ခဲနက် အားပေးခဲ့ကြရာ သုဝဏ္ဏကွင်းတစ်ခုလုံးအနီရောင်လှုပင်လယ်ကြီးဖြစ်သွားသည်။

မြန်မာလူငယ်အသင်းက ဒုတိယပိုင်းတွင် အနိုင်ဂိုးနှစ်ဂိုးကို သွင်းယူခဲ့သဖြင့် ပရိသတ်အားလုံး တိုင်ပင်ထားသည့်အလား ပြိုင်တူမတ်တပ်ရပ်ကာ လက်ဝါးပေါက်မတတ် အားပေးဂုဏ်ပြုခဲ့ကြရာ သုဝဏ္ဏဘောလုံးကွင်းတစ်ခုလုံး ပဲ့တင်ထပ်မြည်ဟိန်းသွားပြီး ကြက်သီးဖြန်းဖြန်းထစေခဲ့သည်။

ပွဲအပြီးတွင် မြန်မာလူငယ်များက မြန်မာနိုင်ငံတော်အလံ ဝေ့ယမ်းကာ တစ်ခဲနက်အားပေးကြသော ပရိသတ်ကြီးကို နှုတ်ဆက်အောင်ပွဲခံကြရာ ပရိသတ်များမှာ ဝမ်းသာလွန်းသဖြင့် စိတ်မထိန်းနိုင်ဘဲ မျက်ရည်စို့ခဲ့ကြရသည်။ ၁၉၉၅ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းက ဗီယက်နမ်လက်ရွေးစင်အသင်းကို တင်ရှိခဲ့သောရှုံးကြွေးကို မြန်မာလူငယ်တို့က ထိုက်ထိုက်တန်တန်ပေးဆပ်နိုင်ခဲ့သည် ဖြစ်ရာ မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူအားတက်စရာဖြစ်ခဲ့သည်။

ရာသီဥတုသာယာ

မွန်းလွဲ၁နာရီခွဲမှစ၍ သည်းသည်းမဲမဲရွာသွန်းခဲ့သော မုတ်သုံမိုးမှာ ညနေ ၃နာရီခန့်တွင် စဲသွားရာ ပွဲစတင်ချိန်တွင် နေသာပြီး ရာသီဥတုကြည်ကြည်လင်လင်ရှိခဲ့သည်။ ပွဲပြီးသည်အထိ မိုးရွာသွန်းခြင်းမရှိသဖြင့်ကွင်းရေမတင်ဘဲ စိတ်ကြိုက်ကစားကွက်ဖော်နိုင်ခဲ့ကြသည်။ မြန်မာလူငယ်အသင်းသည် ထိုင်းလူငယ်အသင်းကို အနိုင်ရခဲ့စဉ်က မိုးထဲရေထဲ ယှဉ်ပြိုင်ကစားရခြင်းဖြစ်၍ မိုးရွာ၍ အနိုင်ရခြင်းဟု ယူဆမှုများရှိခဲ့သော်လည်း ယနေ့ပွဲတွင် မိုးမရွာသော်လည်း အနိုင်ရခဲ့ရာ မြန်မာလူငယ်တို့ အမှန်တကယ်ခြေစွမ်းထက်ကြောင်း ပြသနိုင်ခဲ့သည်။

ပွဲဦးထွက်အခြေအနေ

ပွဲအစပိုင်းတွင် မြန်မာလူငယ်အသင်း အမှားများနေပြီး ဗီယက်နမ်လူငယ်တို့က ကွင်းတစ်ဝက်ဖိကစားနေသဖြင့် ပရိသတ်များစိုးရိမ်စိတ်ဝင်ခဲ့ကြသည်။ မြန်မာလူငယ်အသင်းသည် စင်ကာပူလူငယ်အသင်းကို ပွဲစပြီး နှစ်မိနစ်၊ လာအိုလူငယ်အသင်းကို ပွဲစပြီး နှစ်မိနစ်၊ ထိုင်းလူငယ်အသင်းကို ပွဲစပြီး ငါးမိနစ်အကြာတွင် အဖွင့်ဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် ယနေ့ပွဲတွင်လည်း အဖွင့်ဂိုးသွင်းယူမည်ကို စောင့်မျှော်နေခဲ့ကြသည်။

မြန်မာအသင်းမှ နောက်တန်း ညာအစွန်လူ ဟန်ဝင်းအောင်နှင့် နောက်တန်း ဘယ်အစွန်လူ အောင်ဇော်မျိုးတို့ ဆန္ဒစောပြီး ဘောလုံးအပေးအပို့ မတိကျသဖြင့် လိုရာမရောက်ဘဲ ဗီယက်နမ်လူငယ်အသင်းက ဆက်တိုက်ဖိကစားနိုင်ခဲ့သည်။ ကိုးမိနစ်အကြာတွင် ဗီယက်နမ်နောက်တန်းလူများ၏အမှားကြောင့်မာလဘောလုံးရသွားပြီး ဗီယက်နမ် ဂိုးဧရိယာအတွင်းမှ အနီးကပ်ကန်သွင်း ခွင့်ရသော်လည်း ဂိုးဘေးမှထွက်သွားသည်။

သူတစ်ပြန်ကိုယ်တစ်ပြန်

ဗီယက်နမ်လူငယ်အသင်း၏ အုပ်စုပွဲစဉ်များကစားခဲ့သည့်ခြေကို မမြင်တွေ့ခဲ့ရသဖြင့် မမှန်းဆနိုင်ဘဲ အမှန်တကယ်ကစားသည့်ခြေကို နဖူးတွေ့ဒူးတွေ့မြင်ရသည့်အခါ ခြေစွမ်းမည့်လှကြောင်း သိရှိလိုက်ရသဖြင့် မြန်မာလူငယ်အသင်းအတွက် ရင်မနေခဲ့ရသည်။ ဗီယက်နမ်လူငယ်အသင်းသည် ကြံ့ခိုင်မှုနှင့် လျင်မြန်မှုအပိုင်းတွင် အထူးအားကောင်းလှသည်ဖြစ်ရာ တစ်ဦးချင်းရင်ဆိုင်တွေ့သည့်အခါ ဗီယက်နမ် လူငယ်များက ဘောလုံးရရှိ သွားသဖြင့် ပရိသတ်များ အားမလို အားမရဖြစ်ကြရသည်။ ၁၁မိနစ်တွင် ဗီယက်နမ်ရှေ့တန်းလူက မြန်မာဂိုး ဧရိယာဘယ်ဘက်မှဘောလုံးဆွဲယူလာပြီးကန်သွင်းရာ ဂိုးဘားတန်းထိပြီး ကျလာစဉ် ထပ်မံကန် သွင်းရာ မြန်မာလူငယ်ဂိုးသမား ထွန်းထွန်းလင်းခေါင်းနှင့်ထိပြီး ထွက်သွားသဖြင့် တစ်ဂိုးသက်သာ သွားခဲ့ရသည်။

ဗီယက်နမ် လူငယ်အသင်းထိုးဖောက် ဂိုးသွင်းနိုင်သကဲ့သို့ မြန်မာလူငယ်အသင်းကလည်း ပြန်လည်ထိုးဖောက်ကစားရာ ၁၄မိနစ်တွင် အလယ်တန်းလူမျိုးမင်းထွန်း ဗီယက်နမ်ဂိုးနှင့် ၁၈ကိုက်အကွာမှ တိုက်ရိုက်ကန်သွင်းသော်လည်း ဂိုးဘားတန်းပေါ်မှကပ်၍ ကျော်ထွက်သွားသည်။

သေချာပေါက်ဂိုးလွဲရ

မြန်မာနှင့်ဗီယက်နမ်တို့သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးဖောက်က စားနေရင်း ၄၂မိနစ်တွင် ဗီယက်နမ်အသင်း၏ ပယ်နယ်တီဧရိယာအစပ်မှ အသင်းခေါင်းဆောင် ထွန်းထွန်းဝင်းတိုက်ရိုက်ကန်သွင်းရာ ဂိုးဘားတန်း အောက်မှကပ်ပြီး ဂိုးဝင်လုဝင်ဆဲ အနေအထားတွင် ဗီယက်နမ်ဂိုးသမား အစွမ်းပြကာကွယ်နိုင်၍ သေချာပေါက် တစ်ဂိုးနစ်နာခဲ့ရသည်။

ပထမပိုင်းပွဲစပြီး ၁၅ မိနစ်အထိ မြန်မာအသင်း ကစားကွက်ပျက်ပြီး အမှားများရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပုံမှန်ခြေ ပြန်ရလာပြီး ကစားကွက်မိလာခဲ့သည်။ သို့သော်လည်း ဗီယက်နမ်အသင်းမှာ အကြိုဗိုလ်လုပွဲအထိ တက်လှမ်းလာနိုင်သည့်အသင်းပီပီ ဘောလုံးပညာမညံ့ဘဲ နည်းပရိယာယ်ကောင်းသဖြင့် ဂိုးမပေးရအောင် ကြံ့ကြံ့ခံနိုင်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်လူငယ်အသင်းက ရှေ့တန်းတွင် နှစ်ဦးသာထားပြီး ခံစစ်အားပြုကစားသွားသည်။ ဘောလုံးရလျှင် ဘယ်ညာတောင်ပံများမှ အများဆုံးထိုးဖောက်ကစား၍ မြန်မာအသင်းမှ အစွန်ကစားသူများ တည်တည်ငြိမ်ငြိမ် ထိန်းနိုင်ခဲ့၍သာ ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။

ဒုတိယပိုင်း

မြန်မာလူငယ် အသင်းသည် ပရိသတ်တစ်ခဲနက်အားပေးမှုနှင့် အတူ ဒုတိယပိုင်းတွင် အနိုင်ဂိုးရရှိရေးကစားအားတင်ရာ ဗီယက်နမ်အသင်း၏ ကွင်းတစ်ဝက်ကို ဖိကစားနိုင်ခဲ့သည်။ မြန်မာလူငယ်အသင်း ဂိုးရနိုင်သည့် အလားအလာများ ရှိလာသကဲ့သို့ ပရိသတ်အားပေးမှုကလည်း အရှိန်အဟုန် မြင့်လာခဲ့သည်။

၅၅မိနစ်တွင် မြန်မာအသင်း သေချာပေါက် ဂိုးသွင်းခွင့်တစ်ကြိမ် ရရှိရာ ကျော်ဇင်ဝင်း အပိုင်ကန်သွင်းသော်လည်း ဗီယက်နမ်ဂိုးသမားပုတ်ထုတ်နိုင်ခဲ့သည်။ ဗီယက်နမ်ဂိုးသမား အထူး လက်စွမ်းပြ ကာကွယ်နိုင်ခြင်းကြောင့်လည်း မြန်မာအသင်းအတွက် အခက်အခဲ ကြုံခဲ့ရသည်။ မြန်မာလူငယ်အသင်းက ကစားကွက်စီးပြီး ကွင်းတစ်ဝက် ဖိကစားလာချိန်တွင် ဗီယက်နမ်အသင်းမှ ကစားသမားများက အနည်းငယ် ထိခိုက်မိသည်နှင့် အလွန်အမင်း နာကျင်ဟန် ပြကာ ပွဲအရှိန်တန့်သွားအောင်လုပ်ခဲ့ကြသည်။ ၇၁ မိနစ်တွင် မာလအနေတော် အမြောက်ချပေးသည့် ဘောလုံးကို ထွန်းမင်းဦး မနားတမ်းကန်သွင်းရာ ဂိုးဘားတန်းထိပြီး ပြန်ထွက်လာ၍ သေချာပေါက်တစ်ဂိုး နစ်နာခဲ့ရသည်။

အဖွင့်ဂိုးရ

မြန်မာအသင်းက တစ်သင်းလုံး ရှေ့တက်ပြီး ကွက်ပြည့်နှင်းကာ ဂိုးရရှိရေးကြိုးစားလာရာ ၇၈ မိနစ်တွင် အဖွင့်ဂိုးရရှိခဲ့သည်။ အလယ်တန်းလူ မျိုးမင်းထွန်း ဗီယက်နမ် နောက်ခံလူများကြားမှ ဘောလုံးကို အနေတော် ထိုးပေးရာ ကျော်ဇင်ဝင်း ဘောလုံးရသွားပြီးနောက်တန်းလူတစ်ဦးလိုက်ပိတ်ထားသည့်ကြားမှ ကန်သွင်းယူသဖြင့် ပထမဂိုးရရှိခဲ့သည်။ မြန်မာအသင်း အဖွင့်ဂိုးသွင်းယူလိုက်သည်နှင့်ပရိသတ်များ၏ ဟစ်ကြွေးလိုက်သံမှာ နားကွဲမတတ်ပင်ဖြစ်သည်။ မိုင်လိုကုမ္ပဏီဝတ်စုံများဖြင့် အထူးတန်းပွဲကြည့်စင်၌ အားပေးနေသော ကျောင်းသူလေးများကလည်း ဘင်ခရာ အတီးအမှုတ်များဖြင့် လည်းကောင်း၊ ပန်းဖွားများကို ဝှေ့ယမ်း၍လည်းကောင်း တစ်ခဲနက် အားပေးကြရာ ပို၍မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားသည်။

မြန်မာအသင်းက ဗီယက်နမ်အသင်းဘက်သို့ ထိုးဖောက်ကစားခဲ့ရာ နောက်ခံလူ ကျော်ဇေယျာမင်း ခေါင်းတိုက်ဂိုးသွင်းရန်ကြိုးစားမှုကို ဗီယက်နမ်နောက်ခံလူ လေးဦးက ဖျက်ထုတ်ဟန့်တားနေရစဉ်။ (မြန်မာ့အလင်း)

ဂိုးဆက်တိုက်သွင်း

မြန်မာလူငယ်အသင်းက အဖွင့်ဂိုးရရှိသွားပြီးနောက် ခြေစွမ်းပြကစားလာနိုင်ရာ ဗီယက်နမ်အသင်း ကစားကွက် တည်မရဘဲဖြစ်သွားသည်။ ၇၅ မိနစ်တွင် ဘိုဘိုအောင် ဘောလုံးဆွဲလာပြီး ဂိုးရှေ့သို့ ဖြတ်ချိုးပေးရာ လိုရာမရောက်ဘဲ ဂိုးနောက်ရောက်သွားသည်။ ထိုဘောလုံးသာ ဂိုးရှေ့သို့ ရောက်သွားလျှင် ထွန်းမင်းဦးနှင့် ကျော်ဇင်ဝင်းတို့ ပိတ်သွင်းရန် အသင့်ရှိနေရာ သေချာပေါက်ဂိုးတစ်ဂိုး နစ်နာခဲ့ရသည်။

မြန်မာလူငယ်အသင်း ကစားကွက်ကောင်းပြီး ခြေစီးနေပြီဖြစ်ရာ ဆက်တိုက်ဆိုသလို တိုက်စစ်ဆင်လာနိုင်သည်။ မြန်မာအသင်းအတွက်ဗိုလ်လုပွဲတက်ရန် သေချာသွားစေသော ဒုတိယဂိုးကို မိနစ် ၈၀ တွင် ရရှိခဲ့သည်။ ဗီယက်နမ်အသင်းက ချေပဂိုး ရရှိရေး ထိုးဖောက်ကစားစဉ် မြန်မာအသင်းက တန်ပြန် ထိုးဖောက်လာရင်း ကျော်ဇင်ဝင်း ခေါင်းတိုက်ချပေးသော ဘောလုံးကို ဘိုဘိုအောင် မနားတမ်း ဆွဲယူသွားပြီး ဂိုးသမား ထွက်လာစဉ် ဂိုးညာဘက်ထောင့်အတွင်းသို့ ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။

ထိုက်ထိုက်တန်တန်အနိုင်ယူ

မြန်မာလူငယ်အသင်းက နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် ဗီယက်နမ်လူငယ်အသင်းက ကစားသမား နှစ်ဦးလဲပြီး ကစားသော်လည်း ချေပဂိုးမရတော့ဘဲ ဂိုးထပ်ပေးရလုပေးရခင်ပင် ဖြစ်ခဲ့သည်။ မြန်မာအသင်းသည် နှစ်ဂိုးရရှိထားသော်လည်း တစ်သင်းလုံး စုပြုံပိတ်ဆို့ကစားခြင်းမျိုး မလုပ်ဘဲ တိုက်စစ်ဆင်ကစားသွားသည်။ ပွဲပြီးရန် တစ်မိနစ်အလို ၄၅ မိနစ်တွင် ထွန်းမင်းဦး ကန့်လန့်ဖြတ် ချိုးပေးသော ဘောလုံးကို ကျော်ဇင်ဝင်း ပိတ်သွင်းရာ ဂိုးတိုင်ဘေးမှ ကပ်ထွက်သွား၍ တတိယဂိုးနှင့်ကပ်လွဲခဲ့ရသည်။ ပွဲပြီးကာနီးတွင် မြန်မာအသင်းမှ အလယ်တန်းလူ မျိုးမင်းထွန်း ဒဏ်ရာရရှိသွားသဖြင့် နိုင်ဝင်းနှင့် လူစားလဲခဲ့သည်။

ဝမ်းသာကျေနပ်

မြန်မာပရိသတ်များ၏ ရင်ထဲ တွင် ၁၉၉၅ ခုနှစ်က ဇင်းမယ်၌ မြန်မာအသင်း၏ ရှုံးကြွေးကို တအုံနွေးနွေးဖြစ်နေခဲ့ရာ ပွဲအပြီးတွင် အာရှမှာ မြန်မာကသာ အနိုင်ယူဗိုလ်စွဲပြမည် ဟူသောသီချင်းနှင့်အတူ ကျေကျေနပ်နပ်ကြီး ဝမ်းသာအားရ ပျော်ရွှင်နိုင်ခဲ့ကြသည်။

ပွဲစဉ်မှတ်တမ်း

မြန်မာလူငယ်အသင်းက ထောင့်ကန်ဘောရှစ်ကြိမ်၊ ပြစ်ဒဏ်ဘောကိုးကြိမ်နှင့် လူကျွံဘောတစ်ကြိမ်ရရှိခဲ့သည်။ ဗီယက်နမ်လူငယ်အသင်းက ထောင့်ကန်ဘောငါးကြိမ်၊ ပြစ်ဒဏ်ဘော ၁၄ ကြိမ်နှင့် လူကျွံဘောလေးကြိမ်ရရှိခဲ့သည်။ ဗီယက်နမ်လူငယ်အသင်းမှ ကစားသမားတစ်ဦး အဝါကတ်ပြခံရသည်။ မြန်မာလူငယ်အသင်းကတစ်ဦး၊ ဗီယက်နမ်လူငယ်အသင်းက နှစ်ဦး လူစားလဲကစားသည်။ ကွင်းလယ် ဒိုင်လူကြီးအဖြစ် အင်ဒိုနီးရှား၊ စည်းကြပ်ဒိုင်(၁)အဖြစ် လာအို၊ စည်းကြပ်ဒိုင်(၂)အဖြစ် အင်ဒိုနီးရှား၊ မှတ်တမ်းဒိုင်အဖြစ် မလေးရှားတို့က ဆောင်ရွက်ခဲ့ကြသည်။

သူတို့ပါဝင်

ဗီယက်နမ် လူငယ်အသင်းကို အနိုင်ရရှိသွားသော မြန်မာလူငယ်အသင်းတွင် ဂိုး-ထွန်းထွန်းလင်း၊ နောက်တန်း-အောင်ဇော်မျိုး၊ ကျော်ဇေယျာမင်း၊ ဇော်ထက်အောင်၊ ဟန်ဝင်းအောင်၊ အလယ်တန်း-မာလ၊ မျိုးမင်းထွန်း(နိုင်ဝင်း)၊ထွန်းထွန်းဝင်း၊ကျော်ဇင်ဝင်း၊ ရှေ့တန်း-ထွန်းမင်းဦးနှင့် ဘိုဘိုအောင်တို့ ပါဝင်ကစားခဲ့ကြသည်။

(မြန်မာ့အလင်း)

ဦးကိုလေး(ဇေယျာမောင်)

၁၂၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက် (၂၃-၈-၁၉၁၃)တွင် စစ်ကိုင်းမြို့၌ အဖ ဦးဘကောင်း၊ အမိ ဒေါ်တင်တို့မှ မွေးဖွားသည်။

စစ်ကိုင်းမြို့ အစိုးရအထက်တန်းကျောင်း၊ မန္တလေးမြို့ ဥပစာကောလိပ်နှင့်ရန်ကုန်တက္ကသိုလ်တွင်ပညာသင်ကြားခဲ့သည်။ ဘီအက်စ်စီ ဓာတုဗေဒ ဂုဏ်ထူးဖြင့် ၁၉၃၄ ခုနှစ်တွင် ဘွဲ့ရသည်။ ၁၉၃၆-၁၉၄၂တွင် အစိုးရ ပညာတော်သင်အဖြစ် လန်ဒန်တက္ကသိုလ်မှ M.Sc (Lond),A.I.C. D.I.Cဘွဲ့များ ရခဲ့သည်။ ၁၉၅၀ နှင့် ၁၉၅၆ ခုနှစ်များတွင်အမေရိကန်နိုင်ငံ ကော်နဲလ်တက္ကသိုလ်နှင့် ကော်လံဘီယာတက္ကသိုလ်တို့တွင် တက္ကသိုလ်များ အုပ်ချုပ်ရေး ပညာရပ်များအတွက် ဘွဲ့လွန်သင်တန်းများတက်ခဲ့သည်။

အထက်တန်းကျောင်းသားဘဝမှစ၍ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုများကို သူရိယ၊ စာပေလောက၊ ဒို့ခေတ်မဂ္ဂဇင်း စသည်တို့၌ မျိုးချစ်မောင်၊ သိပ္ပံမောင်၊ ဇေယျာမောင် ကလောင်အမည်များဖြင့်ရေးခဲ့သည်။ ၁၉၄၅ခုနှစ်တွင် စက္ကူဖြူပြဇာတ် နိုင်ငံရေးသမိုင်း စာအုပ်ထုတ်ဝေခဲ့သည်။ သီပေါမင်းနှင့် နယူးယောက်တိုင်းမ်သတင်းစာ စာအုပ်ကို ၁၉၆၅တွင် ပထမအကြိမ်၊ ၁၉၉၀တွင် ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။ စာပေဗိမာန်စာမူဆုများ စတင်ပေးသည့်နှစ်မှစ၍ ဘာသာပြန်စာပေဆုကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးခဲ့သည်။

၁၉၆၁ခုနှစ်မှစ၍ ဘာသာရေးဆိုင်ရာစာပေများကို ရေးသားခဲ့သည်။မြန်မာဘာသာဖြင့် မြတ်ဗုဒ္ဓဒေသနာ၊ မြန်မာ့ဂုဏ်ဆောင်ပုဂ္ဂိုလ်ထူးဆရာကြီး ဦးဘခင် စာအုပ်များ ရေးသား၍ အင်္ဂလိပ်ဘာသာဖြင့် မဟာစည်ဆရာတော် ဘုရားကြီး၏ ဓမ္မစကြာတရားတော်ကြီးနှင့် အနတ္တလက္ခဏာသုတ် တရားတော်ကြီးတို့ကို ဘာသာပြန်ဆိုပြီး ကိုယ်တိုင်ရေး ပိဋကတ်လမ်းညွှန်(Guide to Tipitaka)ကို ထုတ်ဝေခဲ့ရာ အိန္ဒိယပြည်၌ ဒုတိယအကြိမ်မြောက် ပုံနှိပ်ထုတ်ဝေလျက်ရှိသည်။

မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးပြုစုရေးသားတော်မူခဲ့သော မဟာဗုဒ္ဓဝင်ခြောက်ကျမ်း (ရှစ်အုပ်)ကို အငြိမ်းစား ပါဠိပါမောက္ခ ဦးတင့်လွင်နှင့်တွဲဖက်၍ အင်္ဂလိပ်ဘာသာ ပြန်ဆိုရင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန၌ တွဲဖက်ဌာနမှူးအဖြစ် စာပေပို့ချခဲ့သည်။

၁၉၉၄ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရရှိခဲ့သည်။

နေရပ်လိပ်စာ-ဇေယျာရွှေမြေ ဒေါ်ပါမောက္ခ၊ သာသနာ့တက္ကသိုလ်ဝင်း၊ ကမ္ဘာအေးကုန်းမြေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၂၀၀၃ခုနှစ် ဇွန် ၁၅ ရက် နံနက် ၉း၃၁ နာရီတွင် ကွယ်လွန်ရှာသည်။

ဝါဆိုသင်္ကန်းဝယ်ယူနိုင်

ရန်ကုန် ဇွန် ၁၆

ဝိနည်းတော်နှင့်ညီသည့် ဝါဆိုသင်္ကန်းများကို ဟိုင်းမင်းသင်္ကန်းတိုက်က ရောင်းချလျက်ရှိပြီး ဝယ်ယူလှူဒါန်းသူ အလှူရှင်များ မြတ်စွာဘုရားကိုပါ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရန် ရွှေကြာသင်္ကန်းများကိုလည်း လက်ဆောင်အဖြစ်ပေးလျက်ရှိသည်။ရဟန်းရှင်လှူ ပြည်သူများသည် ကျားသင်္ကန်းတိုက်ဦးကျင်စွမ်း-ဒေါ်ကျင်ရွှေ၏သားကြီး ဦးမျိုးမြင့်-ဒေါက်တာ ညွန့်ညွန့်ရီ 'ဟိုင်းမင်းသင်္ကန်းတိုက်'အမှတ် ၁၄၊ အနော်ရထာလမ်း၊အနော်ရထာအိမ်ရာ၊ ၅၆ လမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းထောင့်၊ ပုဇွန်တောင်ကြက်တန်း၊ ရန်ကုန်မြို့၊ဖုန်း-၇၂၁၅၂၂တွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (က-ပ)

ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် ရိပ်သာလမ်းရှိ အောင်မြေရတနာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တအာဒိစ္စ(ရွှေကန်သား)ကြီးမှူးလျက် စတုတ္ထအကြိမ် မဟာသမယသုတ်ရွတ်ဆိုပြိုင်ပွဲဖွင့်ပွဲကို ဇွန် ၁၂ရက်နံနက် ၈နာရီတွင် အဆိုပါကျောင်းတိုက် ဇယမေဒိနီသိမ်တော်၌ ကျင်းပစဉ်။ (၄၁၃)

စပိန်ပြိုင်ပွဲ ရီးယဲမက်ဒရစ်ထိပ်ရောက်

စပိန်ဘောလုံးပြိုင်ပွဲပြီးစီးရန် ရက်နီးကပ်လာပြီဖြစ်ရာ ပွဲစဉ်(၃၇) ကစားပြီးသည့်အခါ ထိပ်ဆုံးနေရာမှ ရီးယဲဆိုစီဒက်ရှုံးသောကြောင့် ဒုတိယနေရာသို့ ပြုတ်ကျကာ ရီးယဲမက်ဒရစ် အနိုင်ရသဖြင့် (၇၅)မှတ်ဖြင့် ထိပ်ဆုံးနေရာသို့ ရောက်လာသည်၊ ထိပ်ဆုံးမှ ဆိုစီဒက် (၇၃)မှတ်ရပြီး ဒီပို့တီဗိုလာကရူနာ (၆၉)မှတ်ဖြင့် တတိယနေရာလိုက်နေသည်။

ရီးယဲမက်ဒရစ်

ပွဲစဉ်(၃၇)ကို ဇွန် ၁၅ ရက်က ဆက်လက်ပြုလုပ်ရာ နာမည်ကြီး ရီးယဲမက်ဒရစ်က အက်လေတီကိုမက်ဒရစ်ကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ ပွဲအစ ခြောက်မိနစ်တွင် ဘရာဇီးလက်ရွေးစင် ရိုနယ်ဒိုက ရီးယဲအတွက် ပထမဂိုးစသွင်းနိုင်ပြီး ၁၈ မိနစ်တွင် ရာအူးလ်က ဒုတိယဂိုးသွင်းနိုင်သည်။

ပထမပိုင်း ၃၁ မိနစ်မှာပင် ရိုနယ်ဒိုက ရီးယဲမက်ဒရစ် တတိယဂိုးသွင်းနိုင်ပြီး မိနစ် ၇၀ တွင် ရာအူးလ်က စတုတ္ထဂိုးသွင်းနိုင်သည်။ ယခုပွဲနိုင်သောကြောင့် ရီးယဲက နှစ်မှတ်အသာဖြင့် ထိပ်ဆုံးသို့ရောက်သွားသည်။

ဆိုစီဒက်ရှုံးနိမ့်

ထိပ်ဆုံးနေရာမှရီးယဲဆိုစီဒက်ကို စတုတ္ထနေရာမှ ဆဲလ်တာဗီဂိုက သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရသောကြောင့် ဆိုစီဒက်(၇၃)မှတ်ဖြင့် ဒုတိယနေရာသို့ ရောက်သွားသည်။ပွဲအစ ၁၀မိနစ်ကပင် ဆဲလ်တာဗီဂို ဂိုးသွင်းနိုင်ပြီး ၄၉မိနစ်၌ ဒုတိယဂိုးရသည်။ ၆၅ မိနစ်တွင် ဆိုစီဒက်မှ တူရကီ လက်ရွေးစင် နီဟတ် တစ်ဂိုးပြန်ချေနိုင်သော်လည်း မိနစ် ၇၀တွင် ဆဲလ်တာဗီဂိုအတွက် မီဒိုထပ်သွင်းသောကြောင့် ဆဲလ်တာ တတိယဂိုးရသည်။ ၈၂ မိနစ်၌ နီဟတ် ဒုတိယဂိုးသွင်းသည်။

ဒီပို့တီဗိုရှုံး

ဘီလ်ဘာအိုကလည်း ဗိုလ်စွဲနိုင်ရန် မျှော်လင့်ချက်ရှိနေသူ ဒီပို့တီဗိုလာကရူနာကို လေးဂိုး-နှစ်ဂိုးဖြင့်နိုင်သွားသောကြောင့် လာကရူနာ ဗိုလ်စွဲနိုင်ရန် အခွင့်အရေးမရှိတော့ဘဲ တတိယနေရာ သာရနိုင်သည်။ နှစ်ဂိုးစီသရေကျနေပြီးမှ ဘီလ်ဘာအိုက နှစ်ဂိုးထပ်သွင်းနိုင်သွားသည်။

ဘာဆီလိုနာနိုင်

ဘာစီလိုနာကလည်း ဥက္ကဋ္ဌသစ်ကို ကြိုဆိုကာ ဗလင်စီယာကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရသွားသည်။ ဘာဆီလိုနာ သုံးဂိုးသွင်းပြီးမှ ဗလင်စီယာ တစ်ဂိုးပြန်သွင်းနိုင်သည်။ ဘာဆီလိုနာဂိုးများကို မင်ဒီယေတာ နှင့် ကလွိုက်ဗတ်တို့က ပယ်နယ်တီ ဂိုးများမှသွင်းကြပြီး တတိယဂိုးကို အိုဗားမားသွင်းသည်။ ဘာဆီလိုနာကလပ်အသင်းဥက္ကဋ္ဌ ရွေးပွဲတွင် နာမည်ကြီး ဒေးဗစ်ဘက်ခမ်ကို ခေါ်မည်ဟု ကြေညာထားသူ အသက်(၄၀)အရွယ်ရှိ ရှေ့နေလာပေါ်တာ မဲအပြတ်အနိုင်ရရှိသွားသည်။ (က-ပ)

စက္ကူ၊စာအုပ်နှင့် စာရေးကိရိယာအမျိုးမျိုး ဈေးနှုန်းချိုသာစွာရောင်းချ

ရန်ကုန် ဇွန် ၁၆

ကျောင်းဖွင့်ရာသီအမီ ရုံးသုံးစက္ကူ၊ ကွန်ပျူတာသုံးစက္ကူ၊ နော်ဝေစက္ကူ၊ စက္ကူဖိုင်အမျိုးမျိုး၊ ဗလာစာအုပ် အမျိုးမျိုး၊ စာရေးကိရိယာအမျိုးမျိုး၊ စတစ်ကာအမျိုးမျိုးနှင့် ပုံနှိပ်မင်အမျိုးမျိုးတို့ကို အမှတ် ၁၄၄နှင့် ၁၄၇၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ စန်းသော်တာ စက္ကူနှင့် ပုံနှိပ်မင်ရောင်းဝယ်ရေးလုပ်ငန်းက ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ **(အပေါ်ပုံ)**

ကျပ်၅၀၀၀ဖိုး ဝယ်ယူအားပေးသူများအား အိတ်ဆောင်မှတ်တမ်းစာအုပ် တစ်အုပ်နှင့် ဘောပင်တစ်ချောင်း မေတ္တာလက်ဆောင်ပေးလျက်ရှိသည်။ ဝယ်ယူလိုသူများသည် ဖုန်း-၃၇၀၉၀၀ နှင့်၂၄၁၇၀၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁ ရက်က မြို့နယ်ရုံး၌ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်း ၄၇ ဦး၏ သားသမီး ၈၄ဦးအတွက် ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၁၇၉၅၀၀ ကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ပေးအပ်စဉ်။ (က-ပ)

အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေသော ဟာသဂျာနယ်အတွဲ(၁)၊ အမှတ်(၉၄)မျက်နှာဖုံး။(က-ပ)

အမည်ပြောင်းခြင်း

ဒေါက်တာဦးမြဝင်း-ဒေါ်မင်းမင်း တို့၏ သားဖြစ်သူ အထက(၄) ပုဇွန်တောင် အဋ္ဌမတန်း(က)တွင် ပညာသင်ကြားနေသော မောင်ကျော်ရဲသီဟအား မောင်လင်းကျော်စွာ ဟုပြောင်းလဲခေါ်ပါရန်။**မောင်လင်းကျော်စွာ**

ခွေးရောင်းရန်

German R ottweiler (Import)
အထီး၊ အမ နှစ်စုံမှ ပေါက်သော
ကျန်းမာသန်စွမ်းသည့် (၁)လခွဲ သားပေါက်များနှင့်
England Mastiff (Import) မှ ပေါက်သော
ကြီးထွားသန်မာသည့် ခွေးကြီးမျိုး
(၁)လခွဲ သားပေါက်လေးများ
ဦးရာလူရောင်းမည်။
အမှတ် (၁၁၉၆)၊ ခ/၁လမ်း၊ မြို့သစ်၊ အင်းစိန်။

လှပဘဝ မူးယစ်ကင်းစင်မှု

သတင်းဆောင်းပါး-စိန်ရွှေလှိုင်

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၂/၂၀၀၃)သတင်းကို ဇွန် ၁၀ရက်ထုတ် သတင်းစာများတွင် ဖတ်ရှုမိရင်း ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်း (Y.M.B.A) ဥက္ကဋ္ဌ ဦးဇော်ဝင်းဇော်နှင့် မလိခလမ်း မရမ်းကုန်းမြို့နယ် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)သို့ အတူ သွားရောက်၍ အစိုးရ မဟုတ်သော ဘာသာရေး၊ လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ **လှပဘဝမူးယစ်ကင်းစင်မှု** ပွဲတော် ကျင်းပရေး ဆွေးနွေးပွဲ၌ တက်ရောက်ပြောဆိုခဲ့မှုများကို သတိရမိသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဇွန် ၂၆ရက် အကြိုလှုပ်ရှားမှုနှင့် အခမ်းအနားကျင်းပမည့် အစီအစဉ်များကို သိလိုစိတ်ဖြင့် စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ပြည်ထဲရေး ဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သို့ သွားရောက်ခဲ့သည်။

ရင်းနှီးသူ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်နှင့် ဆက်စပ်၍ မူးယစ်ဗဟိုအဖွဲ့မှ ဒုတိယရဲမှူးတင့်ဆွေ (နိုင်ငံတကာ)နှင့် ဒုတိယရဲမှူးမြဆွေ(ဥပဒေ)တို့နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။ သတင်းမီဒီယာသမား၏ မေးမြန်းချက်များကို လိုလိုလားလားဖြင့် မအားလပ်သည့် အချိန်အတွင်းမှ ပြောဆိုဖြေကြားပေးသည်။ ဆက်လက်ပြီး မလိခလမ်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး Program Officer Grovanni Galloနှင့် ဒေါ်ခင်လှမွန်တို့အား သွားရောက် မေးမြန်းခဲ့သည်။

မူးယစ်ဆေးဝါးသည် လူသားအားလုံး၏ အန္တရာယ်ဖြစ်သည်။ ဘိန်းကို လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ကျော်က အရှေ့အလယ်ပိုင်း ဆူမားရီးယားလူမျိုးများ စတင်သုံးစွဲခဲ့သည်။ ၁၇ ရာစုအလယ်ပိုင်း အာရှတိုက်၌ ဘိန်းရှူခြင်း အလေ့အထ စတင်ပြန့်ပွားခဲ့သည်။ မြန်မာနိုင်ငံသို့ ခရစ်နှစ် ၁၅၈၀ ပြည့်တွင် ဆီဇာဖရက်ဒရစ် အမည်ရှိ အီတလီအမျိုးသားတစ်ဦးက အိန္ဒိယမှဘိန်းကို တင်သွင်းခဲ့သည်။ အာရပ်ကုန်သည်များသည်လည်း အိန္ဒိယမှတစ်ဆင့် မြန်မာနိုင်ငံ ပုသိမ်၊ သန်လျင်ဆိပ်ကမ်းများသို့ ဘိန်းများ သယ်ဆောင်ခဲ့ကြသည်။

ဘိန်းကို စတင်သုံးစွဲမိပါက မကြာမီကာလအတွင်း စွဲလမ်းသွားစေနိုင်သည်။ ဘိန်းစွဲခြင်းကြောင့် မူးဝေအော့အန်ခြင်း၊ ငိုက်မျဉ်းခြင်းနှင့်ဝမ်းချုပ်ခြင်းတို့ ဖြစ်စေသည်။ ဘိန်းဖြူသည် ဘိန်းထက်အဆင့်မြင့်သည်။ အလွန်အကျွံသုံးစွဲပါက မေ့မျောခြင်း၊ အသက်ပါ ဆုံးရှုံးခြင်းတို့ ဖြစ်စေသည်။ စိတ်ကြွရူးသွပ်ဆေးသည် ဓာတုဗေဒ ဆေးဝါးများဖြင့်ပေါင်းစပ်ထုတ်ယူထားသည်။ ထို့ကြောင့် အိပ်မပျော်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ လိုအင်ဆန္ဒပြင်းပြခြင်း၊ သွေးတိုးခြင်း၊ နှလုံးခုန်နှုန်းမမှန်ခြင်းတို့ ဖြစ်စေသည်။ အလွန်အကျွံသုံးစွဲပါက စိတ္တဇရောဂါဝေဒနာပင် စွဲကပ်နိုင်သည်။

ထို့ကြောင့် လူသားများ၏ အန္တရာယ်ရန်စွယ်ဖြစ်သော မူးယစ်ဆေးဝါးကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းတိုက်ဖျက်နေကြသည်။ ဇွန်လ ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဟု သတ်မှတ်ကာ နိုင်ငံတိုင်းတွင် နှစ်စဉ်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ကာ ခေတ်အဆက်ဆက်တွင် တားဆီးကာကွယ်နှိမ်နင်းရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ မျက်မှောက်ခေတ်တွင် အရှိန်အဟုန် အမြင့်မားဆုံးဖြစ်သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး ၁၅နှစ် စီမံကိန်းရေးဆွဲကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၃ ခုနှစ် ဇွန်လ ၂၆ ရက်တွင်ကျရောက်မည့်အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုလှုပ်ရှားမှုအနေဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drug and Crime) တို့သည် Fresh Up, MPRL, Giordano ကုမ္ပဏီများ ပူးပေါင်း၍ ဇွန်လ ၂၁ရက်နှင့် ၂၂ရက်များတွင် လှပဘဝ မူးယစ်ကင်းစင်မှု ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကမ္ဘာအေးဘုရားလမ်း မြကျွန်းသာ ပန်းခြံ၌ ကျင်းပသည်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(MANA)၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(Y.M.B.A)၊ ခရစ်ယာန်ကလျာဏယုဝ အသင်း (Y.M.C.A)စသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့ အစည်းများကလည်း ပူးပေါင်းကူညီကြမည်ဖြစ်သည်။

၂၀၀၃ခုနှစ် ဇွန်လ ၂၁ ရက် စနေနေ့နံနက် ၉နာရီတွင် အနုပညာရှင်၁၀ဦးပါဝင်သည့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့သည် ရန်ကုန်မြို့တွင်း သုံးနာရီကြာ မော်တော်ယာဉ်များဖြင့် လှည့်လည်ပြီး ကုလသမဂ္ဂမူးယစ်ဆေးဝါး ဆန့်ကျင်ရေး လက်ကမ်းစာစောင် ၃၀၀၀၊ T-Shirt ၅၀၀၊ ဦးထုပ် ၅၀၀၊ သော့ချိတ် ၂၀၀ကို ဖြန့်ဝေပေးမည်ဖြစ်သည်။

မြို့ထဲတွင် လှည့်လည်သည့် မော်တော်ယာဉ်များ ပြန်အရောက် မြကျွန်းသာပန်းခြံတွင် T & M မော်ဒယ်ငါးဦးနှင့် Mr. Guitar Bandတို့ ဖျော်ဖြေမည်။ မွန်းတည့် ၁၂ နာရီတွင် လှပဘဝ မူးယစ်ကင်းစင်မှု ပွဲတော်ကို ဖွင့်လှစ်ပြီး ပြည်သူချစ်သည့် အနုပညာရှင်များ ဘောလုံးကစားကြမည်။

ည ၈ နာရီ ၁၅ မိနစ်မှ ၉ နာရီအထိ သရုပ်ဆောင် ရာဇာနေဝင်း၊ တင်မိုးလွင်နှင့် မော်ဒယ်များ၏ မူးယစ်ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်မည် ဖြစ်သည်။ ည ၉ နာရီမှ ၁၂ နာရီအထိ Too Big, Theory, Myay Pae Yo, Acid, Teens, Synergy- and System Bands တို့က မြူးကြွသည့် Hip-Hop သံစဉ်များဖြင့် ဖျော်ဖြေကြမည်ဖြစ်သည်။

ဇွန်လ ၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှစတင်၍ ဘောလုံးပြိုင်ပွဲအကြို ဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများ ဆက်လက်ကျင်းပ၍ ဆုပေးပွဲကျင်းပမည်။ အနုပညာရှင်များက ဂုဏ်ပြုလက်မှတ်များနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။

ညနေ ၃ နာရီတွင် လှပဘဝ မူးယစ်ကင်းစင်မှု ၂၀၀၃ ခုနှစ် မာရသွန် အပြေးပြိုင်ပွဲဖွင့်ပွဲကို စက်မှု(၁)လမ်း ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဗဟိုရုံးရှေ့တွင် ကျင်းပပြီး စတင်တာလွှတ်ကာ ဆရာစံလမ်း၊ ကမ္ဘာအေးဘုရားလမ်းကနေ မြကျွန်းသာတွင် ပန်းဝင်ရမည်ဖြစ်သည်။ မာရသွန်ပြိုင်ပွဲဝင်ပုံစံများကို ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ၁၁(က)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်တွင် ဇွန် ၁၉ ရက်နောက်ဆုံးထား ရယူနိုင်သည်။ ပြိုင်ပွဲတွင် ဆုပေါင်းကိုးဆုချီးမြှင့်သွားမည်ဖြစ်ပြီး အမျိုးသမီး၊ အမျိုးသားပထမဆု Mountain Bike တစ်စီး၊ ၁၆ နှစ် ပထမဆု Portable CD Playerတစ်လုံး ချီးမြှင့်သွားမည်ဖြစ်သည်။

ည ၇ နာရီမှစ၍ ၁၂ နာရီအထိ လှပဘဝ မူးယစ်ကင်းစင်မှု ၂၀၀၃ ခုနှစ် State Showကို Ghost Rider, Lazy Club and Emperor အဖွဲ့တို့က ဝင်ကြေးမရှိအခမဲ့ တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်သည်။

ဖျော်ဖြေပွဲတွင် Acid Band, AK and Theory Band, Alex and Lazy Club၊ အောင်အောင်ဦး၊ ဘိုဘို၊ ချောချစ်၊ ချောရတနာ၊ ချစ်စနိုးဦး၊ DJ Baytar. အိန္ဒြာကျော်ဇင်၊ ဟက်ကက်၊ လှအဥ္စလီတင့်၊ ခိုင်ခိုင်မော်၊ ခင်လေးနွယ်၊ ကျော်သူစိုး၊ လွင်မိုး၊ M 2 M၊ မေကဗျာ၊ မင်းထက်ကျော်ဇင်၊ မင်းမော်ကွန်း၊ မင်းသူ၊ မိုးသန္တာထက်၊ မိုးသူအောင်၊ မျိုးလှိုင်ဝင်း၊ မျိုးမျိုး၊ နွဲ့ယဉ်ဝင်း၊ Ghost Rider Band၊ မျိုးစန္ဒီကျော်၊ နေဆန်း၊ No! Band၊ ညီနန္ဒ၊ ပပဝင်းခင်၊ ပုလဲဝင်း ၊ ဘုန်းကျော်မိုးမြင့်၊ ဖြိုးငွေစိုး၊ ပွင့်နဒီမောင်၊ ပွင့်၊ စိုင်းဘိုဘို၊ စိုင်းစိုင်းခမ်းလှိုင်၊ And Pizza Band, Too Big Band၊ စည်သူမိုးမြင့်၊ စိုးမြတ်မင်း၊ စိုးမြတ်နန္ဒာ၊ ဆုမြတ်ရွှေဇင်၊ ဆုပန်ထွာ၊ ဆုရွန်းလဲ့၊ ဆွေဇင်ထိုက်၊ Synergy Band, System Band, Teens Band., သက်မွန်မြင့်၊ သီသီထွန်း၊ နေမျိုးဆေး (Mr. Guitar Band) တင်မိုးလွင် (T & M Model Agency)၊ ထွန်းထွန်းဝင်း၊ ရဝေအောင်၊ ရတနာခင်၊ ယမင်းကိုကို၊ ရာဇာနေဝင်း၊ ရီဝေယံ၊ ဇော်ဝင်းထွဋ်၊(Emperor Band)၊ ဇင်ဇင်ဇော်မြင့် စသည့် ပြည်သူချစ်သော အနုပညာ အကျော်များက လူသားမျိုးဆက်ကို ပျက်ပြုန်းစေသည့် မူးယစ်ဆေးဝါးကာကွယ်တားဆီးဆန့်ကျင်ရေး ကြိုးပမ်းလှုံ့ဆော်ကြကာ လှပဘဝ မူးယစ်ကင်းစင်မှု ပွဲတော်ကြီးတွင် ပါဝင် ဆင်နွှဲဖျော်ဖြေတင်ဆက်သွားမည်။

ဒါရိုက်တာမောင်မောင်မြင့် စီစဉ်ရိုက်ကူးသည့် မူးယစ်ဆိုးကျိုးပညာပေး ဗီဒီယို **နတ္ထိ၊ အတ္ထိ** နှင့် **အမွန်မြတ်ဆုံးလက်ဆောင်** ကားများလည်း အကြိုလှုပ်ရှားမှု အနေဖြင့် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့တွင် ပြသသွားမည်ဖြစ်သည်။ နတ္ထိ၊ အတ္ထိ ဗီဒီယိုကားတွင် တိုကို၊နှင်းပွင့်မောင်၊ ဦးမောင်မောင်မြင့်၊ ဒေါ်နွဲ့နွဲ့စန်း၊ အမွန်မြတ်ဆုံးလက်ဆောင်ဗီဒီယိုကားတွင် နေလင်းထက်၊ နှင်းနု၊ ဒေါ်တင်တင်လှ၊ ဦးစောနိုင်(ရှမ်းပြည်)တို့ ပါဝင်သရုပ်ဆောင်ထားသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဇွန် ၂၆ရက်တွင် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်း မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တွင် ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ပြီး ဝတ္ထုတို၊ ဆောင်းပါး၊ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ကာတွန်း၊ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ Digitalပိုစတာစသည့် ပြိုင်ပွဲများတွင် ပြည်နယ်နှင့်တိုင်းများမှ ပထမ၊ ဒုတိယနှင့် တတိယ ရရှိသူ စုစုပေါင်း ၅၇ဦးကို ဆုများချီးမြှင့်သွားမည်ဖြစ်သည်။ နှစ်စဉ်ပြုလုပ်ခဲ့သော၊ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောမူးယစ်ဆေးဝါးများကိုလည်းမီးရှို့ဖျက်ဆီးသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ ၁၅နှစ်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပန်းတိုင်သစ်စီမံကိန်းကို ၂၀၀၂-၂၀၀၃ခုနှစ်အတွင်း၌ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေးကို ဆောင်ရွက်ခဲ့သည်။ ပန်းတိုင်သစ်စီမံကိန်း၏ အောင်မြင်မှုကို နိုင်ငံတော်ကလည်း လက်ခံယုံကြည်မှု ရှိခဲ့သည်။

တစ်ဖက်မှလည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဖမ်းဆီးအရေးယူမှု များဖြင့်လည်း ဆောင်ရွက်ခဲ့ရာ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်အတွင်း မူးယစ်ဆေးဝါးနှင့်ဆိုင်သည့် အမှုပေါင်း ၂၇၇၀မှု အရေးယူဆောင်ရွက်ခဲ့သည်။ ၂၀၀၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဘိန်းစိုက်ဧရိယာဟက်တာ ၈၁၄၀၀နှင့် အထွက်နှုန်း ၈၂၈တန် လျော့နည်းကျဆင်းခဲ့သည်။ ထို့ကြောင့် ၂၀၀၂-၂၀၀၃ တွင် အောင်မြင်မှုရရှိထားသော မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူများက ပါဝင် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ။

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ဈေးအတွင်း သန့်ရှင်းလှပရေး ဆောင်ရွက်ထားရှိမှုကို မေ ၂၇ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ ဆောင်ရွက်ထားရှိမှု အခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဆန်းနှင့်အဖွဲ့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နံရံကပ်စာစောင်နှင့်ဟောပြောပွဲကျင်းပ

တိုက်ကြီး ဇွန် ၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲအခမ်းအနားကို ဇွန် ၃ရက်က အထရောင်ကျေးရွာ၌ လည်းကောင်း၊ ဇွန် ၄ ရက်တွင် မြေတိုင်ကျေးရွာ၌ လည်းကောင်း၊ ဇွန် ၅ရက်တွင် သရက်ချောင်း ကျေးရွာ၌ လည်းကောင်း ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းက ကူးစက်မြန်ပြင်းထန် နမိုးနီးယား(အဆုတ်ရောင်)ရောဂါ ကာကွယ်ရေးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးတို့ကို ဟောပြောသည်။

အခမ်းအနားသို့ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်စာပေဝါသနာရှင်များတက်ရောက်ကြသည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက စာအုပ်၊ စာပေများ၊ နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို လေ့လာကြည့်ရှုကြသည်။

(မြို့နယ် ပြန်/ဆက်)

စည်ပင်သာယာဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ရိုးမအနောက်လမ်း(မလှိုင်လမ်းပိုင်း)ကြည့်ရှုစစ်ဆေး

မလှိုင် ဇွန် ၅

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးကျော်ဆန်း၊ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးမြင့်ဦးနှင့်အဖွဲ့သည် မေ၂၇ရက်က မလှိုင်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူခဲ့သည့် ရိုးမအနောက်လမ်း မြေသားတစ်ကြောင်းထိုး ဖောက်လုပ်ပြီးစီးမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုကြပြီး လိုအပ်သော တိုင်းတာမှုများကို စစ်ဆေးကြသည်။

ညွှန်ကြားရေးမှူးနှင့်အဖွဲ့တို့အား မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်း၊ တာဝန်ခံ အင်ဂျင်နီယာနှင့် ဝန်ထမ်းများက မြို့နယ် အတွင်းရှိ လမ်းပိုင်းဖောက်လုပ်ထားရှိမှု အစမှအဆုံးအထိ လမ်းကြော တစ်လျှောက်လုံး လိုက်လံရှင်းပြကြသည်။ (က-ပ)

၂၀၀၃-၂၀၀၄ ခုနှစ် မဏ္ဍိုင်လေးရပ်နှင့် စီမံကိန်းသီးနှံတာဝန်ပေးအပ်ပွဲကို မေ၃၀ရက်က တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်က ညောင်လွန့်ကျေးရွာအုပ်စုကိုယ်စား ကျေးရွာဥက္ကဋ္ဌ ဦးမာအား စီမံကိန်းသီးနှံများ တာဝန်ပေးအပ်စဉ်။ (က-ပ)



ကျိုက်လတ်မြို့နယ်အတွင်း မြေကြီး မြေပုံနှင့် လုပ်ကွက်စာရင်းများ မှန်ကန်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၀ ရက်က ကျိုက်လတ်မြို့နယ် ရွှေဝါလတ်ခန်းမ၌ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးတင်ငွေး အမှာစကားပြောကြားစဉ်။ (၀၅၈)

၂၀၀၃-၂၀၀၄ ခုနှစ် မိုးသီးနှံ စီမံကိန်းတာဝန်ပေးအပ် အင်းတော်မြို့နယ်၌ မိုးစပါးဧက ၄၁၂၈၀ စိုက်ပျိုးရန်လျာထား

အင်းတော် မေ ၃၁

အင်းတော်မြို့နယ် ၂၀၀၃-၂၀၀၄ ခုနှစ် မိုးသီးနှံ စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် မေ ၃၀ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိန်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဆန်းက စိုက်ပျိုးရေးစီမံကိန်းသီးနှံ တာဝန်ပေးအပ်ရခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးတင်ဝင်းသိန်းက စိုက်ပျိုးရေးဆိုင်ရာမြေယာကိန်းဂဏန်းများကိုလည်းကောင်း ရှင်းပြသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူးက ကျေးရွာဥက္ကဋ္ဌများအား မိုးသီးနှံစီမံကိန်းတာဝန်များကို တစ်ဦးချင်းပေးအပ်သည်။

အင်းတော်မြို့နယ်အနေဖြင့် ၂၀၀၃-၂၀၀၄ခုဘဏ္ဍာနှစ်တွင်မိုးစပါးဧက ၄၁၂၈၀ စိုက်ပျိုးရန်လျာထားသတ်မှတ်ခဲ့ပြီး တစ်ဧကတင်း ၁၀၀ နှင့်အထက် ထွက်ရှိရေး အထူးဇုန်အဖြစ် ဧက ၁၁၀၀ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ (၁၃၃)

အမြို့မြို့ အနယ်နယ် သတင်းများ

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ဇွန် ၅ ရက်က စက်ယန္တရားများဖြင့် ဆောင်ရွက်စဉ်။ (က-ပ)

အသည်းရောင်အသားဝါ ကာကွယ်ဆေးထိုးသင်တန်းဖွင့်

မြင်းခြံ ဇွန် ၃

အသည်းရောင်အသားဝါဘီကာကွယ်ဆေးထိုးလုပ်ငန်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ရက်က မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီး ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး (ခေတ္တ)ဒေါက်တာစိုးမြတ်မွန်က အသည်းရောင်အသားဝါဘီရောဂါပိုးကာကွယ်ဆေးထိုးလုပ်ငန်းသင်တန်းဆိုင်ရာများကိုလည်းကောင်း၊ မွေးကင်းစမှ တစ်နှစ်အောက်ကလေးငယ်ပေါင်း ၅၉၆၅ ဦးအား ဘီရောဂါပိုးကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ (၄၀၂)

ငှက်ဖျားရောဂါ ပညာပေးဟောပြော

မန္တလေး ဇွန် ၈

မန္တလေးတိုင်း ငှက်ဖျားအဖွဲ့မှငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဦးအောင်နိုင်ချိုနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆေးသုတေသန ဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူး (သုတေသန)ဦးဇော်ဝိတ်တို့နှင့် ပူးပေါင်း၍ ပျဉ်းမနားမြို့နယ် ကြက်ပြေးကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသော ဆေးသုတေသန ဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)နှင့် ခုတင် (၃၀၀)ဆံ့ ပြည်သူ့ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ ဆေးသုတေသနဝန်ထမ်းများ၊ တော်ဝင်နှင့်အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီ ဝန်ထမ်းများနှင့် ဆောက်လုပ်ရေးအလုပ်သမားများအား ငှက်ဖျားရောဂါနှင့်ပတ်သက်၍ ပညာပေးဟောပြောခြင်း၊ ငှက်ဖျားရောဂါ စစ်ဆေးကုသခြင်းနှင့် ငှက်ဖျားရောဂါကာကွယ်ရေးအတွက် အလုပ်သမားများ၏ ခြင်ထောင်များ ဆေးစိမ်ခြင်းလုပ်ငန်းများကို မေ ၂၀ ရက်မှ ၂၂ ရက်ထိ ဆောင်ရွက်ခဲ့ကြသည်။ (က-ပ)

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန် ၂ ရက်က ကွမ်းလှုံမြို့နယ် လယ်လှုကျေးရွာအုပ်စု မူလတန်းလွန်ကျောင်းတွင်ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးချစ်ပိုထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

ခရိုင်ဆန်စပါးကုန်သည်များအသင်းဖွဲ့စည်း၊ အမှုဆောင်အဖွဲ့ဝင် ၂၇ဦး ရွေးချယ်

ရွှေဘို မေ ၃၁

ရွှေဘိုခရိုင် ဆန်စပါးကုန်သည်များ အသင်းဖွဲ့စည်းရေး အခမ်းအနားကို ရွှေဘိုမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် မေ ၁၈ ရက် နံနက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၁) ဦးခင်မောင်လတ်၊ ရွှေဘိုခရိုင် ရှစ်မြို့နယ်မှ ဆန်စက်ပိုင်ရှင်များနှင့် ဆန်စပါးကုန်သည်များ တက်ရောက်ကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးခင်မောင်လတ်က အမှာစကား ပြောကြားသည်။

ထို့နောက် ဥက္ကဋ္ဌဦးလှသိန်းပါဝင်သော ခရိုင်ဆန်စပါး ကုန်သည်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၇ ဦးကို ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ကြသည်။ (က-ပ)

ပေါင်မြို့နယ်၌ ဘဝရောင်ခြည်စာကြည့်တိုက်ဖွင့်

ပေါင် ဇွန် ၅

ပေါင်မြို့နယ် ဥတ္တမ်တာကျေးရွာ ဘဝရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက်က အဆိုပါ စာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဥတ္တမ်တာကျေးရွာဥက္ကဋ္ဌ ဦးပိုးရွှေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစံလှဘော်တို့က စာကြည့်တိုက်ကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် စာကြည့်တိုက်အတွက် စေတနာရှင်များနှင့် အသင်းအဖွဲ့ဝင်များက စုပေါင်းလှူဒါန်းသော စာအုပ်မျိုးစုံနှင့် အလှူငွေကျပ် ၃၂၂၈၄၀ ကိုတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။ (၂၆၀)

မေ ၂၈ ရက်က သာစည်မြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၄၇)တွင် မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးမီးငြိမ်းသတ်နည်းသရုပ်ပြစဉ်။ (က-ပ)

မြန်မာ့အသံ

၁၈-၆-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ရှိုင်ရယ်ဗလာစာအုပ်အမျိုးမျိုး ထုတ်လုပ်မှု)

၁၁:၃၀ သောတရှင်အတွက်ပြန်ကြားချက်

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနဲ့သူ့အရေး (နေ့စဉ်ဘဝနှင့် လုပ်ငန်းငြိုငွေ့မှုအတွက် ဆေးစွမ်းတစ်လက်) (ပါမောက္ခ-ဒေါ်အေးသန်း)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ရွှေပန်းထိမ်၊ ငွေပန်းထိမ်-ဦးမင်းနိုင်)

ညနေပိုင်း

၁၇:၃၀ အစာနဲ့အာဟာရ(ကြက်ပေါင်သီး)

၁၇:၄၅ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရအစီအစဉ် (မွန်ပြည်နယ်မှ ဒေါ်ပြုံးမြမြကြည်ရဲ့ စောင်းလက်သံ)

၁၈:၁၅ မျက်မှောက်ရေးရာဆွေးနွေးစရာ (စည်းရုံးလှုပ်ရှားအမှားများ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ရွှေပြည်တော်သည် (သော်တာဆွေ)
(၂)နိုင်ငံတကာ စကားပုံအဘိဓာန် (ဦးတင့်ဝင်းနိုင်)

၁၉:၁၅ မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့တဲ့ ချယ်ရီမြင့်ရဲ့ မင်းနဲ့မှတေးစီးရီး

ဇွန် ၉ ရက်က သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းက စာရေးကြီး ဦးသောင်းမြင့်အား ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးပညာပေးဟောပြော

ဝက်လက် ဇွန် ၆

ဝက်လက်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း က ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဟောပြောပွဲကိုရွာသာကြီးကျေးရွာ အထွက်တိုးစပါး ခန်းမတွင် ဇွန် ၅ ရက်က ကျင်းပရာ မြို့နယ်အသင်းနာယက ဒေါ်ခင်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်မြင့်ဆွေက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်အတွက် သိသင့်သိထိုက်သည်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်းကို ပညာပေး ဟောပြောသည်။ (၂၃၀)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ပရဝဏ်အတွင်းရှိ ဘုရားအနေကဇာတင်ပွဲ၊ ကိုးနဝင်းနှင့် ဝတ်အတွင်းရှိပလ္လင်တော်ကိုမြန်မာမှုလက်ရာ သရိုးကိုင် ရွှေချခြင်းအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၈ရက်က ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဓမ္မာရုံတွင် ကျင်းပရာ အလှူရှင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်နေ ဒေါ်ရီနှင့်မိသားစုက ငွေကျပ် ရှစ်သိန်းနှစ်သောင်းကို လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းက လက်ခံရယူစဉ်။ (၁၆၈)

ရေဝတီတိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကျင်းပ

ပုသိမ် ဇွန် ၅

ဧရာဝတီတိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မေ ၃၁ ရက် နံနက်က ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ဆရာဝန်ကြီး ဒေါက်တာ ဦးခင်မောင်တင်က ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဖြစ်ပေါ်လာပုံအကြောင်းကို လည်းကောင်း၊ ဧရာဝတီတိုင်းသမားတော်ကြီး ဒေါက်တာ ဦးခင်မောင်သန်းက ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများဖြစ်သည့် သွေးလွှတ်ကြောပိတ်ခြင်း၊ ပေါက်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးကင်ဆာ၊ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ နှလုံးကြွက်သားပုပ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်းနှင့် လေငန်းရောဂါများ ဖြစ်ရခြင်းစသည့် ရောဂါများအကြောင်းကိုလည်းကောင်း ရှင်းလင်း ဟောပြောသည်။ (က-ပ)

မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကူးစက်မြန်ပြင်းထန်နမိုးနီးယားရောဂါအကြောင်းပညာပေးဟောပြော

မအူပင် ဇွန် ၁၀

မအူပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါအကြောင်းပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၅ ရက်က မအူပင်မြို့ အမှတ် ၇၊ ၈၊ ၉ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများတွင် ကျင်းပရာ မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက မြို့နယ်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ခင်စန်းမြင့်က အမှာစကား ပြောကြားသည်။(အပေါ်ပုံ) ဆက်လက်၍ မအူပင်ခရိုင် ကျန်းမာရေးဦးစီးဌာနမှ သမားတော် ဒေါက်တာ ဒေါ်လှလှရီက ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါ အကြောင်းကို လည်းကောင်း၊ အသင်းအမှုဆောင် ဒေါ်ခင်မြင့်ဆွေက ဆေးလိပ် သောက်ခြင်း အန္တရာယ် အကြောင်းကို လည်းကောင်း၊ မြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်နီလာမြတ်က အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ရောဂါများ အကြောင်းကို လည်းကောင်း ပညာပေး ဟောပြောကြသည်။ (၄၂၁)

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုက်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ တွေ့ဆုံဆွေးနွေးပွဲကို ဇွန်၄ရက်နံနက်က ဧရာသီရိသုခ ခန်းမတွင် ကျင်းပရာအသင်းဥက္ကဋ္ဌ ဒေါ်မြမြဌေး အမှာစကား ပြောကြားစဉ်။ (၁၀၈)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများစုပေါင်း၍ မေ ၃၁ရက် နံနက်က မုဒုံမြို့တွင်း လွတ်လပ်ရေးကျောက်တိုင် ပန်းခြံပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းတူးဖော်ခြင်း၊ ချုံနွယ်မြက်များ ရှင်းလင်းခြင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးပဲခူး၌သင်တန်းဖွင့်

ပဲခူး ဇွန် ၁၄

ပဲခူးတိုင်း ၂၀၀၃ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇွန် ၁၄ရက်က ပဲခူးမြို့ သီရိဟံသာခန်းမတွင် ကျင်းပရာ ပဲခူးတိုင်း မြေစာရင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုးအေးက အမှာစကားပြောကြားသည်။ သင်တန်းတွင် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန (ရုံးချုပ်)မှ သင်တန်း ဆရာများ၊ ခရိုင်မြေမှူးများက စိုက်ပျိုးရေးလုပ်ငန်းခွင်၊မွေးမြူရေးလုပ်ငန်းခွင်၊ အခြားလုပ်ငန်းခွင်များနှင့် ပတ်သက်သည့် စာရင်းကောက်ယူရမည့် အချက်များကို ဆွေးနွေးပို့ချသည်။ (က-ပ)

JUNIOR LEADER

VOL. 5 NUMBER 12 17 JUNE 2003

Treasure Cave Pagoda

It lies in Ngetoe Village-Tract of Amarapura Township. It was reputed to be built by King Swa Sawke six after his ascension to the throne.

It was said that the king's Rakhine sayadaw told him to build Sigon Pagoda at the Saturday corner of Innwa Palace. Somehow it put fear in the people. The sayadaw had to go to Innwa and build a pagoda at the Sunday corner of the palace, to ensure peace with the people, but it was reputed to have been built by the king.

There are two lifelike figures of two elephants at the eastern entrance. From the grand western entrance one could directly see the pagoda. In the east is the bell with its lake and well. In the Saturday corner there is the Palace for Mai Wunna nat princess. The treasure cave pagoda is known for its being the venue of theYadanagu Festival of welcome for the Mai Wunna, the Mother of Nats of Popa and also the venues for other nats.

အတွဲ(၅) အမှတ် (၁၂) ဖြန့်ချိလိုက်ပါပြီ

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် လက်လီဝယ်ယူနိုင်ပါသည်။ The New Light of Myanmar

အင်္ဂလိပ်စာ တိုးတက်လိုသူတိုင်း ဂျူနီယာလီဒါကို ဖတ်ကြသည်။
Read Junior Leader to improve your English.

အမြို့မြို့ အနယ်နယ် သတင်းများ

ဒေသနာတော်ရွတ်ဆိုပြိုင်ပွဲဆုချီးမြှင့်

တောင်ကြီး ဇွန် ၇

တောင်ကြီးမြို့နယ် ရွှေညောင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒေသနာတော် ရွတ်ဆိုပူဇော်မှုပြိုင်ပွဲဆုချီးမြှင့်ပွဲကို မေ ၂၆ရက်က ရွှေညောင်မြို့ ရွှေညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့မိမြို့ဖ ဦးစိန်မောင်၊ ရှမ်းပြည်နယ် သာသနာရေး ဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဦးသန်းညွှန့်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမောင်ဒွေးတို့က အသီးသီး အမှာစကား ပြောကြားကြသည်။

ထို့နောက် ဆုရဝတ်အသင်းများအား ဆုချီးမြှင့်ရာ ပထမဆုရ နယ်မြေ(၄) ဝတ်အသင်း၊ ဒုတိယဆုရ နယ်မြေ (၉)ဝတ်အသင်း၊ တတိယဆုရ နယ်မြေ (၁၀) ဝတ်အသင်းများအား ကျေးရွာ ဥက္ကဋ္ဌ ဦးမောင်ဒွေးက ဆုချီးမြှင့်ပေးအပ်ပြီး ကျန်ဆုများကို တာဝန်ရှိသူများက ပေးအပ်သည်။ (ခရိုင် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့်အဖွဲ့ ဇွန်၃ရက်က မိုးကောင်းမြို့နှင့် ပျော်လင့်ကျေးရွာဆက်သွယ်သည့် ကျေးလက်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (၄၁၆)

ဘဏ်ချေးငွေများထုတ်ပေး

ဖြူး ဇွန် ၇

ဖြူးမြို့နယ် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၀၃ခုနှစ် မိုးရာသီဘဏ်ချေးငွေများကို မြို့နယ်ဘဏ်မန်နေဂျာ ဦးအေးသောင်းနှင့် အဖွဲ့က တောင်သူလယ်သမားများအား မေ ၂၀ရက်မှစ၍ ချေးငွေများ ထုတ်ချေးလျက်ရှိရာ မေ ၂၈ ရက်အထိ ကျေးရွာအုပ်စု ၁၄ အုပ်စုသို့ ထုတ်ချေးပေးခဲ့ပြီဖြစ်သည်။ (၂၈၄)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ဟားခါးမြို့၊ဈေးသစ်ရပ်နေ ဦးစီခိုင်လျန်း–ဒေါ်မွေးတို့၏သားထွေး

မောင်အောင်မျိုးထွန်း B.E(Civil)

နှင့်

မန္တလေးမြို့၊ယုဇနလမ်းနေ

ဒေါက်တာအကြီး–ဒေါ်အမွှိုင်(ဒေါ်မွေးအထည်ဆိုင်)တို့၏တတိယသမီး

မသူဇာဝင်း B.A(History)

တို့၏ ၇–၆–၂၀၀၃ရက်တွင် Oriental House Restaurant ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်နေဝင်းနှင့်ဇနီး ဒေါ်နန်းအေးမြ၊ မန္တလေး ဗာဂျီးနီးယားစက်ရုံမှူး ဗိုလ်မှူးဗန်ထီးရိုး၊ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊Orientalမှဝန်ထမ်းများ၊ တီးဝိုင်းနှင့်အဆိုတော်များ၊ သတို့သမီးဝတ်စုံ (The Lover)၊ မိတ်ကပ်(မိုးကုတ်) ပေါက်ပေါက်၊ ဓာတ်ပုံ နယူးအာရှနှင့် Eternal Oriental၊ညစာစားပွဲသို့ ကြွရောက်သော ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့နှင့် မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်မျိုးထွန်း–မသူဇာဝင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ကြော်ငြာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ အောက်ဖော်ပြပါ အဆောက်အအုံများအား အန္တရာယ်ရှိ အဆောက်အအုံများ စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပြီး အန္တရာယ်ရှိ အဆောက်အအုံများအဖြစ် သတ်မှတ်ပါသည် –

(က)	အမှတ် (၁၃၆)၊ ဆိပ်ကမ်းသာလမ်း	ကျောက်တံတားမြို့နယ်
(ခ)	အမှတ် (၇၄/၇၆)၊ ၄၈ လမ်း	ဗိုလ်တထောင်မြို့နယ်
(ဂ)	အမှတ် (၁၄၇)၊ ၄၅ လမ်း	။
(ဃ)	အမှတ် (၂၄၇/၂၄၉)၊ ဗိုလ်မြတ်ထွန်းလမ်း	။
(င)	အမှတ် (၃၈/၄၀)၊ ၅၂ လမ်း	။
(စ)	အမှတ် (၃၁)၊ ၁၃၀ လမ်း	မင်္ဂလာတောင်ညွန့်မြို့နယ်
(ဆ)	အမှတ် (၃၅)၊ ချမ်းသာလမ်း	။

၂။ အထက်ပါ အန္တရာယ်ရှိ အဆောက်အအုံများအား ဖြိုဖျက်၍ အသစ်ပြန်လည်ဆောက်လုပ်ရန် စီစဉ်လျက်ရှိပါ၍ မြေပိုင်ဆိုင်မှုရှိသူများသည် (မြေပိုင်ဆိုင်မှုအထောက်အထားများ မူရင်း (၁)စုံ၊ မိတ္တူ (၂)စုံတို့ဖြင့်လည်းကောင်း)၊ မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကန့်ကွက်ရသည့်အကြောင်းကို ခိုင်မာသည့် အထောက်အထားများနှင့်လည်းကောင်း။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)လပြည့်သည့်နေ့ နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ပေးပို့ကြပါရန် ကြေညာအပ်ပါသည်–

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)

အမြန်ဝယ်လိုသည်

ဒဂုံဆိပ်ကမ်းစက်မှုဇုန် မြေကွက်တစ်ကွက်(သို့) နှစ်ကွက်တွဲ၊

ဆက်သွယ်ရန်–
၀၉ ၉၀ ၆၀၄၁၄၊ ၂၉၆၉၂၉

အမည်ပြောင်း

အဖ ဦးတင်လှိုင်၏ သား အထက သင်္ဃန်းကျွန်း၏ ကျောင်းဝင်အမှတ်–၉၂၅ မောင်ကိုကိုလိမ်အား မောင်မျိုးကိုဟု ပြောင်းလဲခေါ်ပါရန်။

မောင်မျိုးကို

အမည်ပြောင်း

အဖ ဦးအောင်မြင့်၏ သား အထကသင်္ဃန်းကျွန်း၏ကျောင်းဝင်အမှတ်–၅၀၃ မောင်နေလင်းအောင်အား မောင်နေမျိုးနိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်နေမျိုးနိုင်**

ကူးစက်မြန်ပြင်းထန်နမိုးနီးယား(အဆုတ်ရောင်)ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်

၁။ ယခုအခါ ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်မြန် ပြင်းထန်နမိုးနီးယား (အဆုတ်ရောင်)ရောဂါ ဖြစ်ပွားလျက်ရှိပါသည်။ ဤရောဂါသည် ကိုရိုနာ (Corona) အုပ်စုဝင် ဗိုင်းရပ်(စ်)ပိုးကြောင့် ဖြစ်ပါသည်။ အဆိုပါပိုးသည် လူနာချောင်းဆိုးခြင်း၊ နှာချေခြင်း၊ နှာရည်၊ ချွဲသလိပ်များမှတစ်ဆင့် သော်လည်းကောင်း၊ လူနာအသုံးအဆောင် ပစ္စည်းမှ တစ်ဆင့်သော်လည်းကောင်း၊ အသက်ရှူလမ်းကြောင်းမှ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်၍ ရောဂါဖြစ်စေပါသည်။

၂။ ကူးစက်မြန်ပြင်းထန်နမိုးနီးယား (အဆုတ်ရောင်)ရောဂါ၏ လက္ခဏာများမှာ–

(က) ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် သို့မဟုတ် ၁၀၀ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်ထက် ပို၍ ပြင်းထန်စွာ ဖျားခြင်းနှင့်

(ခ) အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သည့်–

- ချောင်းဆိုးခြင်း၊
- အသက်ရှူမဝခြင်း၊
- အသက်ရှူရခက်ခဲခြင်းနှင့်

(ဂ) အောက်ပါအကြောင်းတစ်ခုခုရှိခြင်း

- ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါရှိသူ လူနာ သို့မဟုတ် လူနာနှင့် အနီးကပ် ထိတွေ့သူများနှင့် ထိတွေ့မှုရှိခြင်း၊
- ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါ ဖြစ်ပွားနေသည့် နိုင်ငံများမှ လွန်ခဲ့သည့် နှစ်ပတ်အတွင်း ပြန်လည် ရောက်ရှိခြင်းတို့ ဖြစ်ပါသည်။

၃။ ဤရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သည်။ သို့ရာတွင် အောက်ဖော်ပြသူများတွင် ရောဂါပိုမိုဖြစ်ပွားလွယ်သည်။

(က) ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ၊

(ခ) ဆီးချိုရောဂါရှိသူများ၊

(ဂ) နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ၊

(ဃ) ကိုယ်ခံစွမ်းအားကျစေသည့် ဆေးဝါးမှီဝဲသောက်သုံးနေသူများ၊ (ဥပမာ–ကော်တီဆုံး ပါဝင်သည့်ဆေးများ၊ ကင်ဆာဆေးများ စသည်ဖြင့်)

၄။ အသက်ရှူလမ်းကြောင်းမှ ကူးစက်သောရောဂါဖြစ်သဖြင့် ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။

(က) တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း၊

(ခ) အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊

(ဂ) ကောင်းမွန်စွာအိပ်စက်အနားယူခြင်း၊

(ဃ) ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊

(င) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊

(စ) ကူးစက်မြန်ပြင်းထန်နမိုးနီးယား (အဆုတ်ရောင်) ရောဂါလက္ခဏာ ရှိသူများအား ခွဲစိတ်ခန်းသုံးမျက်နှာဖုံး (Surgical Mask)၊ ဝတ်ရုံ (Gown)၊ ပလတ်စတစ်ရှေ့ဖုံး ခါးစည်း (Apron) နှင့် ပလတ်စတစ်လက်အိတ် (Gloves)အသုံးမပြုဘဲ လူနာနှင့် ထိတွေ့ခြင်း၊ လူနာအသုံးအဆောင်ပစ္စည်းများ ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဆ) ကူးစက်ရောဂါများကို ထိရောက်စွာကာကွယ်ရန်အတွက် လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောခြင်း၊

(ဇ) လူထူထပ်သောနေရာများနှင့် ရောဂါဖြစ်ပွားနေသော နိုင်ငံများသို့ ခရီးသွားလာခြင်းမှ ရှောင်ကြဉ်ခြင်း။

၅။ ကိုယ်အပူချိန်ပြင်းထန်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ မောပန်းခြင်း၊ အသက်ရှူကျပ်ခြင်း၊ ရင်ဘတ်အောင့်ခြင်း စသည့်လက္ခဏာများ ဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်းများတွင်ပြသ၍ ဆေးကုသမှုခံယူရန် သတိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
၏
၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ်အတွင်း
ရေကြောင်းဖြင့် ပြည်ပသို့ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့နိုင်သော
ဒုတိယဆု
ချီးမြှင့်ခြင်းခံရသည့်
M.H.L.Co.,Ltd. ၏ Managing Director ဦးမျိုးဟိန်း
အား
ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ဒေါ်ခင်ချို–Director, M.H.L.G Co., Ltd.
M.H.L.G Co., Ltd. ရုံးချုပ်ဝန်ထမ်းများ
M.H.L.G Co., Ltd. လှိုင်သာယာရုံးခွဲဝန်ထမ်းများ
M.H.L.G Co., Ltd. Project ဝန်ထမ်းများ

မှတ်သုံ့ရာသီအထူးဈေးရောင်းပွဲ

(15-06-2003 မှ 7-07-2003) နေ့ထိသာ

ayeliko Lady Fashion

o I Need Charm o Carn Money

Discount 15% to 20%

အမှတ်-ဘီ(၀၁-၀၂)၊ လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၇၀၉၅၀၇
အမှတ်-၁၂၂၊ အနောက်ဘက်တန်း၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။ ဖုန်း-၃၇၂၇၃၀
အခန်း-၂၀၂(အေ)၊ level(2)၊ လပြည့်ဝန်းပလာဇာ၊ ဒဂုံမြို့နယ်။ ဖုန်း-၂၄၂၀၁၁-၂၂၊ ၃၇၀၈၃၆-၉ (လိုင်းခွဲ-၂၀၂)
အခန်း-အေ(၂၂-၂၃)၊ တတိယထပ်၊ ယုဇနပလာဇာ၊ ၀၉-၅၀-၁၅၇၇၆

အချစ်နှင့်အိမ်ထောင်ရေး တားရော့ဒ်
ဝင်းဇော် (သစ်တော)
မြားနတ်မောင်နှင့် ဖူးစာရေးနတ်တို့ သုံးနေတဲ့
အချစ်နှင့်အိမ်ထောင်ရေး လမ်းပြမြေပုံ
Love-Map
ထွက်ပြီ
ဖြန့်ချိရေး- မျက်ပွင့်စာပေ၊ရန်ကုန်၊ ထွန်းဦးစာပေ၊မန္တလေး။

ခုခံအားကျဆင်းရောဂါ

တစ်ပြည်လုံးရှိ ခုခံအားကျဆင်းရောဂါရှိသူများအား အသက်ကယ်ပေးနေပါပြီ။ သွေးစစ်၍ positive တွေ့ထားသူများ အမြန်ဆုံး ဆက်သွယ်ပါ။ အချိန်တိုတိုအတွင်း ခုခံအားအမြင့်ဆုံးရောက်လာအောင် CD_4 Count အမြန်ဆုံးတက်လာအောင် အဆင့်မြင့် သိဒ္ဓိဝင် ဝိဇ္ဇာရေ ကုထုံးများ၊ အဆင့်မြင့်ကိုယ်ခံစွမ်းအားမြင့် တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါပြီ။
သမားတော် စာရေးဆရာ ဝါးခယ်မစိုးမြင့်အောင်(တဆ–၃၃၁၂)
မျိုး ၅ ကောင်းအမှတ်တံဆိပ်
ပြည်လုံးကျန်းမာ နိုင်ငံ့ဂုဏ်ဆောင်တိုင်းရင်းအထူးကုဆေးခန်း
အမှတ်–၁၂၄၊ ၄၂လမ်း၊ (ဝန်ကြီးများရုံးအနီး)၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်။

လူပျောက်ကြော်ငြာ



အောင်ပြည့်ဖြိုး (၁၅)နှစ်၊ ၁၀ တန်းကျောင်းသား၊ ၅ ပေ ၆ လက်မ၊ အသားညို၊ ၃၀–၅–၂၀၀၃ ရက်က ကျူရှင်သို့အသွားလမ်းတွင်ပျောက်သွားပါသည်။ ဆွေမျိုးအားလုံးစိတ်ပူနေသည်၊ တွေ့ရှိသူအားလုံး အောက်ပါလိပ်စာသို့ အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။

ဦးခင်မောင်ချို၊ ဒေါ်နီလာထွန်း
ဏ(၁၄)ရပ်ကွက်၊၉၀၈၊မဟာဗန္ဓုလလမ်း၊ ရွှေပြည်သာမြို့။ ဖုန်း–၅၅၉၀၇၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ ၁၆၉၊ မြေကွက်အမှတ် ၆၉၊ ဧရိယာ ၀ဒသမ၀၄၉ ဧကရှိ (အစိုးရမြေ)၊ အမှတ် ၁၄၃၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ တာမွေမြို့နယ်ဟု ခေါ်တွင်သော မြေကွက်ကို ဒေါ်ငွေငွေအောင်၊ ဒေါ်စန်းစန်းအောင်၊ ဒေါ်နီနီအောင်၊ ဦးနေမျိုးအောင်တို့အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ် ၆၀ မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း) ဤဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ရန်ကုန်မြို့**

လူပျောက်ကြော်ငြာ



အထက်ဖော်ပြပါ ဓာတ်ပုံရှင် မောင်ထက်ဝေယံ(ခ)ဘိုဇော် အသက် ၁၃ နှစ်၊ ၈–တန်း၊ အထက(၄)အလုံ၊ ညာမျက်လုံး အောက်အမှတ်ရှိ၊ အရပ် ၄ပေ ၅ လက်မ ခန့်သည် ၂–၆–၂၀၀၃ ရက်တွင်နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် လက်ခံထားသူ၊ တွေ့ရှိသူ အကြောင်းကြားပေးရန်နှင့် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။

ဖုန်း–၂၂၉၉၈၄
ဦးငွေစိုးလွင်(ကိုတိုး)
၂၃၊ နှင်းဆီကုန်းလမ်း၊ ဓောရန်ပိုင် အနောက်ရပ်ကွက်၊ အလုံ၊ ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးဝင်း(ခ)မောင်ကုတ်ပြင်း (၅၇)နှစ်

မောင်သန်းထွဋ်ဝင်း 3rdM.B ဆေးတက္ကသိုလ်(မကွေး)၏ ဖခင်သည် ၁၂–၆–၂၀၀၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာမဒေါ်သီတာဦး(၂)

ချစ်သူငယ်ချင်းများ– နန်းယိင်းလိုင်း၊အိအိဖြူ၊အောင်အောင်ကြွယ်မိုး၊ အောင်မျိုးသက်၊ရဲမင်းဇော်၊ ဇော်မျိုးထွန်း၊ ထွဋ်ပိုင်ဝင်း၊ဗညားအောင်မြင့်၊ အောင်ကျော်ထွန်း၊ ဖြိုးညီအောင်၊နေဝင်းထွန်း၊ဝေလင်းထွန်း

တစ်လပြည့်အလွမ်း

၁၆–၅–၂၀၀၃ မှ ၁၆–၆–၂၀၀၃ ရဟန်းဒါယိကာမကြီး ဒေါ်သိဂီ သွေး(ခ) ဒေါ်ညွန့်ညွန့်ဝင်း အထက (၂)ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ အနန္တမိခင်သို့အရှိန်းမဲ့ရင်ခွင် သားလေး မေ ၁၆ရက် ကို တစ်သက်မကြုံချင်၊ မေမေအတွက်ရည်စူး ကုသိုလ်ထူးကို ကောင်းရာဘုံမှသာမုခေါ်–––

မေမေရေ အမျှ–အမျှ–အမျှ

သားလေး – ကိုတိုးကျော်သိမ်း၊ **သမီး** – မမြမြစန္ဒာဝင်း
မြေး – အိထက်ထက်ကျော်

မဟာသဒ္ဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင်

ဆရာကြီးဦးကိုလေး (ဇေယျာမောင်)

ဒုတိယအဓိပတိ၊ မန္တလေးတက္ကသိုလ်(ငြိမ်း)
တွဲဖက်ဌာနမှူး၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန၊
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
တွဲဖက်ပါမောက္ခ၊ ပဋိပတ္တိမဟာဌာန၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
မြန်မာစာအဖွဲ့ဝင်
ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင်
ဝိဇ္ဇာပညာထူးချွန်တံဆိပ် ပထမဆင့်
အသက်(၉၁)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဇေယျာရွှေမြေ ဧည့်ပါမောက္ခရိပ်သာနေ(ဒေါ်သန်းခင်)၏ခင်ပွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၅ ရပ်ကွက်၊ အမှတ် ၆၂၈ နေ ဦးမျိုးမြင့်(ဆသရ၊ ငြိမ်း)–ဒေါ်ခင်မလေး (အထပြ၊ အထက–၃၊ ဒဂုံမြောက်)၊ ဦးမြင့်သိန်းထွေး(ဒါရိုက်တာ၊ Top Line Technics. Linn Thar Oo ဧည့်ရိပ်သာ၊ ငပလီ)–ဒေါ်လှလှသိန်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်မျိုးသီဟ(ငယ်/ယာ၊ အမှတ်–၂၊ သံမဏိစက်ရုံ)–ဒေါ်ကေသီဆွေ(သရုပ်ပြ၊ သတ္တဗေဒဌာန၊ ရန်ကုန်ဆေးတက္ကသိုလ်–၁)၊ ဦးရဲထွဋ်(ငယ်/ယာ၊ သာထွန်းပြန့်)–ဒေါ်ခင်သန္တာမျိုး(သရုပ်ပြ၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)၊ မဖြိုးမို့မို့မျိုး(PGDMA-3)၊ မောင်ချန်ထွန်းအောင်(ပန့်စ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မစုလဲ့ရည်အောင်(ဒသမတန်း၊ အထက–၅၊ မရမ်းကုန်း)တို့၏အဘိုး ဆရာကြီးဦးကိုလေး(ဇေယျာမောင်)သည် ၁၅–၆–၂၀၀၃ရက် နံနက် ၉း၃၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း(ခ)ဦးထွန်းထွန်း

(ဇေယျစက်မှုလုပ်ငန်း၊မြေနီကုန်း)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇၊ မဟာဗောဂလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးစစ်နီ–ဒေါ်တင်လှ)(ဇေယျစက်မှုလုပ်ငန်း)တို့၏သား၊ ဒေါ်တင်တင်အေး၊ ဦးဘဇော်ခင်–ဒေါ်ခင်စိုး၊ ဦးသိန်းလှ–ဒေါ်အုန်းချစ်ကျော်၊ (ဦးလှဌေး)–ဒေါ်မြကြည်တို့၏ညီ/မောင်၊ ဦးမြင့်စိုး–ဒေါ်သန်းနွယ်၊ ဦးမြသန်း–ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးမောင်မောင်သန်း–ဒေါ်သီတာအေး၊ ဦးကျော်ကျော်ခိုင်–ဒေါ်စုစုထွေး၊ ဦးအေးသန်း–ဒေါ်နီနီတင်၊ ဒုတိယဗိုလ်မှူးကြီးသိမ်းထူး(လေ)–ဒေါ်မေမေအုံးတို့၏အစ်ကိုသည် ၁၅–၆–၂၀၀၃ရက် နံနက် ၇း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၃ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ဝမ်းနည်းကြေကွဲခြင်း

မဟာသဒ္ဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင် ဆရာကြီး ဦးကိုလေး (ဇေယျာမောင်) ဒုတိယအဓိပတိ၊ မန္တလေးတက္ကသိုလ်၊ ငြိမ်း၊ မြန်မာစာအဖွဲ့ဝင်သည် ၁၅–၆–၂၀၀၃ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးဝန်ကြီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင် ဆရာကြီး ဦးကိုလေး(ဇေယျာမောင်) (၉၁)နှစ်သည် ၁၅–၆–၂၀၀၃ရက်တွင် ကွယ်လွန်အနိစ္စရောက်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုအမှုဆောင်ကော်မတီ
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

Mr. Tan Cheow Siang
Brewery Manager, Myanmar Brewery Ltd.
အသက်(၅၃)နှစ်

၁၄–၆–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

The Management&Staff
Myanmar Brewery Ltd.

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်တင်ကြည် (မနေဖြူ)

အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ပိုင်း၊ငုဝါလမ်း၊ အမှတ် ၂၁၄ နေ (ဦးဘကြွယ်–ဒေါ်အေးမ)တို့၏ သမီး၊ (ဦးမောင်အို–ဒေါ်မယ်တင့်)တို့၏ သမီးချွေးမ၊ (ဦးကျင်စု)၏ဇနီး၊ မောင်အောင်ဇော်မိုး၊ မစန်းစန်းမြင့်၊ မောင်သိန်းစိုး၊ မစန်းစန်းမော်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၅–၆–၂၀၀၃ရက်(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ ရက်(အင်္ဂါနေ့)တွင် မြောက်ဥက္ကလာပ ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း(ခ)ဦးထွန်းထွန်း

(ဇေယျစက်မှုလုပ်ငန်း၊မြေနီကုန်း)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇၊ မဟာဗောဂလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးစစ်နီ–ဒေါ်တင်လှ) (ဇေယျစက်မှုလုပ်ငန်း)တို့၏သား၊ ဒေါ်သန်းရွှေ၏ခင်ပွန်း၊ မစန္ဒာထွန်း၊ မောင်ဥက္ကာ၊ မောင်အောင်မှန်တို့၏ဖခင်သည် ၁၅–၆–၂၀၀၃ရက် နံနက် ၇း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၃ရက် ညနေ ၃ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ ဒါယကာကြီး

ဦးဖေသန်း

လ/ထအထွေထွေမန်နေဂျာ
(အငြိမ်းစား)
မြန်မာ့မီးရထား
အသက်(၆၇)နှစ်

မိတ္ထီလာမြို့၊ လင်းဇင်းရပ်နေ(ဦးမြဒင်–ဒေါ်သိန်းနု)တို့၏သား၊ ရန်ကုန်မြို့၊ သမိုင်းနေ (ဦးထွန်းဝင်း–ဒေါ်သိန်းရင်)တို့၏ သားသမက်၊ မိတ္ထီလာမြို့နေ (ဦးမောင်ကို)–ဒေါ်မြစိန်၊ (ဦးဖုန်းကျော်–ဒေါ်ခင်ရီ)၊ ရန်ကုန်မြို့၊ သမိုင်းနေ (ဦးချစ်တင်–ဒေါ်ရီ)၊ (ဦးတင်လှိုင်)–ဒေါ်ထားညွန့်၊ (ဦးတင်မြင့်)–ဒေါ်စိန်မြိုင်၊ ဦးချစ်လှ–ဒေါ်တင်တင်အေးတို့၏ ညီမောင်၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် ၇၈ နေ (ဒေါ်ယဉ်မြ)၏ခင်ပွန်း၊ ဦးဝင်းနိုင်ကျော်–ဒေါ်မိမိခိုင်၊ ဒေါ်မြမြခိုင်၊ ဦးရဲအောင်–ဒေါ်ဝါဝါလှိုင်တို့၏ဖခင်၊ မရင်နှစ်ဦး(အလက–၁၊ ဒဂုံ)၊ မခိုင်ဇင်ကျော်(အထက–၁၊ ဒဂုံ)တို့၏ အဘိုးသည် ၁၅–၆–၂၀၀၃ရက် (တနင်္ဂနွေနေ့) ည ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စိန်စိန်ဝင်း (မုံရွာ)

လူထုပညာရေးမှူးဟောင်း
(ဒုရိပ်သာမှူး၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ငြိမ်း)
အသက်(၇၀)

(ဦးလှတင်–ဒေါ်ရွှေမယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အိမ်အမှတ် ၃၁(င) နေ (ဦးစောမောင်)၏ဇနီး၊ ဦးအောင်သန်း၊ ဒေါ်သန်းသန်း၊ ဒေါ်အုန်းစိန်၊ ဦးအောင်ခင်တို့၏ ညီမ၊ ဦးမင်းဟန်၊ ဦးဇော်လင်း၊ ဒေါ်ညိုညိုတင်၊ ဦးထိန်လင်း၊ ဒေါ်အေးသီ၊ ဒေါ်အေးမြင့်၊ ဦးမိုးဟိန်း၊ ဦးမိုးသိန်း၊ ဦးနေဝင်း၊ ဒေါ်ဝင်းမြင့်မော်တို့၏အစ်မ၊ ဦးဗဟိန်းတင်(ဦးသောမစာရ)၊ ဦးကျော်သူရတင်–ဒေါ်အေးအေးသန်း၊ ဒေါ်စောစန္ဒာဝင်းတို့၏မိခင်သည် ၁၅–၆–၂၀၀၃ရက် ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၆–၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါက်တာခင်မောင်ဝင်း

Ph.D (Metallurgy)
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
စက်မှုစိုက်ပျိုးနှင့်သက်မွေးပညာဦးစီးဌာန
ဥက္ကဋ္ဌ၊ ငြိမ်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်
အသက်(၆၇)နှစ်

ပလိပ်မြို့နေ လွှတ်တော်ရှေ့နေကြီး (ဦးချမ်းငြိမ်း–ဒေါ်စောရင်)တို့၏ သား၊ ရန်ကုန်မြို့နေ (မဇ္ဈိမသာက ဦးသန်းမောင်–ဒေါ်ခင်အုန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၆ (စ/၁)၊ ဇီဇဝါလမ်း၊ မဇ္ဈိမသာကခြံ၊ ပါရမီ၊ ရန်ကင်းမြို့နယ်နေ ဒေါ်ခင်သန်းနွဲ့ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ စက်မှု(၁)ဝန်ကြီးဌာန)၏ခင်ပွန်း၊ ကိုအောင်နိုင်ဝင်း–မအေးသီလှိုင် (ခေတ္တ–USA)၊ မနှင်းနွဲ့ဝင်း(ခေတ္တ–Bangkok)၊ မသင်းလဲ့ဝင်း(ခေတ္တ–Singapore)တို့၏ဖခင်၊ ဒေါက်တာဒေါ်ခင်မာမာ–ဒေါက်တာဦးလွှမ်းဝေ၊ (ဒေါ်မြင့်မြင့်ချစ်)–ဒေါက်တာချစ်မောင်၊ (ဒေါ်စန်းစန်း–ဦးထွန်းထွန်း)တို့၏မောင်၊ ဒေါ်ကြည်ကြည်ငြိမ်း–ဦးမြင့်ဆွေ၊ ဒေါက်တာတင်မောင်မောင်သန်း–ဒေါ်ဆွေဆွေအောင် (ခေတ္တ–Singapore)၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်မောင်သန်း–ဒေါက်တာလတ်လတ်ကျော်တို့၏ အစ်ကို၊ တူ တူမ ၂၃ ယောက်တို့၏ဦးလေးသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁၆–၆–၂၀၀၃ရက် နံနက် ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၆–၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေး (သီပေါ)

အသက်(၅၅)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နေ (ဦးချစ်ဆွေ–ဒေါ်စော)တို့၏ ဒုတိယသမီး၊စစ်ကိုင်းတိုင်း၊မုံရွာမြို့နေ(ဦးမောင်လတ်–ဒေါ်သန်းခင်)တို့၏ ချွေးမ၊ မန္တလေးတိုင်း၊မတ္တရာမြို့နယ်၊တောင်ပြုံးကြီးကျေးရွာနေ ဦးသန်းမောင်–ဒေါ်နုကြည်တို့၏ညီမ၊ သီပေါမြို့နေ(ကိုဝင်းရွှေ–ဒေါ်ငွေငွေဆွေ)၊ (ဒေါ်စုစုဆွေ)၊ ကိုဝင်းတင်–မခင်လှ၊ ကိုထိန်လင်း–မကြည်ကြည်ဆွေတို့၏ အစ်မ၊ ဦးလှမောင်လတ်(သီပေါ ကိုလတ်)၏ဇနီး၊ ကိုကျော်ကျော်ဦး–မတင်တင်လတ်၊ ကိုမျိုးအောင်–မသီတာလတ်၊ မောင်အောင်နိုင်လတ်၊ မောင်ညီညီလတ်(လှိုင်ဆမ်ဆစ်စာပေ)၊ မောင်သန့်နေလတ်(Dream Hotel၊ မန္တလေး)၊ မောင်ကျော်သူလတ်၊ (မောင်ကျော်မောင်မောင်လတ်)တို့၏မိခင်၊ မြေး ၂၁ ယောက်တို့၏ အဘွားသည် ၁၆–၆–၂၀၀၃ရက်(တနင်္လာနေ့) နံနက် ၆း၃၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (လှိုင်ဆမ်ဆစ်စာပေ အမှတ် ၉၆၊ လေးလွှာ၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်မေ

(ဒလ၊ သပြေကုန်း)
အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ထော်အောက်ရွာနေ (ဦးဘမြိုင်–ဒေါ်လေးရှင်)တို့၏သမီး၊ သပြေကုန်းရွာနေ (ဦးပုမောင်)၏ဇနီး၊ ကိုမောင်မောင်မြင့်–မနုနုဌေး၊ မဝင်းဝင်းဌေး၊ ကိုမောင်သိန်း၊ ကိုအေးဝင်း–မသီသီနွယ်၊ မမြင့်မြင့်စိန်၊ မနုနုလွင်၊ မစုစုလှိုင်တို့၏မိခင်၊ မောင်ကျော်ဇင်ဟိန်း၊ မောင်စည်သူဟိန်း၊ မမြင့်စန္ဒီကျော်၊ မောင်သန်းထွဋ်ဝင်းတို့၏ အဘွားသည် ၁၅–၆–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၉–၆–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် သပြေကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးသန်းဦး

အထက(၁)စမ်းချောင်း၊
အထက(၄)မ/ဥက္ကလာပ
ကျောင်းသားဟောင်း
အသက်(၅၀)

မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ ဇီဇဝါလမ်းမကြီး၊ အမှတ် ၉၃၈ နေ(ဦးကျော်စိန်)–ဒေါ်ခင်ခင်တို့၏ သားကြီး၊ (ဦးစန်းမောင်–ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်သိန်းသိန်း၏ ခင်ပွန်း၊ ဦးထွန်းဦး – ဒေါ်ခင်သိန်း၊ ဦးဆွေဦး–ဒေါ်ကြူကြူဝင်းတို့၏အစ်ကိုကြီး၊ မကေသီဦး(ဒဂုံတက္ကသိုလ်)၊ မတင်ဇာဦး(နည်းပညာကောလိပ်၊ သန်လျင်)၊ မောင်စည်သူကျော်(အထက–၂၊ဗဟန်း)၊ မောင်ငြိမ်းချမ်းကျော်(အမက–၁၊ဗဟန်း)တို့၏ ဖခင်သည် ၁၆–၆–၂၀၀၃ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်သန်း

(ရဲအုပ်၊အငြိမ်းစား)
အသက်(၆၄)နှစ်

ပြင်ဦးလွင်မြို့နေ (ဦးသန်း–ဒေါ်ရှိန်)တို့၏သား၊ ဒေါ်ခင်မြင့်–(ဦးခင်မောင်ဝင်း)၊ (ဦးမောင်မောင်ကြီး)–ဒေါ်ခင်ဖြူ၊ ဗိုလ်မှူးခင်မောင်လေး – ဒေါ်သိန်းကျော်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြို့သစ် ၁လမ်း၊ အမှတ် ၂၄ နေ ဒေါ်ခင်ခင်ဆင့်၏ခင်ပွန်း၊ ဒုရဲမှူးသန်းဦး (မြို့နယ်မှူး၊ ဒဂုံ/မြောက်)–ဒေါ်သုဇာသန်း၊ဦးအောင်ဇော်မိုး၊ဦးတင်အောင်ထွေး၊ ဦးတင်မောင်မောင်သန်း (Uniteam Marine)၊ ဒေါ်သိမ့်သိမ့် (ရေသန့်/စည်ပင်)၊ ဦးဖုန်းဆက်တို့၏ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၁၅–၆–၂၀၀၃ရက် ညနေ ၄း၃၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းမြင့်

အလက(၇)လှိုင်
(လ/ပြ ဆရာမ)
အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းမောင်–ဒေါ်သန်းကြည်)တို့၏သမီးကြီး၊ဒေါ်စောရီ၊ (ဦးသန်းမြင့်) – ဒေါ်အုန်းကြည်၊ (ဦးသိန်းကြွယ်)–ဒေါ်မြသန်း၊ ဦးကျော့ရှင်း–ဒေါ်လှသန်း၊ ဦးတင်အောင်–ဒေါ်ခင်ခင်စိန်တို့၏ တူမ၊ ဦးတက်ထွဋ်(စစစ)–ဒေါ်ရီရီမြင့်(အထက–၄၊ တောင်ကြီး)တို့၏ အစ်မ၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်းထိပ်၊ တိုက် ၁၊ အခန်း ၃၀၁ နေ ဦးညွန့်ရွှေ (B.V.S, YGN)၏ဇနီး၊ မောင်ဇင်မင်းဦး၊ မပြည့်ဖြိုးငြိမ်းတို့၏မိခင်သည် ၁၅–၆–၂၀၀၃ရက်(တနင်္ဂနွေနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မဟာသဒ္ဓမ္မဇောတိကဓဇ
ဝဏ္ဏကျော်ထင်

ဆရာကြီးဦးကိုလေး

(ဇေယျာမောင်)
အသက်(၉၁)နှစ်

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန တွဲဖက်ဌာနမှူး မဟာသဒ္ဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင် ဦးကိုလေး(စာရေးဆရာကြီး ဇေယျာမောင်)သည် ၁၅–၆–၂၀၀၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၁ နာရီ တွင် ဆရာကြီးနေထိုင်ရာ ကမ္ဘာအေးကုန်းမြေ ဧည့်ပါမောက္ခရိပ်သာ၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ သာ/ထွန်း/ပြန့်ဦးစီးဌာန။

ဦးကျော်နိုင်(ခ)ဦးခင်မောင်

(မောင်သင့်မြတ်)
အငြိမ်းစား၊ ရေဒီယိုအော်ပရေတာ၊
လေကြောင်းဦးစီးဌာန
အသက်(၇၂)နှစ်

အိမ်မဲမြို့နေ (ဦးထွန်းလင်း–ဒေါ်စိန်ဖော့)တို့၏သား၊ အမှတ် ၅၇၉၊ သရက်ခြံလမ်းမ၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဒေါ်ထွေးညွန့်)၏ခင်ပွန်း၊ (ကိုစိန်လင်းနိုင်)၊ ကိုအောင်လင်းနိုင် (ကပ–ခွဲ၊ ဘုရင့်နောင်၊ ကပရ)၊ ကိုဘလင်းနိုင်၊ ဒေါ်ဝင်းဝင်းနိုင်–ဦးအောင်ကြည်စိန်တို့၏ဖခင်၊ မောင်စိုးမိုးအောင်၊ မောင်ကျော်ဇေအောင်တို့၏အဘိုးသည် ၁၆–၆–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင်ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂–၆–၂၀၀၃ရက်(တနင်္ဂနွေနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်၌ ဆွမ်းကျွေး တရားတော်နာမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးချိန် (ညောင်ဦး)

လယ်စိုက်ရှင်း(ငြိမ်း)
အသက်(၆၈)နှစ်

ညောင်ဦးမြို့၊ ကံသာယာရပ်နေ (ဦးထွန်းမြတ်–ဒေါ်မယ်တင့်)၏ သား၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ဦးအောင်မင်းလတ်၊ ဒေါ်ရီရီခိုင်၊ ဦးဇော်လင်းအောင်(စက်မှုစားကုန်၊ ဂျုံလုပ်ငန်း)–ဒေါ်သက်သက်အောင် (ရွာမ ခတ်အားပေးစက်ရုံ)၊ ဦးသက်နိုင်အောင်တို့၏ဖခင်၊ မောင်ပြည်သိမ်းကျော်၏ အဘိုးသည် ၁၆–၆–၂၀၀၃ ရက်(တနင်္လာနေ့)နံနက် ၇း၃၀ နာရီတွင် ရန်ကုန်မြို့ ပါရဂူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၈–၆–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုမောင်မောင်

(တောင်ငူမြို့)
အသက်(၄၄)နှစ်

တောင်ငူမြို့၊ ၁၉ ရပ်ကွက်၊ မင်းဖြူအင်းကျောင်းလမ်းနေ (ဦးစိန်ကြီး)–ဒေါ်သိန်းတန်တို့၏သားထွေး၊ အင်းတကော်မြို့နေ (ဦးဟန်ရင်)–ဒေါ်ခင်အေးတို့၏သားသမက်၊ ဒေါ်တင်ရီ၊ ဦးကိုကိုလတ်(ညွှန်မှူး၊ မကွေးတိုင်း စိမ်းစိုဦးစီးဌာန) – ဒေါ်ဖြူဖြူလွင်၊ ဒေါ်ညိုညို(အထက–၅၊ တောင်ငူ)တို့၏ညီ/မောင်၊ ဒေါ်ရွှေဝါဝင်း (S.A.E ဆောက်လုပ်ရေး၊တောင်ငူ)၏ခင်ပွန်း၊ မောင်အောင်နေလင်းထက်၊ မောင်အောင်ကျော်ကျော်ထက်(အထက–၁၊ တောင်ငူ)တို့၏ဖခင်၊ မမေဖြူလတ်(ဒုနှစ်၊ ဆေး၊ မန္တလေး)၊ မောင်သက်ပိုင်လတ်(ပြင်ဦးလွင်)တို့၏ ဦးလေးသည် ၁၅–၆–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရွှေဥမင်မယ်တော်ကြီး

ဖွားလွန်းပေါ်

အသက်(၈၁)နှစ်

စစ်ကိုင်းတောင် ဝိပဿနာ မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တ ဥာဏဝရ (ဓမ္မကထိက၊ ဗဟုဇနဟိတရေ)၊ ရွှေဥမင်ဆရာတော်အရှင်နန္ဒမာလာ(ဓမ္မာစရိယ)၊ မဟာသာစည်ဆရာတော်အရှင်ဝိစာရဏ (ဓမ္မာစရိယ)၊ ဒေါ်နက်တင်၊ ကိုဥာဏ်ရှိန်း–မတင်ဆန်း၊ ကိုထွန်းမင်း–မဝင်းမြင့်၊ ကိုထွန်းမြင့်–မတူးတို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၆–၆–၂၀၀၃ရက် နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၆–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတောင်ရိုး ထွင့်ခေါင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အရိယာဝံသဗောဓိပင်အနီးမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြစိန်(ခ)ဒေါ်ရှုဟုံ

(လက်ပံတန်း)
အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊အမှတ် ၃၈ နေ ဦးတင်မြင့်၏ဇနီး၊ (မမော်မော်မြင့်)၏ မိခင်၊ (ဦးစာလှိုင်–ဒေါ်ပု)တို့၏သမီး၊ (ဦးဖိုးလင်း–ဒေါ်ဘီဘီ)တို့၏ သမီးချွေးမ၊ (ဦးမောင်ခွင်)–ဒေါ်တင်၊ ဦးကျော်သိန်း–(ဒေါ်ရှုရင်)၊ (ဦးနေဝင်း–ဒေါ်သိန်းလှ)တို့၏ညီမ၊ ဦးချောင်ဝါ–ဒေါ်တင်ကြည်၊ ဦးအောင်မြင့်–ဒေါ်ခင်စော၊ ဦးမောင်သွင်–(ဒေါ်ကျင်)၊ (ဦးသိန်း–ဒေါ်တင်မြင့်)တို့၏အစ်မ၊ တူ တူမ ၃၃ ယောက်တို့၏အဒေါ်သည် ၁၆–၆–၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမ

ဒေါ်အုံးမြင့်(ခ)တာပုတု

တကက/စရ(ငြိမ်း)
အသက်(၇၀)

ရန်ကုန်မြို့၊ တိုက်အမှတ် ၁၊ အခန်း ၀၀၂၊ ၁၆/၂ ရပ်ကွက်၊ သီရိဂုဏ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးဘိုးရွှေ–ဒေါ်ကြော့)တို့၏သမီး၊ ဦးတင်ရွှေ(ရဲအုပ်၊ ငြိမ်း)တို့၏ဇနီး၊ ဒေါ်တင်မြင့်၊ ဦးသန်းမောင်တို့၏ညီမ၊ ဦးသန်းလွင်–ဒေါ်အုံးသွင်တို့၏အစ်မ၊ ကိုလှစိုး–မသိမ့်သိမ့်မျိုးတို့၏ မိခင်၊ မသွန်းသစ်သစ်စိုး(ခ) ဖူးဖူး၏ အဘွားသည် ၁၆–၆–၂၀၀၃ ရက် (တနင်္လာနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စမ်းစမ်းမြင့်

(စာရင်းစစ်မှူး)
စာရင်းစစ်ချုပ်ရုံး(ခွဲ–၄)
(MPPE)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊တာမွေကြီး(က–ဂ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊အမှတ် ၁၀၃၊တိုက် ၂၊ အခန်း ၆ နေ ဦးမောင်ကို–ဒေါ်မြသန်းတို့၏ သမီးကြီး၊ ဦးဘိုးသူ၀–ဒေါ်လှလှကြွေ (အလက–၁၁၊ တာမွေ)၊ ဒေါ်ချစ်ချစ်ဝင်း၊ ဦးရဲနိုင်–ဒေါ်ရွှေရှုယဉ် (အမက–၂၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်တင်တင်အေး (အမက–၁၅၊ တာမွေ)၊ ဦးဝင်းဖေ– ဒေါ်စန်းစန်းတင့် (အမက–၇၊ ဆိပ်ကြီး ခနောင်တို)၊ (ဦးအောင်မျိုးထွန်း) – ဒေါ်ချိုချိုဝေ (အမက–၈၊ တာမွေ)၊ ဦးအောင်သိန်းထွန်း(ခေတ္တ–မလေးရှား)–ဒေါ်နန်းသီတာအောင် (ခေတ္တမလေးရှား)တို့၏ အစ်မကြီး၊ တူ တူမ လေးယောက်တို့၏ ကြီးကြီး ဒေါ်စမ်းစမ်းမြင့်သည် ၁၆–၆–၂၀၀၃ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
ဒါယိကာမကြီး

လင်ကျော်လျန်(ခ)ဒေါ်သိန်းရင်

(ဝါးခယ်မ)
အသက်(၉၅)နှစ်

မော်လမြိုင်မြို့နေ (ဦးလင်ယု–ဒေါ်ကြူ)တို့၏သမီး၊ ဝါးခယ်မမြို့၊ စာရေးကုန်းရပ်ကွက်၊ မြူရုံးလမ်း၊ အိမ်အမှတ် ၂၃၆ နေ (တန်စူဟိုး)၏ဇနီး၊ တန်ကော့ဘိန်း(ခ)ဦးထွန်းရွှေ–ဒေါ်မြင့်မြင့်စိန်၊ ဒေါ်နီ၊ ဒေါ်ဖြူ၊ တန်ကော့စိန်(ခ) ဦးလှသန်း–ဒေါ်တင်တင်ညွန့်၊ ဒေါ်စန်းစန်းနွယ်(တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ပင်လုံတက္ကသိုလ်)တို့၏ မိခင်၊ မောင်သန်းထွန်းအောင်၊ မောင်နေစိုးဦး၊ မသီသီအောင်၊ မောင်ဝင်းထွန်း၊ မနီနီလင်း၊ မောင်အောင်မျိုး၊ မသီတာအောင်၊ မောင်မြတ်မင်းတို့၏အဘွားသည် ၁၅–၆–၂၀၀၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဝါးခယ်မမြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ဝါးခယ်မမြို့သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတိုးအောင် (စန္ဒရား)

ပြည်ထောင်စုဘဏ်၊
လ/ထကြီးကြပ်ရေးမှူး(ငြိမ်း)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဦးအုန်းခင် (မော်ကွန်းထိန်း၊ ငြိမ်း၊ တပ်မတော် မော်ကွန်းတိုက်)–သခင်မကြီး(ဒေါ်စောရှင်)(ဥက္ကဋ္ဌ ဝိပဿနာအဖွဲ့ချုပ်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၄၊ အခန်း ၁၁ နေ ဒေါ်မြမြအေး(ခ)ဒေါ်ဝင်း၏ခင်ပွန်း၊ (မောင်ကျော်ဘုန်းမြင့်)၊ မခိုင်နန္ဒာ (Konica ချောစုဓာတ်ပုံ)၊ ဦးပေါ်ဦး–ဒေါ်ဝင်းဝင်းစော(Vision Lab)တို့၏ဖခင်၊ မဝင်းရတနာဦး၊မထက်ထက်လှိုင်တို့၏အဘိုးသည် ၁၅–၆–၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမျိုးမင်း(ခ)ဦးကာနီသွင်

လဝကမှူး(ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၆ ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် ၅၅၇နေ(ဦးအုန်းသွင်–ဒေါ်မာတီ)တို့၏သားကြီး၊ (ဒေါ်သန်းရီ)၊ ဒေါ်ချိုချို၏ခင်ပွန်း၊ ဒေါ်နီနီမာ–(ဦးနိုင်ဇော်ဦး)၊ ဦးမျိုးဦး–ဒေါ်သင်းသင်းနွယ်၊ ဦးမျိုးသီဟ–ဒေါ်သီတာမြင့်၊ ဒေါ်ဖြူဖြူမာ–ဦးခင်မောင်လှ၊ဒေါ်မိုးမိုးမာ–ဦးလွင်နိုင်၊ ကိုမင်းသိန်း၊ မကလျာမင်း–ကိုသန့်ဇင်ကြူ၊ မောင်ကျော်မင်းထွန်း၊ မောင်အောင်ကျော်ထက်၊ မသရဖီမျိုးမင်း၊ မအင်ကြင်းမျိုးမင်း၊ မခတ္တာမျိုးမင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၅–၆–၂၀၀၃ရက် ည ၈း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စမ်းစမ်းမြင့်

(စာရင်းစစ်မှူး)
စာရင်းစစ်ချုပ်ရုံး(ခွဲ–၄)
(MPPE)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်၊ မြလမ်း၊ အမှတ် ၂၄ နေ ဦးစောလှိုင် (မင်္ဂလာတောင်ညွန့်မြို့နယ် လျှပ်စစ်)၏ဇနီး၊ ကိုမျိုးခိုင်–မဇင်လင်းထက် (ဆက်သွယ်ရေး၊ ငွေစာရင်းဌာန)၊ ဒုအရာခံဗိုလ်မောင်မောင်လင်း–မနွယ်နီမောင် (စာရင်းစစ် MFTB)တို့၏မိခင်၊ မြေး သုံးယောက်တို့၏အဘွား ဒေါ်စမ်းစမ်းမြင့်သည် ၁၆–၆–၂၀၀၃ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း။ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

မြန်မာလူငယ်များ မိုးဦးလေဦး၌ ဂိုးမြူးခြေမြူး ပရိသတ်ကြီးက မိုးထဲလေထဲ၌တစ်ခဲနက်အားပေး ဗီယက်နမ်ကိုထပ်မံအနိုင်ယူပြီး ဗိုလ်လုပွဲတက်လှမ်း

ရန်ကုန် ဇွန် ၁၆

ပထမအကြိမ် အာဆီယံအသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ မြန်မာလူငယ်အသင်းနှင့် ဗီယက်နမ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာလူငယ်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။

မြန်မာလူငယ်အသင်းသည် ထိုင်းလူငယ်အသင်းကို ပြတ်ပြတ်သားသားအနိုင်ယူပြီး အကြိုဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်၍ မြန်မာပရိသတ်များ၏ပါးစပ်ဖျားတွင် အထူး ရေပန်းစားနေရာ ယနေ့ပွဲစဉ်တွင်လည်း ပရိသတ်များ တစ်ခဲနက်လာရောက်အားပေးခဲ့ကြသဖြင့် သုဝဏ္ဏဘောလုံးကွင်း ပွဲကြည့်စင်လေးဘက်လေးတန် ခြေချစရာမရှိအောင် ပြည့်သွားသည်။ ယနေ့ပွဲစဉ်တွင်လည်း ပရိသတ်အားပေးရကျိုးနပ်အောင် မြန်မာလူငယ်အသင်းက ရဲရဲရင့်ရင့် ဖွံ့ဖွံ့ကြွားကြွား ယှဉ်ပြိုင်ကစားခဲ့ရာ ပရိသတ်များ ဝမ်းသာပီတိကိုယ်စီဖြင့် အိမ်ပြန်နိုင်ခဲ့ကြသည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ●

နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်မြန်မာလူငယ်ဘောလုံးသမားများ မြန်မာနိုင်ငံတော်အလံကို သယ်ဆောင်ဖော့ယမ်းကာ တစ်ခဲနက် လာရောက် အားပေးကြသော ပရိသတ်ကြီးကို နှုတ်ဆက်အောင်ပွဲခံစဉ်။ (မြန်မာ့အလင်း)

ဗိုလ်လုပွဲတက်ရောက်သွားသော မြန်မာလူငယ်အသင်းမှ ပထမ ၁၁ ယောက်ကို ဗီယက်နမ်နှင့်ပွဲမစမီ တွေ့ရစဉ်။ (ဝဲမှယာ–ရှေ့တန်း–အောင်ဇော်မျိုး၊ ဟန်ဝင်းအောင်၊ ထွန်းထွန်းလင်း၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊ နောက်တန်း–ကျော်ဇင်ဝင်း၊ ဇော်ထက်အောင်၊ ကျော်ဇေယျာမင်း၊ ထွန်းမင်းဦး၊ မာလ၊ ထွန်းထွန်းဝင်း) (မြန်မာ့အလင်း)

အုပ်စု(က)ရပ်တည်မှုအနေအထား

လာအို	၀ – ၃	ထိုင်း		မြန်မာ	၈ – ၀	လာအို
စင်ကာပူ	၁ – ၁	မြန်မာ		ထိုင်း	၂ – ၅	မြန်မာ
ထိုင်း	၁ – ၂	စင်ကာပူ		လာအို	၁ – ၃	စင်ကာပူ

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	မြန်မာ	၃	၂	၁	၀	၁၄	၃	၇
၂	စင်ကာပူ	၃	၂	၁	၀	၆	၃	၇
၃	ထိုင်း	၃	၁	၀	၂	၆	၇	၃
၄	လာအို	၃	၀	၀	၃	၁	၁၄	၀

အုပ်စု(ခ)ရပ်တည်မှုအနေအထား

ကမ္ဘောဒီးယား	၀ – ၃	အင်ဒိုနီးရှား		မလေးရှား	၃ = ၁	အင်ဒိုနီးရှား
ဗီယက်နမ်	၁ – ၂	မလေးရှား		ဗီယက်နမ်	၅ – ၀	ကမ္ဘောဒီးယား
ဖိလစ်ပိုင်	၁ = ၆	ဗီယက်နမ်		အင်ဒိုနီးရှား	၀ – ၃	ဗီယက်နမ်
မလေးရှား	၃ – ၀	ကမ္ဘောဒီးယား		ဖိလစ်ပိုင်	၀ – ၆	မလေးရှား
အင်ဒိုနီးရှား	၁ – ၀	ဖိလစ်ပိုင်		ကမ္ဘောဒီးယား	၃ – ၀	ဖိလစ်ပိုင်

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	မလေးရှား	၄	၄	၀	၀	၁၄	၂	၁၂
၂	ဗီယက်နမ်	၄	၃	၀	၁	၁၅	၃	၉
၃	အင်ဒိုနီးရှား	၄	၂	၀	၂	၅	၆	၆
၄	ကမ္ဘောဒီးယား	၄	၁	၀	၃	၃	၁၁	၃
၅	ဖိလစ်ပိုင်	၄	၀	၀	၄	၁	၁၆	၀

အကြိုဗိုလ်လုပွဲများ

မြန်မာ ၂ – ၀ ဗီယက်နမ်

မလေးရှား ၂ – ၀ စင်ကာပူ

SARS ရောဂါ ကြိုတင်ကာကွယ်ရေး

- ❋ မြန်မာနိုင်ငံတွင် SARS ရောဂါ ဖြစ်ပွားခြင်းမရှိပါ။
- ❋ ပြည်ပမှ ကူးစက်လာခြင်းမရှိအောင်လည်း ကြိုတင် ကာကွယ်ဆောင်ရွက်မှုများ ပြုလုပ်နေသည်။
- ❋ ပြည်သူများက ပါပူးပေါင်း ကူညီဆောင်ရွက်ကြပါ။

အာဆီယံအသက်(၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲ ကြိုတင်လက်မှတ်များရောင်းချမည်

ရန်ကုန် ဇွန် ၁၆

ဇွန် ၁၈ ရက်တွင် အသက်(၁၈)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ တတိယလုပွဲကို ညနေ ၃ နာရီတွင်လည်းကောင်း၊ ဗိုလ်လုပွဲကို ညနေ ၅ နာရီခွဲတွင်လည်းကောင်း ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ကြိုတင်လက်မှတ်များကို ဇွန် ၁၇ ရက်နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ရှိ အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်း၊ စလင်းကွင်း၊ သိမ်ဖြူတင်းနစ်ကွင်းနှင့် ကျိုက္ကဆံအားကစားသိပ္ပံတို့၌ ရောင်းချပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့် ဇွန် ၁၈ ရက် နံနက် ၉ နာရီမှ ပွဲစချိန်အထိ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းဆုံ၊ လေးထောင့်ကန်လမ်းနှင့် အရှေ့မြင်းပြိုင်ကွင်းလမ်းဆုံ၊ ပြည်သာယာလမ်းနှင့် ဝေဇယန္တာလမ်းဆုံ၊ ဇဝနလမ်းဆုံတို့၌ ကြိုတင်လက်မှတ်များရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလူငယ်အသင်း ဗိုလ်လုပွဲတက်ရန် သေချာသွားစေသော ဒုတိယဂိုးကို သွင်းယူပေးသည့် ဘိုဘိုအောင် အောင်ပွဲခံမှုနှင့် ပရိသတ်၏ တစ်ခဲနက် အောင်ပွဲခံမှုကို တွေ့ရစဉ်။ (မြန်မာ့အလင်း)